AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

Book.36(668-684)

မြင့်မြတ်သောဟန်အင်ပါယာ နှင့်

အဆုံးအဖြတ်တိုက်ပွဲ

...ဇေဇေ

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၆၉ - လိုက်လံတိုက်ခိုက်ခြင်း

သို့သော် ယန်ယဲ့ သည် အပြင်ဖက်တွင်
ဖြစ်ပျက်နေသည့်အခြေအနေများကို မသိခဲ့ပေ။

ဤအခိုက်တွင် လန်ယွင် သည်
သူမ၏မျက်လုံးများတွင် စိတ်လှုပ်ရှားမှုကို

လုံးဝဖုံးကွယ်ထားခြင်းမရှိဘဲ
စူးရှသောအပြုံးကို ထုတ်ဖော်လိုက်သည်။

"လူသားကောရာဇ်၊ ယန်ယဲ့ သေသွားပြီလား"
လော့ကျန်း ၏ဘေးနားမှာ ရပ်နေသည့်
ကျိုးကျန်းဖေး ကစိတ်လှုပ်ရှားစွာနဲ့
ပြောလိုက်သည်။

ယန်ယဲ့ သာ အမှန်တကယ် သေဆုံးသွားလျှင်
၎င်းတို့ အတွက်
အကောင်းဆုံးအရာတစ်ခုပင်မဟုတ်သလော။

ထိုအချိန်တွင် မြင့်မြတ်သောဟန်အင်ပါယာ က လူသားကမ္ဘာတစ်ခုလုံးအား သေချာပေါက် အမြန်ဆုံး ပေါင်းစည်းနိုင်မည်ဖြစ်သည်။

အချိန်များ ကုန်ဆုံးလာသည့်နောက် ယန်ယဲ့ ရှိနေသောနေရာမှ မည့်သည့်လှုပ်ရှားမှုပင် မရှိခဲ့ပေ။

ဤအခြေအနေကြောင့် ရှေးဟောင်းဒိုမိန်းမြို့မှ ကျင့်ကြံသူတိုင်း ၏နှလုံးသားများအားလုံး ပို၍ လေးလံလာခဲ့ကြလေသည်။

အချိန်တွေကုန်လွန်လာတာနဲ့အမျ
ရှေးဟောင်းဒိုမိန်းမြို့တော်မှာ
အရင်းအနှီးလုပ်သူတွေရဲ့နှလုံးသားတွေဟာ
ပိုပို၍ လေးလံလာသည်။

ရုတ်တရက် သူတို့ရှေ့မှာ ဓားတစ်ချောင်းက
ရုတ်တရက် ပြန်လှုပ်လာသည်ကို
သတိထားမိလိုက်ကြ၏...။

ရှောင်ယုရှိ နှင့် လူတိုင်းလည်း ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ချက်ချင်းပင် ဖျော့တော့သွားပါတော့သည်။

တစ်ဖက်တွင် လော့ကျန်း ဟာ သူ့ကိုယ်သူ မထိန်းထားတော့ဘဲ ကျယ်လောင်စွာ ရယ်မောကာ “ဟား.ဟား.ဟား! ယန်ယွဲ့....ယန်ယွဲ့! ဒီလိုကံကြမ္မာကို ခံရမယ်လို့ ငါတောင် မတွေးမိလိုက်ဘူး။ ကောင်းပြီ! စစ်တပ်ကို ချက်ချင်း ချီတက်လာဖို့ အမိန့်ပေးလိုက်တော့။"

လော့ကျန်း သည်
စိတ်လွတ်ကိုယ်လွတ်ရယ်မောနေကာ
သူ့ရယ်သံတွင်လည်း
မောက်မာမှုနှင့်ပြည့်နေလေသည်။

ထို့အပြင် သူ့ရယ်သံက
ဆန်းကြယ်ချီစွမ်းအင်ဖြင့်
ပေါင်းစပ်ထားသောကြောင့်
ရှေးဟောင်းဒိုမိန်းမြို့တစ်ခုလုံး
ပဲ့တင်ထပ်သွား၏။

လော့ကျန်း သည် စိတ်ကူးယဉ်ဆန်လွန်းသော လူတစ်ယောက် ပင်။

သူသည် လူသားကမ္ဘာတစ်ခုလုံးအား ပေါင်းစည်းလိုသော်လည်း ၎င်းသည် သူ၏အဓိကပန်းတိုင်မဟုတ်ပေ။

သူ၏အဓိကရည်ရွယ်ချက်မှာ တိုက်ကြီးတစ်ခုလုံးကို ပေါင်းစည်းရန်ဖြစ်သည်။ ထို့နောက် တိုက်ကြီးတစ်ခုလုံး၏ ကံကြမ္မာစွမ်းအားကို အသုံးပြုကာ သူတော်စင်အင်ပါယာ ဖြစ်လာရန် ရည်ရွယ်ထား၏။

သူတော်စင်အဆင့် ကို တက်လှမ်းနိုင်ခဲ့လျှင်
လူသားကောရာဇ် က လူသားကောရာဇ်မဟုတ်ဘဲ
သူတော်စင်အင်ပါယာ ဖြစ်သွားမှာပဲ ဖြစ်သည်။

သို့သော် သူ့လမ်းကြောင်းတွင် ကြီးမားသည့်
အတားအဆီးတစ်ခုရှိနေ၏။
၎င်းအတားအဆီးက ယန်ယွဲ့ ပင်ဖြစ်သည်။

ဤအချိန်တွင် ယန်ယွဲ့ သေဆုံးသွားပြီဖြစ်ရာ
မည်သူက သူ့အား တားဆီးနိုင်ပါမည်လော။

လော့ကျန်း ၏ရယ်မောသံဟာ
ပို၍ကျယ်လာသည်။
ဤအချက်ကိုတွေးမိလိုက်သောအခါ
ပို၍ပင်ကျယ်လောင်စွာပြန့်နှံ့သွား၏။

သိပ်မကြာခင်မှာပဲ ထူးဆန်းသည့်
မြင်ကွင်းတစ်ခုဖြစ်ပေါ်လာပါသည်။

အားလုံး က လော့ကျန်း ကို
သာမန်တိုင်းသာကြည့်နေကြသည်…။

တစ်ဖက်တွင် လန်ယွင်၏ မျက်လုံးများသည် ထိတ်လန့်မှုများ ပြည့်နှက်နေကာ မျက်နှာတစ်ပြင်လုံး ဖြူဖျော့သွားခဲ့သည်။

“လူသားကောရာဇ်….” ကျိုးကျန်းဖေး က လော့ကျန်း ကို တိုးညှင်းစွာ ရယ်မောရင်း အော်ဟစ်လိုက်သည်။

လော့ကျန်း က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ကျန်းဖေး၊ မင်းစစ်တပ်ကို ချက်ချင်း ချီတက်လာဖို့

ငါအမိန့်ပေးခဲ့တာမဟုတ်ဘူးလား။ မင်းဘာလို့မသွားသေးတာလဲ။

ယန်ယဲ့ သေသွားပြီဆိုတော့ ရှေးဟောင်းဒိုမိန်းမြို့ရဲ့အခြေအနေက သေချာပေါက် ပရမ်းကတာဖြစ်နေမှာပဲ။ ဒီအခြေအနေက ငါတို့ အတွက် အကောင်းဆုံးအခွင့်အရေးပဲလေ။

ရှေးဟောင်းဒိုမိန်းမြို့ကို သိမ်းပိုက်ဖို့ စစ်သည် ၃၀၀,၀၀၀ နဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁,၀၀၀ ကို အခုချက်ချင်း အမိန့်ပေးပါ။"

လော့ကျန်း က ပေါ့ပေါ့ပါးပါး
စကားပြောနေရင်း
သူ့လက်အောက်ငယ်သားများထံမှ
ထိတ်လန့်ကြောက်ရွံ့နေမှုကြောင့်
တစ်ခုခုမှားနေသည်ကို သတိပြုမိသွား၏။

တစ်ဆက်တည်း လော့ကျန်း
၏မျက်လုံးများဟာ အနည်းငယ်
မှေးကျဉ်သွားပြီး
နောက်ပြန်လှည့်ကြည့်လိုက်ရာ ရင်းနှီးသည့်
မျက်နှာကို မြင်လိုက်ရသည်။

ဤအချိန်တွင် ဓားဝက်ပါစက်ဝန်းက
ပြန့်ကျဲသွားပြီး ယန်ယဲ့သည်
သူရပ်နေသည့်နေရာနှင့် မလှမ်းမကမ်း၌
ရပ်နေကြောင်း မြင်တွေ့လိုက်၏။

လော့ကျန်း သည် ယန်ယဲ့ ကို
မြင်လိုက်သောအခါ တစ္ဆေတစ်ကောင်အား
တွေ့လိုက်ရသကဲ့သို့ မျက်လုံးများပင်
ပြူးကျယ်သွားပါသည်။

"ဒါဆို မင်းက ငါသေတာကို အတော်လေး မျှော်လင့်နေတာလား?" ယန်ယဲ့ သည် ပြုံးလိုက်ပြီး သူ့လက်ထဲမှ သစ်သားဓားကနေ မရေမတွက်နိုင်သော ဓားချီကြိုးများကို ထွက်ပေါ်လာပြီး လော့ကျန်း နှင့်အဖွဲ့ ဆီသို့ လျင်မြန်စွာ ပစ်လွှတ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ သူ့ပုံရိပ်က တဖျပ်ဖျပ်ခတ်လာပြီး ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်လာသည်။

"လူသားကောရာဇ်၊ ထွက်သွားတော့။ မြန်မြန်ထွက်သွားပါ!" ကျိုးကျန်းဖေး က

အံ့ဩထိတ်လန့်နေရာကနေ သတိဝင်လာပြီး အော်ဟစ်လိုက်သည်။

သူလည်း ယန်ယဲ့ အသက်ရှင်နေသေးကြောင်း မမျှော်လင့်ခဲ့ပေ။

ယခုမူကား အသက်ရှင်နေသည့်အပြင် မြင့်မြတ်နယ်မြေ ၏ထိပ်သီးပါရမီရှင်တစ်ဦးပါ ၎င်း၏လက်ချက်ဖြင့် သေဆုံးသွားပြီဖြစ်သည်။

"သူက ဘယ်လောက်တောင် အစွမ်းထက်နေတာလဲ"

လော့ကျန်း သည် ဤတစ်ကြိမ်တွင်
ချီမြောက်ခြင်းနယ်ပယ်ပညာရှင် ၁၀၀
ကျော်သာ ခေါ်ဆောင်လာခဲ့၏။

ထို့ကြောင့် ကျိုးကျန်းဖေး က လော့ကျန်း
ချက်ချင်းမထွက်ခွာလျှင် သေချာပေါက်
အန္တရာယ်ရှိနိုင်ကြောင်း
ရှင်းရှင်းလင်းလင်းသိနေပါသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ စပြီး
တိုက်ခိုက်လာကြောင်း မြင်လိုက်သည်နှင့်
လော့ကျန်း ကို ချက်ချင်း ထွက်ခွာရန်
တောင်းဆိုလိုက်ခြင်းပင်။

ဆူး!

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀၀ ကျော်က လော့ကျန်း ကို ကာကွယ်ရန် ရှေ့တက်လာပြီး ယန်ယဲ့ ကို တိုက်ခိုက်လိုက်ကြသည်။

သို့သော် ၎င်းတို့က ယန်ယဲ့ ၏ဓားချီကြိုးများ ထိမှန်ပြီး ချက်ချင်းပင် မြေပြင်ပေါ် လဲကျသွားကြသည်။

အားလုံးက အဆင့် ၅ နှင့်အထက်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ဖြစ်နေသည့်တိုင် ယန်ယဲ့ ၏ဓားချီကြိုးများကို
ခုခံနိုင်စွမ်းမရှိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့ သည်
ဓားချီကြိုးများကို အဆင့် ၁၀ ဓားစိတ်ဆန္ဒ နှင့်
ပေါင်းစပ်၍ တိုက်ခိုက်လိုက်သောကြောင့်ပင်။

"လူသားကောင်ရာဇ်! မြန်မြန်ထွက်သွား!”
ကျိုးကျန်းဖေး ဟာ ယန်ယဲ့ ၏ခွန်အား ပို၍

ကြောက်စရာကောင်းလာကြောင်း
သတိပြုမိသဖြင့် အသံတိုးတိုးဖြင့်
ပြောလိုက်ပါသည်။

"ထားခဲ့?" လော့ကျန်း က ခေါင်းခါလိုက်ပြီး
"မင်းတို့အားလုံးကို ငါစွန့်ပစ်ပြီး
ထွက်ပြေးရမှာလား။ ငါ အဲဒါကို မလုပ်နိုင်ဘူး။
ဒါ့ပြင် ငါလော့ကျန်း က သူ့ကို ဘာလို့
ကြောက်နေရမှာလဲ?"

စကားပြောပြီးသည်နှင့် လော့ကျန်း က လူသားကောရာဇ်ဓား ကို ဆွဲထုတ်ကာ အဖြူရောင်အလင်းတန်းတစ်ခုအသွင်ဖြင့် ယန်ယဲ့ ဆီသို့ တိုက်ရိုက် ခုန်ဝင်သွား၏။

"ကျန်တဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေအားလုံး ကို မြန်မြန်တက်လာဖို့ အမိန့်ပေးလိုက်။" ကျိုးကျန်းဖေး က သူ့နောက်မှ စစ်တပ်ကို အမိန့်ပေးလိုက်ရင်း ယန်ယဲ့ ထံသို့ ဦးတည်ခုန်ဝင်သွားလေတော့သည်။

“သောက်အမှိုက်ကောင်တွေ၊
ဘယ်လောက်တောင်အရှက်မဲ့လိုက်သလဲ?
မိန်းမပျိုတင်း! ကျေးဇူးပြုပြီး ယန်ယဲ့ ကို
လက်တစ်ဖက်လောက် ပေးနိုင်အောင်
ဝက်ပါအစီအရင်ကို ရပ်လိုက်ပါ။"

"မိန်းမပျို တင်း! ကျေးဇူးပြုပြီး
ဝက်ပါအစီအရင်ကို ရပ်လိုက်ပါ။
သွေးဆာနေတဲ့ ငါ့ဓားကို ကျေးဇူးပြုပြီး...."

"လော့ကျန်း နဲ့ သူရဲဘောကြောင်တဲ့
အမှိုက်စစ်တပ်ကို ငါတို့ ချေမှုန်းနိုင်ဖို့
ရှေးဟောင်းဒိုမိန်းမြို့ ရဲ့ ဝက်ပါအစီအရင်ကို
ပိတ်ပေးပါ။"

ယန်ယဲ့ သည် လော့ကျန်း
၏စစ်တပ်နှင့်တိုက်ခိုက်လိုက်ကြောင်း
မြင်လိုက်သည်နှင့် ခရမ်းရောင်မင့်ခ်ကလေးက
ခရမ်းရောင်အလင်းတန်းတစ်ခုအသွင်ဖြင့်
မြို့ပြင်သို့ ရောက်သွားလေသည်။

ဤမြင်ကွင်းကြောင့် တင်းရှောက်ယောင် ၏ မျက်ခွံများ လှုပ်ယမ်းသွားကာ မြို့ကို ဖုံးအုပ်ထားသည့် မဟာဝက်ပါအစီအရင်က ၎င်းရှေ့တွင် လုံးဝ အသုံးမဝင်ကြောင်း သတိပြုမိသွားပါသည်။

ကံကောင်းထောက်မစွာဖြင့် ဤခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့ဖက်မှာ ရှိနေ၏။ ထိုသို့မဟုတ်လျှင် သူမနှင့်ပတ်သတ်၍ အတော်လေးခေါင်းကိုက်နေပေလိမ့်မည်။

ရှောင်ယုရှီ သည် တင်းရှောက်ယောင် ကို
စိုက်ကြည့်နေရင်း "Sheerwing" ကို
တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။
တင်းရှောက်ယောင် က သူမကို ပြုံးပြပြီး
"သူမလေးက မဟာဝက်ပါအစီအရင်ကို
ပိတ်လိုက်တာ!"

မဟာဝက်ပါအစီအရင်ကို
ဖယ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက်၊
မြို့ထဲကနေ မရေတွက်နိုင်သော ပညာရှင်များ
ကျယ်လောင်သောအသံဖြင့်
ဟစ်ကြွေးကာပျံထွက်လာကြလေသည်။

"လူသားကေရာဇ်၊ ချက်ချင်းထွက်သွားသင့်ပြီ!"
ကျိုးကျန်းဖေး သည်
လော့ကျန်းအနားသို့ရောက်လာပြီး
ပြောလိုက်သည်။

ရှေးဟောင်းဒိုမိန်းမြို့ထဲကနေ
မရေမတွက်နိုင်သော ပညာရှင်များ
အဆက်မပြတ် ထွက်လာသည်ကို
မြင်သောအခါ လော့ကျန်း ၏မျက်နှာက
တဖြည်းဖြည်းနှင့် သုန်မှုန်လာတော့သည်

"လူတိုင်း! အမြန်ဆုံး ပြန်ဆုတ်ကြ!"

အကယ်၍ သူတို့သည် ယန်ယဲ့ ကိုသာ
တိုက်ခိုက်ရလျှင် ယန်ယဲ့ကို
မသတ်နိုင်သည့်တိုင်
သေချာပေါက်ဖိနှိပ်နိုင်ပေမည်။

သို့သော် ဤအချိန်တွင် ယန်ယဲ့ ဘေးနားမှာ
အကူအညီများ ရောက်ရှိလာသဖြင့်
မည်သည့်အခွင့်အရေးမှ မရှိတော့ပေ။

ထိုစကားပြောပြီးသည်နှင့် လော့ကျန်း သည် နောက်လှည့်ကာ
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်
မိုးကုပ်စက်ဝိုင်းအစွန်သို့
ပျံသန်းသွားခဲ့လေသည်။

...၆၇၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၆၇၀ - စစ်သည် (၁,၀၀၀,၀၀၀) နှင့် ရင်ဆိုင်ခြင်း

"ထွက်သွားဖို့မစဉ်းစားနဲ့!" လော့ကျန်း ထွက်ပြေးရန် ကြိုးစားနေသည်ကို မြင်သောအခါ ယန်ယဲ့က အေးစက်စွာ အော်ဟစ်လိုက်ပြီး သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များကို နဂါးဖိနပ်ထဲသို့ ပို့လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့နောက်ကျောကနေ နဝမငရဲအေးမီးတောက်အတောင်ပံများ ပေါ်လာပြီး ရှေ့သို့ တဟုန်ထိုး ခုန်ထွက်သွား၏။

သို့သော် ဤအချိန်တွင် ကျိုးကျန်းဖေး က ရုတ်တရက် ယန်ယွဲ့ ရှေ့မှာ ပိတ်ရပ်ကာ ပိတ်ဆို့လိုက်ပါသည်။

"ယန်ယွဲ့! မင်း အိပ်မက်ပဲမက်နိုင်တယ်..." ကျိုးကျန်းဖေး က လော့ကျန်း ထွက်ပြေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယန်ယွဲ့ ကို အချိန်ဆွဲလိုက်သည်။

သို့သော် ဤအခိုက်တွင် ပြင်းထန်သောအလင်းတန်းများ သူ့ဆီ သို့

ဝင်လာသည်ကိုသတိပြုမိပြီး
အကြီးအကျယ်ထိတ်လန့်သွားကာ
သူ့လက်ထဲက လှံရှည်ကို ရှေ့သို့
အမြန်ထိုးလိုက်သည်။

အုန်း!

လှံထိပ်ဖျား အလင်းတန်းများနှင့် တိုက်မိပြီး
အလင်းတန်းများအားလုံး
အပိုင်းပိုင်းကွဲသွားသည်။ သို့သော်လည်း ယန်ယဲ့
၏ပုံရိပ်က တဖျပ်ဖျပ်လက်သွားကာ

ကျိုးကျန်းဖေး ၏ မျက်လုံးများ
ပြူးကျယ်သွားပါတော့သည်။

“ဘယ်လောက်တောင် ကြောက်စရာကောင်းလဲ
…” ဤစကားများ ပြောပြီးသည် နှင့်
ကျိုးကျန်းဖေး ၏ခန္ဓာကိုယ်က မြေပြင်ပေါ်
မှောက်လျက်သားလဲကျသွားခဲ့သည်။

ယန်ယွဲ့ သည် သူ့အမြန်နှုန်းက
အလွန်လျင်မြန်သည်ဟု ခံစားမိသော်လည်း
လော့ကျန်း က သူ့ထက်ပင် သာလွန်နေသည်ဟု
လုံးဝမထင်ထားခဲ့ပေ။ ထို့ကြောင့် သူနှင့်

လော့ကျန်း ကြားက အကွာအဝေးကို
အမှန်တကယ်ပင် မပိတ်နိုင်ခဲ့ပေ။

ရုတ်တရက် လော့ကျန်း သည် ကောင်းကင်ယံမှ
အဖြူရောင်စွမ်းအင်များကို သူ့ခန္ဓာကိုယ်ထဲသို့
စုပ်ယူလိုက်သည်။
ထို့နောက် လူသားကေရာဇ်ဓား ကို
လျင်မြန်စွာဆွဲထုတ်ရင်း နောက်ပြန်လှည့်၍
ယန်ယဲ့ ဆီသို့ ခုတ်ပိုင်းလိုက်၏။

ယန်ယဲ့ ၏မျက်လုံးထဲ၌
အေးစက်စက်အလင်းရောင်တစ်ချက်

လင်းလက်သွားပြီးနောက် သစ်သားဓားကနေ တလက်လက်တောက်ပနေသည့် အလင်းတန်းများ ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် အလင်းတန်းများက လော့ကျန်း၏အဖြူရောင်ဓားအလင်းတန်းကြီးဆီသို့ တိုက်ရိုက် တိုးဝင်သွားပါသည်။

အုန်း!

ရောမပေါက်ကွဲသံကြီး ပဲ့တင်ထပ်ကာ
အဖြူရောင်ဓားအလင်းတန်းကြီး
ပေါက်ကွဲထွက်သွား၏။

ထို့နောက်တွင် အလင်းတန်းများက လော့ကျန်း
ဆီသို့ ပြင်းထန်စွာ တိုးဝင်သွားသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ
လော့ကျန်း ၏မျက်ခွံများ လှုပ်ယမ်းသွားပြီး
နောက်လှည့်ကာ မင်းမဲ့စရိုက်သမုဒ္ဒရာဆီသို့
တိုက်ရိုက် ထွက်ပြေးသွားခဲ့သည်။

ယန်ယဲ့ သည် အစောပိုင်းကတိုက်ပွဲကြောင့်
ဒဏ်ရာ၊ ဒဏ်ချက်ပင် မရဘဲ
ပို၍အစွမ်းထက်လာမည်ဟု သူ
မထင်ထားခဲ့ပေ။

ဤအချိန်တွင် သူ နှင့် ယန်ယဲ့သည်
အလွန်ကွာဟနေကြောင်း လုံးဝသိသာနေ၏။
ထို့ကြောင့် သူသည် မြောက်ပိုင်းနယ်မြေ
သို့မဟုတ် တောင်ပိုင်းနယ်မြေကို သိမ်းပိုက်ပြီး
နယ်မြေ ၄ ခု၏ ယုံကြည်ခြင်းစွမ်းအင်ကို
မရခဲ့လျှင် ယန်ယဲ့ကို
အနိုင်ယူနိုင်မည်မဟုတ်ချေ။

လော့ကျန်း က ယန်ယဲ့ ကို သတ်ချင်နေသကဲ့သို့ ယန်ယဲ့ လည်း သတ်ချင်နေပါသည်။

ယန်ယဲ့ အတွက် လူသားကေရာဇ်ဓား ကိုဖိနှိပ်လိုပါက ရှေးဟောင်းဓား ကို ရယူနိုင်မှသာ။

သို့သော် တောင်ပိုင်းနယ်မြေ ရင်ဆိုင်နေရသည့် အန္တရာယ်များကို ဖြေရှင်း၍ မပြီးမချင်း မြင့်မြတ်နယ်မြေသို့ မသွားနိုင်ပေ။

ထို့ကြောင့်ပင် အခွင့်အရေးကို အသုံးချကာ
လော့ကျန်း ကို သတ်နိုင်ရန်
အစွမ်းကုန်ကြိုးစားခဲ့၏။

ကံဆိုးစွာပင် လော့ကျန်း က သူ့ထက်
နိမ့်ကျနေသည့်တိုင် ၎င်း၏ နောက်ခံအင်အားက
အလွန်အားကောင်းလှသည်။

မည်သည့်ကမ္ဘာတွင် နေထိုင်ပါစေ ခွန်အားသည်
အခရာမဟုတ်ချေ။ ကျောထောက်နောက်ခံနှင့်
ပံ့ပိုးမှုကလည်း လုံးဝ အရေးပါပေသည်။

မကြာမီအချိန်အတွင်းမှာပင် လော့ကျန်း သည်
မင်းမဲ့စရိုက်သမုဒ္ဒရာအထက်သို့
ရောက်ရှိသွားပါတော့သည်။

ထို့နောက် မင်းမဲ့စရိုက်သမုဒ္ဒရာတွင်
တပ်ချထားသည့် စစ်တပ်နောက်သို့
ထွက်ပြေးသွားလိုက်၏။

ထိုအချိန်တွင် နောက်ကနေ လိုက်ပါလာသည့်
ယန်ယွဲ့လည်း လေထဲ၌ ရပ်တန့်သွားပြီး
စစ်သည် ၁,၀၀၀,၀၀၀ နှင့်
ရင်ဆိုင်လိုက်ရသည်။

လော့ကျန်း ၏အမူအရာက မှုန်ကုပ်နေပါသည်။

အန္တရာယ်ကနေ လွတ်မြောက်ခဲ့သော်လည်း ယန်ယဲ့ ကိုရှုံးနိမ့်မှုက သူ့အတွက် လုံး၀ အရှက်ရစရာပင်။

ထို့အပြင် သူသည်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀၀ ကျော်ပင် ဆုံးရှုံးခဲ့သည်။

လော့ကျန်း သည် ဤအခြေအနေကို တွေးမိလိုက်သောအခါ တောင်ပိုင်းနယ်မြေ ကို

အပြီးတိုင် ဖျက်ဆီးပစ်မည်ဟု
ကျိန်ဆိုလိုက်သည်။

"လော့ကျန်း! မင်းဒီကထွက်ပြီး
ငါ့ကိုတိုက်ခိုက်ဖို့ သတ္တိမရှိဘူးလား" ယန်ယွဲ့
သည် စစ်တပ်အလယ်တွင် ရပ်နေသော
လော့ကျန်း ကို စိုက်ကြည့်ရင်း လေထဲ၌
ရပ်နေပြီး သူ့အသံကို
ဆန်းကြယ်ချီစွမ်းအင်ထည့်သွင်းကာ
အော်ပြောလိုက်လေသည်။

ထို့ကြောင့် သူ့အသံက ပတ်ဝန်းကျင်ကို ပြန့်နှံ့ကာ လော့ကျန်း နှင့် စစ်သည် ၁,၀၀၀,၀၀၀ ၏နားထဲပဲ့တင်ထပ်သွားသည်။

"ကျူးကဲ!" လော့ကျန်း သည် မှုန်ကုပ်ကုပ်အမူအရာ ဖြင့် အော်ဟစ်လိုက်ရာ အကြံပေးကျူး က သူ့ရှေ့မှာပေါ်လာသည်။

လော့ကျန်း က  "အဲဒီလူတွေကို နိုးထဖို့ ဘယ်လောက်ကြာကြာ စောင့်ရမှာလဲ?"

အကြံပေးကျူး က ပြန်ဖြေသည်။ "အနည်းဆုံး ငါးရက်လောက်။ ငါသူတို့ကို အခုချက်ချင်း တွန်းအားပေးနှိုးဆော်နိုင်ပေမဲ့ အဲဒါက သူတို့ရဲ့ ခွန်အားတွေ ကြီးကြီးမားမား အားနည်းသွားလိမ့်မယ်၊ အဲဒါက တန်ဖိုးရှိမှာမဟုတ်ဘူး။ မင်း ယန်ယဲ့ ကို သတ်ချင်နေတာငါသိပါတယ်။ ဒါပေမဲ့ ငါတို့က သူတို့ကို အခုချက်ချင်း နှိုးလိုက်မယ်ဆိုရင် ယန်ယဲ့ ကိုသတ်ဖို့ သူတို့ရဲ့ခွန်အားတွေက လုံလောက်မှာ မဟုတ်ဘူး !"

"ငါးရက်?" လော့ကျန်း သည် သူ့ဘယ်ဖက်လက်ဖြင့် လူသားကေရာဇ်ဓားကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ရင်း အသက်ပြင်းပြင်းရှူလိုက်သည်။ သူသည် နောက်ထပ်အခိုက်အတန့်ကိုပင် မစောင့်ချင်ပေ။

"လော့ကျန်း! မင်းက အရူးတစ်ယောက်လား" ယန်ယဲ့ ၏အသံသည် လေထဲသို့ တစ်ဖန် ပဲ့တင်ထပ်ကာ "မင်းလိုလူက ကိုယ့်ကိုယ်ကိုယ် လူသားကေရာဇ်လို့ ခေါ်သလား။ ကိုယ့်ကိုကိုယ် ခွေးကေရာဇ် (doggy emperor) လို့ပဲ

ခေါ်သင့်တယ်။ တခြားသူတွေနောက်ကွယ်မှာ
ပုန်းအောင်းပြီး
မင်းရဲ့လက်အောက်ငယ်သားတွေကို
မင်းကိုယ်စား သေအောင်လုပ်ရုံကလွဲလို့
တခြားဘာလုပ်နိုင်မလဲ ပြောကြည့်ပါလား။
ဒါ့အပြင် မင်းတို့ ဗဟိုနယ်မြေ
ရဲ့အင်အားစုတွေက မျက်မမြင်တွေလား။
မင်းတို့အားလုံး ဒီလိုလူ နောက်ကို
တကယ်လိုက်နေတာလား။ သူဘာလုပ်လိုက်လဲ
သိလား? မင်းတို့ လေးစားနေတဲ့
လူသားကောရာဇ်က ကျိုးကျန်းဖေး
နဲ့တခြားလူတွေကို စတေးပြီး

ကိုယ်လွတ်ရုန်းပြေးခဲ့တာ။ အခု
သူတို့အားလုံးသေကုန်ပြီ။
မင်းတို့မျက်လုံးတွေကိုဖွင့်ကြည့်လိုက်၊
ဒါကမင်းတို့ရဲ့လူသားကြောင့် ပဲ!"

ယန်ယဲ့ သည် အသက်ရှူချိန်မဖြုန်းလိုပေ။
သို့သော် တစ်ခါတစ်ရံ စကားလုံးများသည်
ခွန်အားထက် ပို၍ ထိရောက်သည်ဟု
ရုတ်တရက် ခံစားမိလိုက်သည်။

သူက လော့ကျန်း ကို သတ်ရန် မ
ဖြစ်နိုင်တော့သော်လည်း ၎င်းကို သေလုနီးပါး
ဒေါသထွက်အောင်လုပ်နေသည်။

အမှန်ပင် လော့ကျန်း က ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေပြီး ဒေါသပေါက်ကွဲလုနီးပါးဖြစ်နေပါပြီ။

"သတ်!" လော့ကျန်း သည် ဒေါသတကြီး အမိန့်ပေးလိုက်၏။ ထို့နောက် မရေမတွက်နိုင်သော ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ၊ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများ ပါဝင်သည့် စစ်တပ်ကြီးက ယန်ယွဲ့ ဆီသို့ တဟုန်ထိုး ပြေးဝင်လာကြသည်။

"အတိအကျ ငါ အဲဒါကိုစောင့်နေခဲ့တာပဲ!" ယန်ယဲ့ သည် ရယ်မောပြီး သူ့နောက်ကျောမှ အနက်ရောင်သက်စောင့်ဓားကို ဆွဲထုတ်လိုက်၏။

“ချက်ချင်း ပြန်ဆုတ်!” လော့ကျန်း သည် ဤမြင်ကွင်းကိုမြင်သောအခါ ထိတ်လန့်သွားသည်။

လော့ကျန်း သည်
ထိုအနက်ရောင်သက်စောင့်ခြား ၏စွမ်းအားကို
ထိုနေ့က ရှင်းရှင်းလင်းလင်းမြင်တွေ့ခဲ့ရသည်။

၎င်းတွင် ခြား ၁၀၀,၀၀၀ ရှိပြီး ယန်ယဲ့
၏လက်ထဲတွင်ဆိုပါက မည်မျှထိ
ကြောက်စရာကောင်းမည်ကို
မှန်းဆနိုင်ပေသည်။

လော့ကျန်း က ချက်ချင်းပင်
အော်ဟစ်လိုက်သော်လည်း နောက်ကျသွားပြီ
ဖြစ်သည်။

အနက်ရောင်သက်စောင့်ဓားကြီးထဲကနေ
မိုးရွာချသကဲ့သို့ ဓား ၁၀၀,၀၀၀ ပျံထွက်လာပြီး
အချိန်မှီရှောင်တိမ်းနိုင်သည့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
အနည်းငယ်ကလွဲ၍ ကျန် ပညာရှင်အားလုံး
ချက်ချင်းသေဆုံးသွားလေတော့သည်။

...၆၇၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၁ - အစီအစဉ်

တစ်ခဏလေးအတွင်း စစ်သည် ၁၀၀၀ ကျော်

သေဆုံးသွား၏။

သို့ရာတွင် အဆုံးသတ်ဟုတ်ပုံမရသေးပေ။

ထိုအချိန်တွင်

တွမ်!

ကျယ်လောင်သော ဓားမြည်သံ
ထွက်ပေါ်လာပြီးနောက်
အဖြူရောင်ဓားကြိုးမျှင်တစ်ချောင်း
ကောင်းကင် ကနေ ကျဆင်းကာ ယန်ယဲ့
ဆီသို့ပျံသန်းလာလေသည်။

ဤအချိန်တွင် လော့ကျန်း သည်
လူသားကေရာဇ်ဓား ကို တင်းကျပ်စွာ
ဆုပ်ကိုင်ထားရင်း လေထဲသို့ ပျံတက်လာ၏။

လော့ကျန်း
၏တိုက်ခိုက်မှုကိုမြင်လိုက်သောအခါ ယန်ယဲ့

၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားသည်။

ထို့နောက် ချက်ချင်းပင် စိတ်ဆန္ဒတစ်ခုကို
ထုတ်လွှတ်ကာ ပတ်ဝန်းကျင်ရှိ ဓား ၁၀၀,၀၀၀
က လော့ကျန်း ၏အဖြူရောင်ဓားကြိုးနှင့်
ပြင်းထန်စွာဆုံတိုက်ချသွားပါသည်။

ဘုန်း!

သစ်သားဓားနှင့် လူသားကေရာဇ်ဓား က
ပြင်းထန်စွာ တွေ့ဆုံသွားသည့်နောက်

ကြောက်မက်ဖွယ် ဓားချီလှိုင်းများပင် ဖြာထွက်လာသည်။

ဓားချီလှိုင်းများကနေ ထွက်ပေါ်လာသည့် ဖိအားက နှစ်ယောက်လုံးကို ၁ ကီလိုမီတာအကွာထိ နောက်ပြန်လွင့်ထွက်သွားစေသည်။

"ဟားဟား! ယန်ယဲ့! မင်းက ဘယ်လိုတောင်အကျင့်မကောင်းတာလဲ? ဒီလိုပျော်စရာရှိနေတာ... , ငါ့ကို ဘာလို့မခေါ်လိုက်တာလဲ?ဤအခိုက်အတန့်တွင်

မိုးကုပ်စက်ဝိုင်းကနေ
အနီရောင်အလင်းတန်းများ ထိုးဖောက်လာကာ
ပတ်ဝန်းကျင်တွင် အောက်ဟစ်ညည်းတွားသံများ
ချက်ချင်းဆိုသလိုပင် ပွဲတင်ထပ်သွား၏။

တစ်ချိန်တည်းမှာပင်
အဝေးတစ်နေရာကနေခရမ်းရောင်အလင်းတန်း
များ ပျံသန်းလာကာ မကြာခင်မှာပဲ ယန်ယဲ့
ရှေ့မှာ
ခရမ်းရောင်အလင်းလုံးလေးပေါ်လာသည်။
ရုတ်တရက် ခရမ်းရောင်အလင်းတန်းများ
ပြန့်ကျဲသွားကာ အထဲကနေ

ခရမ်းရောင်မင့်ခ်ကလေး
ထိုးထွက်လာလေသည်။

ယန်ယဲ့သည် လော့ကျန်း ၏နောက်မှ
စစ်သည်များ
အကာအကွယ်ဝင်ပါအစီအရင်ကို
တည်ဆောက်ပြီးကြောင်း မြင်တွေ့ပြီးနောက်
ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ
ရပ်တန့်လိုက်သည်။

ဓား ၁၀၀,၀၀၀ က
ကြောက်မက်ဖွယ်ကောင်းသော်လည်း

လော့ကျန်း ၏တပ်မဟာက စစ်သည်
၁,၀၀၀,၀၀၀ ကျော် ပါဝင်နေသည်။
ထို့ကြောင့် ၎င်းတို့သာ အုပ်စုခွဲ၍
တိုက်ခိုက်လာလျှင် ဓား ၁၀၀,၀၀၀ ဖြင့် မည်သို့
ကိုင်တွယ်နိုင်တော့မည်နည်း။

ယန်ယဲ့ သည် စိတ်ဆန္ဒကို ထုတ်လွှတ်၍ ဓား
၁၀၀,၀၀၀ ကို
အနက်ရောင်သက်စောင့်ဓားထဲသို့
ပြန်သိမ်းလိုက်၏။

တစ်ဖက်တွင် လော့ကျန်း ၏မျက်နှာက
သုန်မှုန်နေပြီး အစိပ်ပွါယ်မဲ့နေသောကြောင့်
နောက်တစ်ကြိမ် ထပ်၍
တိုက်ခိုက်ခြင်းမပြုပေ။

ထို့အပြင် ယန်ယွဲ့ သာ ထွက်ပြေးလျှင် ၎င်းကို
လိုက်ဖမ်းမည့်သူက
သူတစ်ယောက်တည်းသာရှိ၏။

ဤအခိုက်တွင် နှစ်စလုံးက
တိုက်ခိုက်ခြင်းမပြုဘဲ မလှုပ်မကမ်းကနေ

တစ်ဦးကိုတစ်ဦး
စူးစူးရဲရဲစိုက်ကြည့်နေကြသည်။

ယန်ယဲ့ သည် လော့ကျန်း အပါအဝင် စစ်သည်
၁,၀၀၀,၀၀၀ ကျော် ကို
အေးစက်စက်ကြည့်လိုက်ပြီး
"ဒီလုပ်ကြံသတ်ဖြတ်မှုဟာ
ပထမဆုံးမဟုတ်သလို
နောက်ဆုံးအကြိမ်လည်း မဟုတ်ဘူး။
ရှေးဟောင်းဒိုမိန်းမြို့နဲ့ ၅၀ ကီလိုမီတာ ထဲကို
လာဝံ့တဲ့သူတိုင်း အသတ်ခံရမယ်။

မယုံရင် စမ်းကြည့်လိုက်။ မင်းတို့ရဲ့ လူသားကေရာဇ် လို့ခေါ်တဲ့ မြင့်မြတ်သောဟန်အင်ပါယာရဲ့ကေရာဇ် လော့ကျန်း ကို ကာကွယ်နိုင်မလားဆိုတာ ကြည့်ရအောင်!"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည် ခရမ်းရောင်မင့်ခ်ကလေးကိုက ပွေ့ချီရင်း နောက်လှည့်၍ အလောင်းကောင်ဘိုးဘေး ကို အချက်ပြကာထွက်ခွာသွားခဲ့သည်။

လောှကျန်း ၏အမှုအရာက

တိတ်ဆိတ်နေလျက်ပင်။ သူ့နောက်မှ

စစ်တပ်တစ်ခုလုံးလည်း

လှုပ်ရှားမှုမရှိလောက်အောင်ကို

တိတ်ဆိတ်နေကြသည်။

အားလုံးက ရှေ့ပြေးတက်လာပြီး ယန်ယွဲ့

ကိုတိုက်ခိုက်ချင်ကြ၏။

သို့သော် ယန်ယွဲ့ကို တိုက်ခိုက်လျှင်

၎င်းတို့၏အသက်ကို

စွန့်လွှတ်လိုက်သည်နှင့်အတူတူပင်ဖြစ်သော

ကြောင့် အားလုံး ရှေ့ဆက်မတိုးရဲခဲ့ပေ။

လူသားကမ္ဘာတစ်ခုလုံးရှိ မည်သည့်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် မဆို
ထိုနတ်ဆိုး ယန်ယဲ့ ကို ယှဉ်နိုင်ခြင်းမရှိပေ။
ထိုသို့ဆိုလျှင် ၎င်းတို့ ၏ လူသားကောရာဇ်
က....?

ဗဟိုနယ်မြေမှ ကျင့်ကြံသူများ
၏စိတ်ဓာတ်အခြေအနေဟာ ယန်ယဲ့
၏ကြောက်မက်ဖွယ်ရာစွမ်းအားကြောင့်
မကြုံစဖူး ကျဆင်းသွားခဲ့ပြီဖြစ်သည်။

ဗဟိုနယ်မြေ
၏အင်အားစုအသီးအသီးပင်မြင့်မြတ်သောဟန်
အင်ပါယာနှင့် မဟာမိတ်အဖြစ်ကနေ
နှုတ်ထွက်ရန် ပြင်ဆင်လာကြသည်။

လော့ကျန်း သည် "အားလုံး!
တပ်ပြန်ဆုတ်ကြမယ်။ မြောက်ပိုင်းနယ်မြေကို
ချီတက်ပြီး အမြန်ဆုံးသိမ်းပိုက်နိုင်အောင်
ကြိုးစားပါ။”

"ဒါက အချိန်အများကြီး
ဖြုန်းတီးသလိုဖြစ်လိမ့်မယ်!" ဤအခိုက်တွင်

လော့ကျန်း ၏ဘေးမှ အဘိုးအို တစ်ဦးက
“ငါတို့ အခု ပြန်ဆုတ်ခွာရင် အချိန်အများကြီး
ဖြုန်းတဲ့အပြင် စစ်သည်တွေလည်း ပိုပြီး
စိတ်ဓာတ်ကျလာနိုင်တယ်။
မင်းရဲ့ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပါ၊
လူသားကောရာဇ်!"

လော့ကျန်း က သူ့ခေါင်းကို ခါယမ်းလိုက်ပြီး
"ငါတို့ ဆက်နေမယ်ဆိုရင် ငါတို့ရဲ့
စစ်သည်တွေအားလုံး စိတ်ဓာတ်တွေ
ပိုကျလာလိမ့်မယ်။

အခုအချိန်မှာ အောင်ပွဲလိုနေတယ်။
အောင်ပွဲတစ်ခုရလိုက်မှသာ
ငါတို့စစ်သည်တွေရဲ့စိတ်ဓာတ်ကို
မြှင့်တင်နိုင်မှာ။

အဲဒီအချိန်ကျရင် ငါက
မြင့်မြတ်သောဟန်အင်ပါယာမှာ သူတို့ရဲ့
ယုံကြည်မှုကို ပြန်ပြီးရနိုင်မယ်။
အရေးအကြီးဆုံးကတော့၊ ဒီမှာနေဖို့က
ငါတို့အတွက် အဓိပ္ပါယ်မရှိတော့ဘူး။

ငါတို့က ရှေးဟောင်းဒိုမိန်းမြို့ကို
အင်အားသုံးပြီး သိမ်းပိုက်နိုင်ပေမဲ့
ပေးဆပ်ရမှာက အရမ်းကြီးမားလွန်းတယ်။

ငါတို့ရဲ့ဆုံးရှုံးမှုက ပြင်းထန်နေရင်
မြောက်ပိုင်းနယ်မြေကို
သိမ်းပိုက်နိုင်ရင်တောင်မှ အနာဂတ်မှာ
နတ်ဆိုးမျိုးနွယ်နဲ့ နတ်ဘုရားသားရဲမျိုးနွယ်ကို
ဘယ်လို တိုက်ခိုက်နိုင်မှာလဲ?"

အဘိုးအို လည်း ခဏတာ ငြိမ်ကျသွားပြီး
သက်ပြင်းကို တိုးတိုးလေးချလိုက်သည်။

၎င်းတို့အားလုံး တောင်ပိုင်းနယ်မြေ
ရောက်လာသည့်အချိန်က အလွန်အမင်း
စိတ်အားတက်ကြွနေခဲ့ခြင်းဖြစ်သည်။

ယခုအချိန်တွင်တော့ ယန်ယဲ့
ထွက်ပေါ်လာသည့်နောက် အခြေအနေက
သိသိသာသာ ပြောင်းလဲသွား၏။

အမှန်တကယ်တွင် လူသားကေရာဇ် က
ပန်းနန်းတော်အတွက် နှင့် ယန်ယဲ့ ကို
မဟာရန်သူဖြစ်သွားစေခြင်းသာ။

မကြာမီတွင် လော့ကျန်း ၏အမိန့်ဖြင့်
တပ်မဟာကြီးတစ်ခုလုံး တောင်ပိုင်းနယ်မြေမှ
ဆုတ်ခွာသွားကြတော့သည်။

သို့သော်လည်း လော့ကျန်း နှင့် အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အများစုက မြောက်ပိုင်းနယ်မြေသို့ လိုက်ပါမသွားခဲ့ကြပေ။

အဘယ်ကြောင့်ဆိုသော် မြောက်ပိုင်းနယ်မြေက စစ်တပ်ကို သူကိုယ်တိုင် ဦးဆောင်ပြီးတိုက်ခိုက်ရလောက်သည်ထိ မဟုတ်ပေ။

ဤအချိန်တွင် သူက ထိုထက်ပို၍ အရေးကြီးသည့်ကိစ္စများလည်းရှိနေသော ကြောင့်ပင်။

လော့ကျန်း ၏တပ်မဟာကြီးတစ်ခုလုံး

တောင်ပိုင်းနယ်မြေမှ ဆုတ်ခွာသွားကြောင်း

သိလိုက်ရသောအခါ

တောင်ပိုင်းနယ်မြေတစ်ခုလုံး

တုန်လှုပ်ခြောက်ခြားသွားခဲ့လေတော့သည်။

ယန်ယဲ့ ၊ တင်းရှောက်ယောင် နှင့်

အခြားသူများလည်း

သက်ပြင်းချလိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် လော့ကျန်း

ပြန်ဆုတ်သွားသည့်နောက် အားလုံးက

တောင်ပိုင်းနယ်မြေအတွက် အစစအရာရာ

ကြိုတင်ပြင်ဆင်ရန်
အချိန်ရလိုက်သောကြောင့်ပါ။

တစ်ဖက်တွင်မူ ယန်ယဲ့ သည် လန်ယွင် ထံမှ
ရခဲ့သော ဓားနည်းစနစ်ကို လေ့ကျင့်ရန်
အချိန်အနည်းငယ်ရသွားသည်။

သို့သော် ယန်ယဲ့ သည် သူ၏အချိန်အများစုကို
စုချင်းရှီ၊ သူ့သမီးငယ်လေး ယန်နင်ရှဲ့၊
ယောင်အာ တို့နှင့်အတူ ကုန်ဆုံးခဲ့သည်။

....၆၇၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၂ - နတ်ဆိုးနယ်မြေသို့

"မင်းငါ့ကို နတ်ဆိုးနယ်မြေကို သွားစေချင်တာလား? ပြီးတော့ နတ်ဘုရားသားရဲ ရွှေနဂါးကလန်ရဲ့ကောင်းကင်လျှပ်စီးရေကန်ဆီလား?" ယန်ယဲ့သည်သူ့အခန်းထဲရှိ နတ်မိစ္ဆာဧကရာဇ်ကို

စိုက်ကြည့်ကာ အံ့အားသင့်စွာဖြင့်
ပြောလိုက်သည်။

နတ်မိစ္ဆာကေရာဇ် သည် မကြာခင်က
ရှေးဟောင်းဒိုမိန်းမြို့သို့ ရောက်လာပြီး ယန်ယဲ့
အား နတ်ဆိုးနယ်မြေ ရှိ
ကောင်းကင်လျှပ်စီးရေကန်သို့
သူနှင့်အတူလိုက်ပါရန်
တောင်းဆိုခဲ့ခြင်းဖြစ်သည်။

နတ်မိစ္ဆာကေရာဇ် က ခေါင်းညိတ်ပြီး
ပြောလိုက်သည်။ "မင်းသာ

သိုင်းကေရာဇ်အဆင့် ကိုတက်လှမ်းဖို့
သာမန်နည်းလမ်းတွေကို သုံးရင်
မဟုတ်သေးဘူး၊ အဲဒါက အဆင့် ၉
သိုင်းကေရာဇ် ဆိုရင်တောင် မင်းကို ၁၀ နှစ်
ဒါမှမဟုတ် အဲ့ထက်ပိုကြာနိုင်တယ်။

ဒါပေမဲ့ မင်းမှာ ဒီလိုအချိန်မရှိဘူးဆိုတာကို
ကောင်းကောင်းသိထားသင့်တယ်။ ဒါကြောင့်
မင်းရဲ့ခွန်အားကို မြှင့်တင်ဖို့ ပုံမှန်မဟုတ်တဲ့
နည်းလမ်းတွေကိုပဲ အသုံးချနိုင်မှာ။"

"ကောင်းကင်လျှပ်စီးရေကန်ဆိုတာ ဘာလဲ?"
ယန်ယဲ့ က သိချင်စိတ်ပြင်းပြစွာ မေးလိုက်၏။

"ဒါဟာ ရွှေနဂါးမျိုးနွယ်စုက သူတို့ရဲ့ရုပ်ခန္ဓာကို သန်မာလာအောင် လေ့ကျင့်တဲ့ နေရာပဲ!"

နတ်မိစ္ဆာကေရာဇ်က “ဒါဟာ ရွှေနဂါးမျိုးနွယ်ရဲ့ ကျင့်ကြံခြင်းမြင့်မြတ်မြေလို့ခေါ်တယ်။ မင်းရဲ့ ရုပ်ခွန်အားကို မြှင့်တင်ပေးပြီး အဲဒီကို သွားခွင့်ပေးချင်တာ ကြာပြီ ။ဒါပေမဲ့ အဲဒီအချိန်တုန်းကဆိုရင် နဂါးအင်ပါယာက လက်ခံမှာမဟုတ်လောက်ဘူး။ အခုတော့ သူက မြင့်မြတ်နယ်မြေ နဲ့ ပူးပေါင်းဖို့ဆုံးဖြတ်လိုက်ပြီဆိုတော့ သဘောတူဖို့ကလွဲပြီး

ရွေးချယ်စရာမရှိဘူးလေ။ သူ ငြင်းရင် ငါတို့က အကြီးအကဲမှု ကို ခဏလောက်ထွက်ပြခိုင်းလိုက်မယ်။ အဲဒီအခါကျ နတ်ဘုရားသားရဲ့ရွှေနဂါးကလန် က ငြင်းဝံ့မှာလား ဆိုတာ ငါတို့ စောင့်ကြည့်ရအောင်။”

"ရွှေနဂါးမျိုးနွယ်က သူတို့ရဲ့ရုပ်ခန္ဓာကို သန်မာလာအောင် လေ့ကျင့်တဲ့ နေရာလား?" ယန်ယဲ့ ၏ မျက်ခုံးများ လှုပ်ယမ်းသွားသည်။

သူကိုယ်တိုင်ပင် ရွှေနဂါးကလန်
၏အကာအကွယ်စွမ်းရည်ကို
ရင်ဆိုင်တွေ့ခဲ့ဖူးသည်မဟုတ်ပါလား။

၎င်းသည် နတ်နဂါးချပ်ဝတ်တန်ဆာ ကို
ထုတ်ဖော်မထားခင်မှာပင်
သူ၏ရုပ်ခန္ဓာခွန်အားမယှဉ်နိုင်ခဲ့ပေ။

သူ၏တိုက်ခိုက်မှုက
၎င်း၏အကာအကွယ်ကိုချိုးဖျက်နိုင်ခဲ့သော်လ
ည်း ရုပ်ခန္ဓာခွန်အား ချင်း နှိုင်းယှဉ်နိုင်သည်ဟု
မဆိုလိုပေ။

"နတ်မိစ္ဆာကေရာဇ်က
နတ်ဘုရားသားရဲ့ရွှေနဂါးကလန် ကို
တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာလား?
ဒီလိုမဟုတ်ရင် သူက ငါ့ကို ရွှေနဂါးကလန်
ရဲ့မြင့်မြတ်မြေကို ဝင်ခိုင်းမှာတဲ့လား?"

နတ်မိစ္ဆာကေရာဇ် က ရုတ်တရတ်ပြောသည်။
"မင်း နတ်နဂါးချပ်ဝတ်တန်ဆာကို
သိတယ်မဟုတ်လား"

ယန်ယဲ့ က ချက်ချင်းပင်
ခေါင်းညိတ်လိုက်သည်။ သူသာ ဓားနယ်မြေ ကို
မထုတ်ဖော်လျှင် ထိုရွှေနဂါးကို
လုံးဝမယုံနိုင်ကြောင်း
ရှင်းရှင်းလင်းလင်းသိထားသောကြောင့်ပင်။

ထိုကဲ့သို့ အကာအကွယ်က
ချီးမြှောက်ခြင်းနယ်ပယ်၌ လုံးဝ
ပြိုင်ဖက်ကင်းသည်။

ခွင်းချက်အနေနှင့် အလောင်းကောင်ဘိုးဘေး
၏ရုပ်ခန္ဓာကဲ့သို့ ထူးခြားသည့် အရာနှင့်တော့
မယှဉ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ နတ်နဂါးချပ်ဝတ်တန်ဆာ က အလွန်ကြောက်စရာကောင်းနေဆဲပါ။

နတ်မိစ္ဆာဧကရာဇ် က ဆက်ပြောလေသည်။

“နဂါးမျိုးနွယ်ရဲ့မြင့်မြတ်တဲ့ နတ်နဂါးချပ်ဝတ်တန်ဆာ ကို အဲဒီနေရာကနေပဲ လေ့ကျင့်ယူရတာလေ။ နဂါးမျိုးနွယ်ဝင်တွေက အဲဒီနေရာမှာရှိတဲ့ စမ်းသပ်မှုတွေကို ကျော်ဖြတ်ပြီး နတ်နဂါးကလန် ရဲ့ ဆုလာဘ်တွေကို ရနိုင်တယ်။

ဒါ့အပြင် နတ်နဂါးချပ်ဝတ်တန်ဆာ က အကောင်းဆုံး ဆုလာဘ်မဟုတ်သေးဘူး။

ဘိုးဘေးနတ်နဂါးချပ်ဝတ် လို့ ခေါ်တဲ့ အဆင့်မြင့်နတ်ဘုရားနည်းစနစ်တစ်ခုရှိသေးတယ်။

အဲဒါက နတ်နဂါးချပ်ဝတ်တန်ဆာ ထက် ပိုပြီးကြောက်စရာကောင်းတယ်။ ဘာလို့လဲဆိုတော့ အဲဒါက နတ်နဂါးကလန် ဘိုးဘေးတွေဆီက ဆုလာဘ်လေ။ ဒါပေမဲ့ နဂါးကေရာဇ် အပါအဝင် နတ်နဂါးကလန်ရဲ့ဘယ်အဖွဲ့ဝင်ကမှ မရခဲ့ဘူး။"

"ဘာကြောင့်လဲ?" ယန်ယွဲ့ က မေးလိုက်၏။

နတ်မိစ္ဆာကေရာဇ်က ခေါင်းခါပြီး “ငါမသိဘူး။
နဂါးအင်ပါယာ က အဖြေကို သိနိုင်တယ်။
အတိုချုပ်ပြောရရင်
ကောင်းကင်လျှပ်စီးရေကန် ကိုသွားတာက
မင်းအတွက် အရမ်းအကျိုးရှိလိမ့်မယ်၊
နတ်နဂါးချုပ်ဝတ်တန်ဆာ ဒါမှမဟုတ်
တခြားဆုလာဘ်တွေကို မရနိုင်ပေမဲ့
မင်းရဲ့ရုပ်ခန္ဓာကို အဲဒီမှာ
အဆင့်မြှင့်တင်နိုင်တယ်။"

ယန်ယဲ့ က ပြန်မပြောခင် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီးမှ "ငါ

နတ်ဆိုးနယ်မြေကို သွားမယ်ဆိုရင် လော့ကျန်း
ဒါမှမဟုတ် မြင့်မြတ်နယ်မြေ က
ရှေးဟောင်းဒိုမိန်းမြို့ကို တိုက်ခိုက်လာခဲ့ရင်
လူတိုင်း ဘယ်လိုလုပ်မလဲ။"
အမှန်အတိုင်းပြောရလျှင် သူသည်
စိတ်ပူစရာမလိုဘဲ ရှေးဟောင်း ဒိုမိန်းမြို့ကနေ
ထွက်ခွာရန် မဖြစ်နိုင်ပေ။

မြင့်မြတ်နယ်မြေ ကို ပို၍ပင် စိုးရိမ်နေ၏။
အဘယ်ကြောင့်ဆိုသော် ကျူးဒန်ဖုန်း နှင့်
တိုက်ပွဲက မြင့်မြတ်နယ်မြေ ၏စွမ်းအားနှင့်

ပတ်သက်၍
လုံးဝသတိပြုမိလိုက်သောကြောင့်ပင်။

သိုင်းကေရာဇ် သို့မဟုတ်
သူတော်စင်တစ်ပိုင်းအဆင့် ကိုအသာထား၊
ကျူးဒန်ဖုန်း ထက် ပို၍အစွမ်းထက်သည့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကိုစေလွှ
တ်ခဲ့မည်ဆိုလျှင်....?"

"မင်းမှားတယ်!" နတ်မိစ္ဆာကေရာဇ် က
လေးနက်သောလေသံဖြင့် “မင်းရဲ့ခွန်အားကို
မမြှင့်နိုင်ရင် ရှေးဟောင်းဒိုမိန်းမြို့က တကယ်

ဒုက္ခရောက်လိမ့်မယ်။ ရှေးဟောင်း
ဒိုမိန်းမြို့တော် အပြင် မင်းနဲ့အတူ
မြင့်မြတ်သောဟန်အင်ပါယာကို ဆန့်ကျင်နေတဲ့
ငါတို့အားလုံးတောင် ဒုက္ခရောက်ကြလိမ့်မယ်။

ဘာကြောင့်လဲ ဆိုတော့ လူတိုင်းက
သိုင်းကျေရာဇ်တွေဝင်မပါရဘူးဆိုတဲ့
စည်းမျဉ်းကို လိုက်နာရမှာမို့လို့ပဲ။ ဒါကြောင့်
မင်းတို့အားလုံးက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေသာ
အဓိကကျသွားပြီ။

ဒီအခြေအနေလိုပဲလေ။
မြင့်မြတ်သောဟန်အင်ပါယာက

တောင်ပိုင်းမယ်နယ်မြေ ထက်
အားကောင်းပေမဲ့ အဲဒီစည်းမျဉ်းကြောင့်
တောင်ပိုင်းနယ်မြေကိုတိုက်ခိုက်ရဲမှာမဟုတ်ဘူး
။

ဒါပေမယ့် လူတိုင်းက ဒီစည်းမျဉ်းကို
ဘယ်လောက်ကြာကြာ လိုက်နာနိုင်မလဲ။
ဟန်အင်ပါယာက ဒီစည်းမျဉ်းကို မလိုက်နာရင်
မြင့်မြတ်သောဟန်အင်ပါယာကို
ရင်ဆိုင်နိုင်မယ်လို့ မင်းထင်လား။"

ယန်ယဲ့ လည်း ခေါင်းယမ်းလိုက်သည်။

အကြီးအကဲမှူ မြင့်မြတ်သောဟန်အင်ပါယာ၏
သိုင်းကျောဇ်များကို ဖိအားပေးခဲ့သည့်
စည်းမျဉ်းကြောင့်သာမဟုတ်လျှင်
တောင်ပိုင်းနယ်မြေသည်
မြင့်မြတ်သောဟန်အင်ပါယာကို
လုံးဝခုခံနိုင်မည်မဟုတ်ပေ။

"ရှေးဟောင်းဒိုမိန်းမြို့အတွက် စိတ်ပူစရာ
မလိုပါဘူး။ သာမာန်လူတွေက
အလောင်းကောင်ဘိုးဘေးကို
လုံးဝမအနိုင်ယူနိုင်မှာမဟုတ်ဘူးလေ။
မြင့်မြတ်နယ်မြေ က သူတို့ရဲ့ပညာရှင်တွေ

ထပ်ပြီးစေလွှတ်ရင်တောင် လွယ်လွယ်နဲ့

တိုက်ခိုက်နိုင်မယ်မထင်ဘူး။

အလောင်းကောင်ဘိုးဘေး ရဲ့ရုပ်ခန္ဓာက

ချီးမြှောက်ခြင်းနယ်ပယ်မှာ

ပြိုင်ဖက်ကင်းဆိုတော့

မြင့်မြတ်သောဟာန်အင်ပါယာက

သိုင်းကေရာဇ်တွေ ပို့ပေးမှပဲရမယ်။

ဒီတော့ သူတို့က အချိန်တော်တော်ကြာတဲ့အထိ

လှုပ်ရှားမှာမဟုတ်ဘူးလို့ ငါထင်တယ်။

မဟုတ်ရင် လော့ကျန်း  က

နောက်ပြန်ဆုတ်သွားမှာ မဟုတ်ဘူး။”

နတ်မိစ္ဆာကောရာဇ် က အဓိကအချက်ကို ထောက်ပြလိုက်ပါသည်။

 ယန်ယွဲ့ သည်လည်း ခေါင်းညိတ်ပြီး "ဒါဆို ငါ့ကို စီစဉ်ခွင့်ပြုပါ။ ပြီးရင် ငါတို့ ချက်ချင်း ထွက်သွားကြမယ်!"

မကြာခင်မှာပဲ ယန်ယွဲ့ ဟာ ရှေးဟောင်းဒိုမိန်းမြို့ အတွက် အရာအားလုံး စီစဉ်ပေးပြီးနောက် ခရမ်းရောင်မင့်ခ်ကလေးကို ခေါ်ကာ နတ်မိစ္ဆာကောရာဇ် နှင့်အတူ နတ်ဆိုးနယ်မြေ သို့ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

အလောင်းကောင်ဘိုးဘေး ကိုမူ ရှေးဟောင်းဒိုမိန်းမြို့ကို ကာကွယ်ရန် ချန်ထားခဲ့၏။

…

ဗဟိုနယ်မြေ။

ပလ္လင်ခန်းမအတွင်း၌ မည်သည့်လူတစ်ယောက်မှမရှိပေ။

“ငါ့ရဲ့မြင့်မြတ်နယ်မြေက ယန်ယဲ့ ကို သတ်ဖို့ အမိန့်ပေးထားတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မြင့်မြတ်သောဟန်အင်ပါယာရဲ့ ရပ်တည်ချက်က ဘယ်လိုလဲ?"

"မသေမချင်း!"

“အဲဒါကြောင့်မို့လို့ ငါ အခုပဲ မြင့်မြတ်နယ်မြေ ကို အကြောင်းကြားလိုက်မယ်။ ငါ့ရဲ့ မြင့်မြတ်နယ်မြေ က သူတော်စင်တစ်ပိုင်းအဆင့်တွေ မလွှတ်နိုင်သေးဘူး။ ဒါပေမဲ့ အချိန်ကျလာရင်

ညီအစ်ကိုလော့ က ငါတို့ကို
လက်တစ်ဖက်ပေးငှားမယ်လို့
မျှော်လင့်ပါတယ်။"

"ဒါပေါ့!"

"အဲဒါဆိုရင် ကောင်းပြီ။ ငါ့ရဲ့မြင့်မြတ်နယ်မြေ
က ပညာရှင်တွေ ရောက်လာပြီးတာနဲ့
သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ပစ်မယ့်
အစီအစဉ် စလိုက်ရအောင်။"

....၆၇၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၃ - ကောင်းကင်လျှပ်စီးရေကန်

နတ်ဆိုးနယ်မြေ။ ကောင်းကင်လျှပ်စီးရေကန်။

ဤအရပ်၊ဤနေရာတွင် ကောင်းကင်သည်
မှောင်မိုက်နေပြီး မိုးကြိုး၊ လျှပ်စီး
တိမ်တိုက်များနှင့် ပြည့်နှက်နေ၏။

ဤနေရာရှိ မြေပြင်သည် ကောင်းကင်ကို
ထိုးဖောက်မတတ် မြင့်မားသော
တောင်ထိပ်များဖြင့် ဖုံးလွှမ်းထားသည်။
ထို့အပြင် ရောမရွှေရောင်နဂါး
မြောက်မြားစွာကလည်း မြင့်မားသော
တောင်ထိပ်များ အထက် လေထုထဲတွင်
ပျံဝဲနေပါသည်။

ယန်ယဲ့ သည် ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါ
အလွန်အံ့အားသင့်သွား၏။
တစ်ချက်ကြည့်လိုက်ရုံဖြင့်

သိုင်းကေရာဇ်အဆင့် ရွှေနဂါး ၁၀
ကောင်နီးပါးကို သတိပြုမိပြီး
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နဂါး
အနည်းဆုံး ၅၀၀ သို့မဟုတ် ၆၀၀ ကျော်
ရှိနေသောကြောင့်ပင်။

ဤ နတ်ဘုရားသားရဲရွှေနဂါးကလန် တစ်ခုလုံး
မြင့်မြတ်နယ်မြေ သို့ ထွက်ခွာသွားမည်ကို
တွေးမိလိုက်ရာ ယန်ယွဲ့ ၏မျက်နှာသည်
အနည်းငယ် မှေးကျဉ်းသွားခဲ့သည်။

အကယ်၍ ဤရွှေနဂါးများ အားလုံး
ချီတက်လာလျှင် တောင်ပိုင်းနယ်မြေကို
အသာထား၊ လောကကျန်း ၏စစ်တပ်ပင်လျှင်
၎င်းတို့ကို ကိုင်တွယ်ရန် ခက်ခဲပေလိမ့်မည်။
အမှန်စင်စစ် ရွှေနဂါးမျိုးနွယ်
၏ရုပ်ခန္ဓာခွန်အားနှင့် အကာအကွယ်က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တိုင်း
ချိုးဖျက်နိုင်သော အရာမဟုတ်ပေ။

ဤအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးသည်
ယန်ယဲ့ ၏ခံစားချက်များကို သိနေသည့်အလား

သူမ၏ခေါင်းသေးသေးလေးဖြင့်
ယန်ယဲ့မျက်နှာကိုပွတ်သပ်လိုက်သည်။

ထို့နောက်
သူမ၏လက်သေးသေးလေးနှစ်ဖက်ကို အဝေးမှ
နဂါးများဆီသို့ယမ်းပြလေသည်။

ထိုအရာမှာ ထိုနဂါးများက
မည်သည့်တည်ရှိမှုမှမဟုတ်ဟု
ပြောဆိုနေခြင်းပင်။

ယန်ယဲ့ နှင့် ခရမ်းရောင်မင့်ခ်ကလေး တို့
မည်မျှရင်းနှီးသည်ကို သတိပြုမိသောအခါ

နတ်မိစ္ဆာကေရာဇ်သည်
သက်ပြင်းတစ်ချက်ချလိုက်၏။

ယန်ယဲ့ တွင် ရန်သူများ
အများအပြားရှိနေသဖြင့် အနာဂတ်
ဘာဆက်ဖြစ်မည်ကို မသိနိုင်ပါ။

ထို့အပြင် ဤယန်ယဲ့ ၏စရိုက်လက္ခဏာသည်
ရက်စက်ကြမ်းကြုတ်ပြီး မည်သို့ လိုက်လျော
ညီထွေဖြစ်အောင် လုပ်ရမည်ကို မသိပေ။

ထိုကဲ့သို့ စရိုက်လက္ခဏာရှိသော လူအများစုက
သက်တမ်းရှည်လျားစွာနေထိုင်ရခြင်းမရှိပါ။

အကယ်၍ ယန်ယဲ့ သာ
ကြောက်မက်ဖွယ်ခွန်အားနှင့်စွမ်းရည်ကို
ပိုင်ဆိုင်မထားလျှင် သူ့အနေဖြင့်
ခရမ်းရောင်မင့်ခ်ကလေးနှင့် ယန်ယဲ့ကို
အတူနေထိုင်ခွင့်ပြုထားမည်မဟုတ်ချေ။

သို့သော်လည်း တစ်ချိန်တည်းတွင်
နတ်မိစ္ဆာကေရာဇ်သည် ယန်ယဲ့ အပေါ်
လေးစားမှုတစ်ခုကို ခံစားလိုက်ရသည်။

ယန်ယဲ့ သည်
အလွန်သစ္စာစောင့်သိသူတစ်ဦးဖြစ်သောကြော
င့်ပင် ၎င်းနှင့် ခရမ်းရောင်မင့်ခ်ကလေးကြားက

ဆက်ဆံရေးကို မကန့်ကွက်ခဲ့သည့်
အဓိကအကြောင်းရင်းဖြစ်သည်။

နတ်မိစ္ဆာကေရာဇ်က သူ့အတွေးကို
ထိန်းချုပ်လိုက်ပြီး "လာ၊
ကောင်းကင်လျှပ်စီးရေကန်ကို သွားရအောင်"
ဟု ပြောလိုက်သည်။

ယန်ယဲ့ သည် ခေါင်းညိတ်ကာ အဝေးကို
တစ်ချက်လှမ်းကြည့်ရင်း
ခရမ်းရောင်မင့်ခ်ကလေးကို သူ့လက်ထဲတွင်
ပွေ့ချီထားလိုက်သည်။

ဝေါင်း!

ထိုအချိန်တွင် မိုးကုပ်စက်ဝိုင်းမှ နဂါးဟိန်းသံ ရုတ်ချည်း ထွက်ပေါ်လာပြီးနောက် ကောင်းကင်ကို ဖုံးလွှမ်းနေသည့် ရောမရွှေရောင်နဂါးကြီး မိုးကုတ်စက်ဝိုင်းတွင် ပေါ်လာသည်။

ထို ရောမရွှေနဂါးကြီးက ၅၀၀ ကီလိုမီတာကျော် ရှည်လျားကာ ကောင်းကင်ကိုပင် ဖုံးလွှမ်းနိုင်သည်ဟုထင်ရ၏။

"နတ်မိစ္ဆာကောရာဇ်၊ မင်းဘာလို့ သူ့ကို
ငါ့နယ်မြေဆီ
ခေါ်လာတာလဲ။"ရောမရွှေနဂါးကြီး ထံကနေ
အေးတိအေးစက်အသံ ထွက်လာသည်။
ထိုအသံလှိုင်း ဖြတ်သန်းသွားတိုင်း
အာကာသဟင်းလင်းပြင် သည်
တစ်စစီပြိုကျသွား၏။

နတ်မိစ္ဆာကောရာဇ် က
အပြောင်းအလဲမရှိသောမျက်နှာထားဖြင့်သာ
ပြောလိုက်သည်။ "နဂါးအင်ပါယာ! ယန်ယဲ့က

မင်းတို့မျိုးနွယ်ရဲ့ ကောင်းကင်လျှပ်စီးရေကန်ကို အသုံးပြုမလို့ရည်ရွယ်ထားတယ်။ မင်းသူ့အတွက် ခွင်းချက်တစ်ခု ပေးနိုင်မယ်လို့ ငါမျှော်လင့်တယ်!”

"ဟာသပဲ!" ရောမရွှေနဂါးကြီး ၏ အသံသည် ကောင်းကင်အနှံ့ ပျံ့လွင့်သွားကာ “ကောင်းကင်လျှပ်စီးရေကန်က ငါတို့မျိုးနွယ်ရဲ့ မြင့်မြတ်မြေလေ။ လူသားတစ်ဦးကို မပြောနဲ့ မင်းရဲ့ လေဟာနယ်မင့်ခ်ကလန် တောင်  အဲဒါကို ထိဖို့ အိပ်မက်မက်နိုင်တယ်။

နတ်မိစ္ဆာကောရာဇ်! ငါတို့မျိုးနွယ်စုတွေက
တစ်ဖက်တည်းမှာမရှိပေမဲ့
ငါ့ရဲ့ရွှေနဂါးကလန်က မင်းနဲ့ရန်ငြိုးဖွဲ့ဖို့
ဆန္ဒမရှိဘူး။ အဲဒီလူသားကို မင်းနဲ့အတူ
ပြန်ခေါ်သွားလိုက်!"

ယန်ယဲ့ က ရုတ်တရက် ဝင်ပြောလိုက်သည်။
"ငါထွက်မသွားဘူးဆိုရင် ဘာဖြစ်မလဲ?"

"ဘယ်လောက်ရဲတင်းလဲ!" နဂါးအင်ပါယာ ၏
အသံသည် မိုးခြိမ်းသံကဲ့သို့ ကောင်းကင်ယံကို
တဟုန်ထိုး တုန်ခါသွားကာ "လူသား! မင်းမှာ

သူတော်စင်တစ်ပိုင်းအဆင့်
ဆရာတစ်ယောက်ရှိနေလို့
ငါ့ရဲ့နှတ်ဘုရားသားရဲ့ရွှေနဂါးကလန် က
ကြောက်နေတယ်လို့မထင်နဲ့။"

"သူက မကြောက်ဘူး၊
ထွက်လည်းမသွားဘူးတဲ့။ ဒါဆို
မင်းဘာဆက်လုပ်မှာလဲ?" ဤအခိုက်တွင်
အသက်အရွယ်ကြီးရင့်သောအသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ရှေ့တွင်
အကြီးအကဲမူ  ရုတ်တရက်ပေါ်လာသည်။

"သူတော်စင်တစ်ပိုင်းအဆင့်!" နဂါးအင်ပါယာ ၏ အသံသည် ကြောက်ရွံ့နေသည့် အရိပ်အယောင်များ သယ်ဆောင်လာပြီးနောက် ရှောမရှေနဂါးကြီးကနေ လူသားအသွင်ပြောင်းလဲကာ ယန်ယွဲ့ ၏အဖွဲ့ရှေ့ မလှမ်းမကမ်းတွင် ပေါ်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့် က သူ ရင်ဆိုင်နိုင်သည့် တည်ရှိမှုမဟုတ်ချေ။

နဂါးအင်ပါယာ ၏အမူအရာသည် ဆိုးဆိုးရွားရွား ဖြစ်နေလေသည်။

"အကြီးအကဲ၊ ငါတို့နတ်ဆိုးမျိုးနွယ်မှာလည်း သူတော်စင်တစ်ပိုင်းအဆင့် ရှိတယ်!" နဂါးအင်ပါယာ က နှိမ့်ချသော အသံဖြင့်ပြောလိုက်သည်။

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား" အကြီးအကဲမှူး က အေးစက်စက်အသံဖြင့် ပြောရင်း နဂါးအင်ပါယာ ကို စူးစူးရဲရဲ ကြည့်လိုက်သည်။

ထိုအကြည့်က နဂါးအင်ပါယာ ကို
နှလုံးသားတစ်ခုလုံး အကြီးအကျယ်
တုန်လှုပ်သွားစေ၏။

မည်သို့ပင်ဖြစ်စေ သူဟာ အဆင့် ၉
သိုင်းကျောဇ် ဖြစ်သည့်တိုင်
သူတော်စင်တစ်ပိုင်းအဆင့် နှင့်
ယှဉ်နိုင်သည်မဟုတ်ပေ။

သိုင်းကျောဇ်အဆင့် နှင့်
သူတော်စင်တစ်ပိုင်းအဆင့် ကြားရှိ
ကွာဟချက်က အလွန်ပင် ကြီးမားလှ၏။

ထို့အပြင် ဆေဘာစားဂိုဏ်း
၏တည်ထောင်သူဘိုးဘေး
တစ်ယောက်သာလျှင် သိုင်းကျေရာဇ်အဆင့်
ဖြင့် သူတော်စင်တစ်ပိုင်းအဆင့် ကို
ရင်ဆိုင်နိုင်ခဲ့သည်။

ထို့ကြောင့် သူ့ကိုယ်သူ အနှောင်အဖွဲ့ကင်းမဲ့သူ
နှင့် နှိုင်းယှဉ်နိုင်သည်ဟု မထင်ပေ။
အနှောင်အဖွဲ့ကင်းမဲ့သူ က
လူသားပညာရှင်တစ်ဦးသာဖြစ်၏။

သို့ရာတွင် ၎င်းကို နတ်ဆိုးနယ်မြေတစ်ခုလုံးနှင့် မြင့်မြတ်နယ်မြေပင်လျှင် အလွန်အမင်းကြောက်ရွံ့ခဲ့ရသည်။

အကြီးအကဲမူ က "မင်းရဲ့နတ်ဆိုးမျိုးနွယ်မှာ သူတော်စင်တစ်ပိုင်းအဆင့် ရှိတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ အဲဒီလူအိုကြီးက မင်းရဲ့နဂါးမျိုးနွယ်က မဟုတ်ဘူး။ ဒီတော့ သူငါ့ကို သေတဲ့အထိ တိုက်ခိုက်မယ်လို့ မင်းထင်နေတာလား။

ငါက မင်းတို့နဂါးကလန်ကို ဖိအားမပေးချင်ပါဘူး။ ဒါပေမဲ့ ငါ့တပည့်ကို

သူ့ကိုယ်သူ ကာကွယ်နိုင်လောက်အောင် သန်မာစေဖို့အတွက် မဖြစ်မနေဖိအားပေးရမှာပဲ။"

"အကြီးအကဲ၊ မင်းနည်းနည်းလွန်လွန်းသွားပြီလို့မထင်ဘူးလား !" နဂါးအင်ပါယာ က လေးလံသောအသံဖြင့် ပြောလိုက်သည်။

အကြီးအကဲမူ က ခေါင်းခါလိုက်သည် “ငါက ကမ္ဘာနဲ့ ခပ်ဝေးဝေးနေပေမယ့် ဒီကလေးနဲ့ အတော်လေး ကောင်းမွန်တဲ့ဆက်ဆံရေးရှိသလို သူ့ကိုလည်း ချစ်ခင်မှုရှိတယ်။

ငါနဲ့ဝေးကွာသွားရင် သူ့ကိုယ်သူ
မကာကွယ်နိုင်တာမျိုး မဖြစ်စေချင်ဘူး။

မင်းတို့ နဂါးကလန် ရဲ့
ကောင်းကင်လျှပ်စီးရေကန် ကို သုံးပြီး
သူ့ကိုယ်သူ ကာကွယ်ဖို့
လုံလောက်အောင်သန်မာလာစေချင်တယ်။

ပြီးတော့ လိုအပ်ရင် မင်းရဲ့သွေးအဆီအနှစ် ကို
ယူဖို့တောင်
ငါတွန့်ဆုတ်နေမှာမဟုတ်ဘူး။နားလည်လား?"

...၆၇၄

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၄ - ခရမ်းတိမ်လျှပ်စီးကြောင်း တုန်ခါလာခြင်း

နဂါးအင်ပါယာ ၏ မျက်လုံးများက သိသိသာသာ ကျဉ်းမြောင်းလာသည်။

သို့သော် ဒေါသကြောင့်မဟုတ်ပေ၊ သူ့နှလုံးသားထဲက ထွက်ပေါ်လာသည့် ကြောက်ရွံ့မှုကြောင့်ပင်။

အမှန်ပင်၊ ဤအဘိုးအိုသာ နဂါးကလန် ကို တိုက်ခိုက်လျှင် သူ၏နဂါးမျိုးနွယ်က တစ်ခဏလေးအတွင်း နတ်ဆိုးနယ်မြေကနေ ပျောက်ကွယ်သွားမည်ကို သိနေပါသည်။

နတ်ဆိုးမျိုးနွယ်တွင် သူတော်စင်တစ်ပိုင်းအဆင့် ရှိသော်လည်း အကြီးအကဲမူ ပြောသည့်အတိုင်း ၎င်းက ရွှေနဂါးကလန် ၏သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်ချေ။

ထို့အတွက် ထိုသူတော်စင်တစ်ပိုင်းအဆင့်က မည်သည့်အကြောင်းကြောင့် အကြီးအကဲမှူ နှင့် တိုက်ခိုက်ပါမည်နည်း။

ဤအချက်ကို စဉ်းစားမိလိုက်သောအခါ နဂါးအင်ပါယာ သည် သူ့စိတ်ထဲတွင် ဒေါသနှင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို အပြင်းအထန် မျိုသိပ်လိုက်သည်။ ထို့နောက် ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ကာ "အကြီးအကဲ က အဲဒါကို သုံးချင်နေတာဆိုတော့ ဆက်လုပ်ပါ။ ဒါပေမဲ့ ကောင်းကင်လျှပ်စီးရေကန်မှာ အားကောင်းတဲ့ ကောင်းကင်လျှပ်စီးတွေနဲ့

မရေမတွက်နိုင်တဲ့ အန္တရာယ်တွေပါရှိနေလို့
ကြိုပြီးသတိပေးထားပါရစေ။

တကယ်လို့ စီနီယာ ရဲ့တပည့်က ရေကန်ထဲမှာ
တစ်ခုခုဖြစ်သွားခဲ့ရင် ငါ့ရွှေနဂါးကလန်က
ကြိုပြီးသတိပေးတာလို့ အပြစ်မတင်ပါနဲ့။"

ယန်ယွဲ့ သည် ထိုစကားကိုကြားသောအခါ
ခေါင်းယမ်းကာ ပြုံးလိုက်မိသည်။

အကြောင်းမှာ နဂါးအင်ပါယာ က
သူ၏ကန့်သက်ချက်ကို သိရှိမထားပေ။

နဂါးအင်ပါယာ

၏သဘောတူညီချက်ကိုကြားသောအခါ

အကြီးအကဲမှူ သည် ပေါ့ပေါ့တန်တန်

ခေါင်းညိတ်ပြကာ ယန်ယဲ့ အား လှည့်ကြည့်ရင်း

"ကလေး! ကောင်းကောင်းလေ့ကျင့်ပါ။

စိတ်မပူပါနဲ့၊ တစ်ယောက်ယောက်က

လှည့်စားပြီး မင်းကိုသေအောင်လုပ်ရင်

အဲဒီလူရဲ့မျိုးနွယ်စုတစ်ခုလုံးကို မင်းနဲ့အတူ

ငါမြှုပ်နှံပေးလိုက်မယ်။"

အကြီးအကဲမှူ ထံမှ

သတ်ဖြတ်ချင်စိတ်အပြည့်အသံကြောင့်

နဂါးအင်ပါယာ ၏ မျက်ခွံများလည်း
အဆက်မပြတ် လှုပ်ယမ်းသွားသည် ။

ယန်ယဲ့ သည် နဂါးအင်ပါယာ ကို စိုက်ကြည့်ကာ
ခေါင်းညိတ်လိုက်ပြီး "စိတ်မပူပါနဲ့။ အကြီးအကဲ
နဂါးအင်ပါယာ ဒီကိုရောက်နေတာလေ။ ဒါဆို
ဘယ်သူက ငါ့ကို လုပ်ကြံနိုင်မလဲ။
ဟုတ်တယ်မဟုတ်လား အကြီးအကဲ
နဂါးအင်ပါယာ?"

နဂါးအင်ပါယာ သည် ယန်ယဲ့ ကို
တစ်ချက်ပင်မကြည့်ဘဲ
ပြတ်ပြတ်သားသားပြောလိုက်၏။

"ကောင်းကင်လျှပ်စီးရေကန် က
အန္တရာယ်တွေနဲ့ပြည့်နေတယ်။ မင်းက
လူသားခန္ဓာကိုယ်ကိုပဲ ပိုင်ဆိုင်ထားတာ။
ရေကန်ထဲ ရောက်သွားတာနဲ့ မင်း ဘယ်သူ့ကိုမှ
အပြစ်တင်စရာ မလိုဘူး။”

“အကြီးအကဲ၊ မင်းအဲဒါကို စိတ်ပူစရာမလိုဘူး!”
ယန်ယဲ့ က နဂါးအင်ပါယာ ၏စကားကို
လစ်လျူရှုကာ  ပြုံးလိုက်သည်။

အကြီးအကဲမှု လည်း ပြုံးပြပြီး
ခေါင်းညိတ်ပြကာ ချက်ချင်းဆိုသလိုပင်
ပျောက်ကွယ်သွားသည်။

“ငါပြောစရာရှိတဲ့ကိစ္စပြောပြီးပြီ။ မင်း
နဂါးအင်ပါယာ နဲ့လိုက်သွားလိုက်။ အခု
မင်းအတွက် ခက်ခဲတဲ့အရာတွေကို
လုပ်မှာမဟုတ်ဘူး!" နတ်မိစ္ဆာကောရာဇ်
သည်လည်း နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

အကြီးအကဲမှူး နှင့် နတ်မိစ္ဆာကောရာဇ်

ထွက်သွားပြီးနောက် နဂါးအင်ပါယာ က

အေးစက်စက်နှာခေါင်းရှုံ့ကာ "ငါ့နောက်ကို

လိုက်ခဲ့ လူသား!" ထိုစကားပြောပြီးသည်နှင့်

အဝေးဆီသို့ ပျံသန်းသွားပါတော့သည်။

ယန်ယဲ့ သည် ခရမ်းရောင်မင့်ခ်ကလေးကို

ပွတ်သပ်လိုက်ရင်း

အလင်းတန်းတစ်ခုအသွင်ပြောင်းလဲကာ

နဂါးအင်ပါယာ ၏နောက်သို့

လိုက်ပါသွားခဲ့သည်။

မကြာခင်မှာပဲ ယန်ယဲ့ဟာ
နတ်ဘုရားသားရဲ့နဂါးမျိုးနွယ် ၏
ကောင်းကင်လျှပ်စီးရေကန် ဟုခေါ်သည့်
ကျင့်ကြံခြင်းမြင့်မြတ်မြေကို
ရောက်ရှိလာခဲ့ပါသည်။

ဤအချိန်တွင် ယန်ယဲ့ သည် သူ့ခန္ဓာကိုယ်ထဲမှ
ခရမ်းတိမ်လျှပ်စီးကြောင်း ပြင်းပြင်းထန်ထန်
တုန်ခါသွားသည်ကို သတိပြုမိကာ အနည်းငယ်
မျက်မှောင်ကြုတ်သွား၏။

သူ့ရှေ့တွင် အဆုံးမသတ်နိုင်သော
အကွာအဝေးနှင့် နတ်လျှပ်စီးများကြောင်းများ
တဖျပ်ဖျပ်လက်နေသည့် ရောမရေကန်ကြီး ကို
မြင်တွေ့လိုက်ရသည်။

ထို့အပြင် ရေကန် ၏ပတ်ပတ်လည်နှင့်
အထက်တွင်လည်း ကြောက်မက်ဖွယ်ရာ
နတ်လျှပ်စီးများဖြင့်ပြည့်နှက်နေ၏။

ရေကန်အထက် ကောင်းကင်သည်
တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းနေပြီး
ထိုမှတစ်ဆင့် ရေကန်ထဲသို့

မရေမတွက်နိုင်သော လျှပ်စီးကြောင်းများ
အဆက်မပြတ် ကျဆင်းနေပါသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်
ရေကန်အတွင်း ကူးခတ်နေသည့်
ရွှေရောင်အလင်းတန်း အနည်းငယ်ကို ဖျတ်ခနဲ
သတိပြုမိလိုက်ပြီး
စူးစိုက်ကြည့်လိုက်သောအခါ ရွှေနဂါးများ
ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

"သူတို့ရဲ့ခန္ဓာကိုယ်ကို
ကောင်းကင်လျှပ်စီးတွေနဲ့

သန့်စင်နေတာလား?" ယန်ယဲ့ သည် ခဏကြာ
လေးလေးနက်နက် စဉ်းစားပြီးနောက်
ခရမ်းတိမ်လျှပ်စီးကြောင်း ကို
စိုက်ကြည့်လိုက်မိသည်။

ခရမ်းတိမ်လျှပ်စီးကြောင်း က
သဘာဝလွန်ရတနာတစ်ခုဖြစ်ပြီး
ဆန်းကြယ်ရှေးချီကန် ကလွဲ၍ မည်သည့်
သက်ရှိသတ္တဝါကိုမှ မကြောက်ရွံ့ခဲ့ပေ။

သို့သော် ကောင်းကင်လျှပ်စီးရေကန် ထဲတွင် ကြောက်စရာကောင်းသည့်အရာတစ်ခုရှိနေသကဲ့သို့ အဆက်မပြတ် တုန်ခါနေ၏။

ထိုသို့မဟုတ်လျှင် ခရမ်းတိမ်လျှပ်စီးကြောင်းထက် သာလွန်သည့် သဘာဝလွန်ရတနာတစ်ခုရှိနေခြင်းဖြစ်နိုင်ပါမည်လော။

ယန်ယဲ့ သည် သူ့ရှေ့မှ ကောင်းကင်လျှပ်စီးရေကန် ကို စူးစိုက်ကြည့်နေရင်း အတွေးမျိုးစုံဖြင့် ဖြတ်သန်းနေပါသည်။

"ကောင်းကင်လှျပ်စီးရေကန်မှာ အားလုံးပေါင်း
အဆင့် ၉ ဆင့် ရှိတယ်။ မင်း
ဆက်ပြီးတိုးဝင်သွားလေလေ
နတ်လှျပ်စီးကြောင်းက
ပိုပြီးအားကောင်းလာလေလေပဲ။

ဟုတ်တယ်။

တစ်ခုရှိတာ....
ရလာမဲ့အကျိုးကျေးဇူးတွေလည်း
ပိုကောင်းလာမယ်။

မင်း ဆက်သွားမဲ့ အဆင့် က
မင်းရဲ့ကိုယ်ပိုင်စွမ်းရည်အပေါ် မူတည်တယ်။

ကောင်းပြီ၊

မင်းကိုဒီအကြောင်းသတိမပေးလို့ဆိုပြီး ငါ့ကိုအပြစ်မတင်ပါနဲ့။ မင်းက အဆင့် ၆ ကို ရောက်ရင် နတ်နဂါးချပ်ဝတ်တန်ဆာ ရနိုင်ပေမဲ့ လူသားတစ်ဦးဖြစ်နေတော့ ကိုယ့်ကိုယ်ကိုသတ်သေတာနဲ့ဘာမှမကွာဘူး။" နဂါးအင်ပါယာ က မထူးခြားသောလေသံဖြင့် ပြောလိုက်သည်။

ယန်ယဲ့ က နဂါးအင်ပါယာ ကို တစ်ချက်ကြည့်လိုက်ပြီး "နဂါးအင်ပါယာ! ငါ့ကို နှိုးဆော်ဖို့ ဒီလိုနည်းလမ်းတွေကို

ဘာလို့သုံးတာလဲ။ တကယ်တော့၊ ငါနဲ့
မင်းရဲ့နဂါးမျိုးနွယ်ကြားမှာ နက်နဲတဲ့ရန်ငြိုးတွေ
မရှိဘူးမဟုတ်လား။

ဒါဆို ငါတို့နှစ်ယောက်လုံး
ဒီလောက်ကြောက်စရာကောင်းတဲ့
ရန်သူတွေလို ဖြစ်အောင် ဘာလို့လုပ်တာလဲ။
အဲဒါ ငါတို့နှစ်ယောက်လုံးအတွက်
အကျိုးမရှိဘူးမဟုတ်လား”

"မတူညီတဲ့လမ်းကို လျှောက်နေတဲ့သူတွေက
ဘယ်လိုမှ သဘောထားမတိုက်ဆိုင်နိုင်ဘူး။"

နဂါးအင်ပါယာ က  "မင်းရဲ့အသက်ရှုချိန်ကို ဖြုန်းတီးနေစရာ မလိုပါဘူး။ ဆင်းသွားလိုက်!"

ယန်ယဲ့သည် ပခုံးတွန့်လိုက်ပြီး ဆင်းရန် ပြင်လိုက်စဉ် နဂါးအင်ပါယာ က ရုတ်တရက်ပြောလာသည်။
"အဲဒီလေဟာနယ်မင့်ခ် ကို မင်းနဲ့အတူ ခေါ်မသွားနဲ့!"

ခရမ်းရောင်မင့်ခ်ကလေးသည် ချက်ချင်းပင် နဂါးအင်ပါယာ ကို ဒေါသတကြီး စိုက်ကြည့်ရင်း

လက်သေးသေးလေးနှစ်ဖက်ကနေ

ခရမ်းရောင်အလင်းများ တောက်ပလာသည်။

ဤအရာကို မြင်သောအခါ နဂါးအင်ပါယာ

၏ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး

“လေဟာနယ်မင့်ခ်တွေရဲ့ ခန္ဓာကိုယ်က

မသန်မာဘူး။ သူမက ရေကန်ထဲမှာရှိတဲ့

ကောင်းကင်နတ်လျှပ်စီးတွေကို လုံးဝ

ခုခံနိုင်မှာမဟုတ်ဘူး။ နားလည်လား?"

ယန်ယွဲ့ သည် ခရမ်းရောင်မင့်ခ်ကလေး ၏

ခေါင်းကို ပွတ်သပ်ပြီး "သတိပေးလို့

ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့မှာ

ကိုယ်ပိုင်နည်းလမ်းတွေ ရှိတယ်" ဟု ပြောကာ သူမလေးကိုပွေ့ချီရင်း ကောင်းကင်လျှပ်စီးရေကန် ထဲသို့ ခုန်ဆင်းသွားသည်။

ယန်ယွဲ့ ကောင်းကင်လျှပ်စီးရေကန် ထဲသို့ ခုန်ဆင်းသွားပြီးနောက် နဂါးအင်ပါယာ ရှေ့တွင် လူလတ်ပိုင်းအဘိုးအိုတစ်ယောက် ပေါ်လာသည်။

"သူက ဓားအင်ပါယာ ယန်ယွဲ့ လား? သူက ငါ့သားကို သတ်ခဲ့တာလား?"

လူလတ်ပိုင်းအရွယ်က အသံနက်ကြီးဖြင့် ပြောလိုက်သည်။

၎င်း၏အကြည့်များတွင် မှုန်ကုပ်ကုပ်နှင့် သတ်ပစ်ချင်စိတ်မဖားး တဟုန်ထိုး ထွက်ပေါ်လာသည်။

နဂါးအင်ပါယာ က ခေါင်းညိတ်ပြပြီး "မင်းလက်စားချေချင်တာကို ငါသိတယ်။ ငါလည်း ဒီလိုပဲ လိုချင်တယ်။ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့နတ်ဘုရားသားရဲရွှေနဂါးကလန် ဟာ ဘယ်တုန်းက ဒီလိုအရှက်ခွဲတာခံရလို့လဲ။

ဒါပေမဲ့ မင်း သူ့ကို လုံးဝမတိုက်ခိုက်မိဖို့ ငါသတိပေးထားချင်တယ်။ မဟုတ်ရင် ဘယ်သူမှ မင်းကို ကယ်နိုင်မှာ မဟုတ်ဘူး။”

"စိတ်ချပါ။ ဒီလူအိုကြီးက အရာအရာကို ဒေါသတကြီး မလုပ်ပါဘူး!"
လူလတ်ပိုင်းအရွယ်က နဂါးအင်ပါယာ ကို ဦးညွှတ်၍ ပြောလိုက်သည်။

နဂါးအင်ပါယာ က ခေါင်းညိတ်ပြီး ဆက်ပြောလိုက်သည်။ "ငါက မြင့်မြတ်နယ်မြေနဲ့ ဆက်သွယ်ပြီး အဲဒီ

သူတော်စင်တစ်ပိုင်းအဆင့် ကို ချေမှုန်းဖို့ အကြံအစည်တစ်ခု လုပ်ထားပြီးပြီ။ ဒါကြောင့် မကြာခင်မှာ မင်း သူ့ကိုသတ်ပြီး လက်စားချေနိုင်မှာပါ။

ဟမ့်။ အဲဒီအချိန်မှာ နတ်မိစ္ဆာဧကရာဇ် က ငါတို့ရဲ့နတ်ဆိုးမျိုးနွယ် ကို ဘယ်လိုဆက်ပြီး အုပ်ချုပ်နိုင်ဦးမလဲဆိုတာ ကြည့်ရအောင်။

အခုဆို နှစ်ပေါင်း ၁၀,၀၀၀ လောက်ရှိပြီ။ နတ်ဆိုးမျိုးနွယ်မှာ ခေါင်းဆောင်အသစ်တစ်ယောက်ရှိဖို့ အချိန်တန်ပြီ!"

လူလတ်ပိုင်းအဘိုးအို၏ မျက်လုံးများတွင် ဝမ်းသာနေသည့် အရိပ်အယောင်များ ပေါ်လာသည်။

ထို့နောက် "မြင့်မြတ်နယ်မြေ က ဆုံးဖြတ်လိုက်ပြီလား?”

နဂါးအင်ပါယာ က ခေါင်းညိတ်၍ ပြောလိုက်၏။ "ယန်ယဲ့ က မြင့်မြတ်နယ်မြေ ရဲ့လူငယ်မျိုးဆက်မှာ အဆင့် ၁၀ ဖြစ်တဲ့ ကျူးဒန်ဖုန်း ကို သတ်ပစ်လိုက်တယ်။ ဒါက မြင့်မြတ်နယ်မြေ ကို သိသိသာသာ ခြိမ်းခြောက်လိုက်တာနဲ့ အတူတူပဲ။

ဘာကြောင့်လဲဆိုတော့ မြင့်မြတ်နယ်မြေ က တိုက်ကြီးမှာ ဒုတိယမြောက် အနှောင်အဖွဲ့ကင်းမဲ့သူ ပေါ်မလာစေချင်ဘူး။ ဒါဆို ယန်ယွဲ့ နဲ့ သူ့ရဲ့ဆရာ သူတော်စင်တစ်ပိုင်းအဆင့် က ပြီးသွားပြီလေ။”

လူလတ်ပိုင်းအရွယ်က ရုတ်တရက် “ငါတို့ ရွှေနဂါးမျိုးနွယ်က အစီအစဉ်မှာ ပါဝင်မှာလား” ဟု မေးလိုက်ပါသည်။

နဂါးအင်ပါယာ က ငြင်းဆန်ခြင်းမပြုဘဲ ခေါင်းညိတ်လိုက်၏။

...၆၇၅

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၅ - အဆင့် ၈

ဝေါင်း!

မရေမတွက်နိုင်သော ရွှေနဂါးများ ရုတ်ချည်းပင် စိတ်လှုပ်ရှားစွာဖြင့် ဟိန်းလိုက်ကြသည်။

"ဟားဟား! ကောင်းကင်က ငါတို့ရဲ့ ရွှေနဂါးမျိုးနွယ်ကို တကယ် သဘောကျတာပဲ။ နှစ်... နှစ် ၁၀,၀၀၀ ကြာပြီးတဲ့နောက်မှာ ငါတို့မျိုးနွယ်ရဲ့ တစ်စုံတစ်ယောက်က နောက်ဆုံးတော့ အဆင့် ၇ ကို ဆင်းနိုင်ခဲ့ပြီ။ ဟားဟား!"

"ဘယ်သူလဲ? ဘယ်သူလဲ? ငါတို့ မျိုးနွယ်စုမှာ ဒီလို ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင် ဘယ်အချိန်က ပေါ်လာလိုက်တာလဲ?ဟားဟား! နဂါးအင်ပါယာ က ဤအခြေအနေကို မြင်တွေ့ပြီးနောက် အနည်းငယ် မျက်နှာပျက်သွား သည်။

ဤကဲ့သို့ ကြီးကျယ်ခမ်းနားသည့် ပါရမီရှင်က သူ၏ နဂါးမျိုးနွယ်တွင် ထွက်ပေါ်လာလိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။ သို့တည်းမဟုတ် ထိုလူသာ ဖြစ်နေခဲ့လျှင်.....

"ဟားဟား! နောက်ဆုံးတော့ ငါတို့မျိုးနွယ်စုဟာ နတ်ဆိုးနယ်မြေမှာ အုပ်ချုပ်သူ အဆင့်အတန်းကို သိမ်းပိုက်ဖို့ အခွင့်အရေးရှိနေပြီ…”

နဂါးအင်ပါယာ၊ လူလတ်ပိုင်းအရွယ် နှင့် လုံလင်း တို့ သုံးဦးလည်း ပတ်ဝန်းကျင်မှ ထွက်လာသော အသံများကို နားထောင်ရင်း အလွန်လွန်ဆိုးရွားသည့် အမူအရာများ ရှိနေလေသည်။

"အဲဒီလူဖြစ်နိုင်ပါ့မလား"

လူလတ်ပိုင်းအရွယ်က “အဲဒီလူက လူသားပဲလေ။ အဆင့် ၆ ကို ဆင်းနိုင်တာတောင် တကယ်တမ်းပြောရင် သူ့အတွက် ကန့်သတ်ချက်ဖြစ်နေပြီ။ သူက အဆင့် ၇ ကို ဘယ်လိုဆင်းနိုင်မှာလဲ?"

နဂါးအင်ပါယာ က ခေါင်းခါလိုက်ပြီး "ဒါက တခြားသူဆိုရင် မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ယန်ယဲ့ ဆိုရင် တကယ်ဖြစ်နိုင်တယ်။ စဉ်းစားကြည့်ပါ၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀,၀၀၀ ထဲမှာ တိုက်ကြီးရဲ့ သမိုင်းတစ်လျှောက်လုံး သူ့ထက် သာတဲ့

သဘာဝစွမ်းရည်ကို
ပိုင်ဆိုင်ထားတဲ့သူတစ်ဦးဦးများရှိသလား။

မရှိဘူး! ဆေဘာဓားဂိုဏ်း
တည်ထောင်သူဘိုးဘေးရဲ့
ပင်ကိုယ်စွမ်းရည်ကတောင် သူ့ထက်
နိမ့်ကျနေတယ်။ ဒါ့အပြင် သူ့ရုပ်ခန္ဓာက
အရမ်းထူးတန်းတယ်။
ကောင်းကင်လျှပ်စီးရေကန် က သူ့ကို
လုံးဝရပ်တန့်နိုင်မှာမဟုတ်ဘူး!”

"သူ အသက်ရှင်နေရင် ငါတို့ရွှေနဂါးမျိုးနွယ်က
သေချာပေါက် ကပ်ဘေးကျလိမ့်မယ်။"

လူလတ်ပိုင်းအရွယ်က အသံတိုးတိုးဖြင့် ပြောသည်။

“သူသေရမယ်….

…

အဆင့် ၆ တွင် …

ယန်ယဲ့ သည် သူ့ခန္ဓာကိုယ်ကို အပူလှိုင်းများနှင့်ထိန်းထားရင်း လျှပ်စီးတိုင်များက သူ့ခန္ဓာကိုယ်ကို

အဆက်မပြတ် ထိမှန်နေသော်လည်း
အတော်လေး အားပျော့နေသေးသည်ကို
သတိပြုမိလိုက်သည်။

ထို့အပြင် အဆင့် ၆ က
သူ့အကန့်အသတ်မဟုတ်ကြောင်း ခံစားမိပြီး
အဆင့် ၇ သို့ ဆက်၍ ဆင်းရန်
ဆုံးဖြတ်လိုက်ပါသည်။

အဆင့် ၇ သည် လျှပ်စီးကြောင်းများနှင့်
ပြည့်နှက်နေသည့် အဆင့် ၆ နှင့် လုံးဝမတူပေ။

ဤနေရာတွင်  လက်မအရွယ်
လျှပ်စီးလုံးများဖြင့် ဖုံးအုပ်ထားပြီး အဆင့် ၇
ရေိယာတစ်ခုလုံး အပြည့်ပါ။

ယန်ယဲ့ သည် အဆင့် ၇ သို့
ရောက်လာပြီးနောက် သူ့ရှေ့တွင်မြင်နေရသည့်
လျှပ်စီးလုံးများကို ကြည့်ပြီး အနည်းငယ်
တုန်လှုပ်သွား၏။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့ထဲမှ
ထွက်ပေါ်နေသည့် စွမ်းအင်က အလွန်ပင်
ကြောက်စရာကောင်းသည်ကို
အာရုံခံမိသောကြောင့်ပင်။

"ဒါက ဘယ်လိုကမ္ဘာမျိုးလဲ?" ယန်ယဲ့သည် အဆုံးမသတ်နိုင်သော မြင်ကွင်းအပြည့် လျှပ်စီးအလင်းလုံးများကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်သည်။

အဆင့် ၆ တွင် သူ၏ခန္ဓာကိုယ်ကို အမှန်တကယ်အသုံးပြုနိုင်သော်လည်း အဆင့် ၇ နေရာသည် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ခန္ဓာကိုယ် သန့်စင်ရန် လေ့ကျင့်နိုင်သည်မဟုတ်ပေ။

ထို့ကြောင့် ဖြစ်နိုင်သည်မှာ ဤနေရာတွင် သိုင်းကေရာဇ် များကသာ လေ့ကျင့်နိုင်ပေသည်။

ယန်ယဲ့ သည် ခဏကြာ လေးလေးနက်နက် စဉ်းစားပြီးနောက် သူ့ ဓားစိတ်ဆန္ဒ ကို တဖြည်းဖြည်းချင်း ထိန်းချုပ်ကာ နေရာမှာပင် ရပ်ပြီး လျှပ်စီးအလင်းလုံးများကို သူ့ခန္ဓာကိုယ်ပေါ် ထိမှန်စေလိုက်သည်။

အချိန်များတဖြည်းဖြည်းနှင့်ကုန်ဆုံးသွား၏။

ယန်ယဲ့ ၏ခန္ဓာကိုယ်တစ်ခုလုံး
လျှပ်စီးအလင်းလုံးများစွာပြည့်နှက်နေပြီး
နတ်လျှပ်စီးချပ်ဝတ် ကို
ဝတ်ဆင်ထားသည်ဟုထင်ရလေသည်။

လျှပ်စီးအလင်းလုံးများဖြင့် သူ့ခန္ဓာကိုယ်ကို
အဆက်မပြတ် သန့်စင်နေပြီးနောက် ယန်ယဲ့
၏ခန္ဓာကိုယ်အပေါ်ယံအလွှာက တဖြည်းဖြည်း
အသွင်ပြောင်းလာခဲ့ပါသည်။

ဤမြင်ကွင်းကြောင့် ယန်ယဲ့ ဟာ
အတော်လေးဝမ်းသာအားရဖြစ်သွား၏။

အကြောင်းအရင်းမှာ
မူလခရမ်းရောင်ချိစွမ်းအင်ဖြင့် သူ့ခန္ဓာကိုယ် ကို
ပြန်လည်တည်ဆောက်ထားသည်ဖြစ်ရာ
သူ၏ရုပ်ခန္ဓာခွန်အား ကို မြှင့်တင်ရန်
အလွန်ခက်ခဲပါသည်။

သို့သော် လျှပ်စီးအလင်းလုံးများကို
ထိန်းချုပ်နေရင်း သူ၏ဓားစိတ်ဆန္ဒ က
ထူးဆန်းစွာပင် အသွင်ပြောင်းသွားသည်ကို
သတိပြုမိကာ အံ့အားသင့်သွားခဲ့သည်။

"ဒီလျှပ်စီးအလင်းလုံးတွေက ငါ့ခြားစိတ်ဆန္ဒကို တကယ်သက်ရောက်စေနိုင်တာလား။ ဒါတွေက ဘယ်လိုအရာတွေလဲ။" ယန်ယဲ့ သည် ဝမ်းသာနေရာမှ လျှပ်စီးအလင်းလုံးများ၏ဆန်းကြယ်မှုကိုသတိပြုမိပြီး ထိတ်လန့်သွားမိသည်။

ခဏအကြာတွင် ခေါင်းယမ်းလိုက်ပြီး ထိုအရာအားလုံးကို တွေးမနေတော့ဘဲ လျှပ်စီးအလင်းလုံးများကို ဆက်၍ ဆွဲယူကာ သူ့ခန္ဓာကိုယ်ကို ထပ်မံ လေ့ကျင့်လိုက်ပါသည်။

ဤအခိုက်တွင် ကောင်းကင်လျှပ်စီးရောင်၏အပြင်ဖက်....။

စောင့်ကြည့်နေသော နဂါးမျိုးနွယ်ဝင်များ ၎င်းတို့ရှေ့တွင် အဆင့် ၇ ရေယာဉ်က ပြင်းထန်စွာတုန်လှုပ်နေသည်ကို မြင်လိုက်ရလေသည်။

သို့သော် ယန်ယဲ့ သည် မသိလိုက်ပေ။

ကောင်းကင်လျှပ်စီးရေကန် အထက်ရှိ တိမ်ညို၊ တိမ်မည်းများကနေ လျှပ်စီးကြောင်းများ အဆက်မပြတ်ကျဆင်းနေပါသည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိ နဂါးများအားလုံး အံ့သြသွားကြသည်။

"နဂါးအင်ပါယာ၊ အဲဒီ့လူ ဘာလုပ်နေတာလဲ" လူလတ်ပိုင်းအဘိုးအိုက “ငါတို့ သူ့ကို အဲဒီကနေ နှင်ထုတ်လိုက်ရင် ကောင်းမလား” ဟု အသံတိုးတိုးနှင့်အပြောလိုက်ပါသည်။

နဂါးအင်ပါယာ က ခေါင်းမယမ်းမီ ခဏတာ လေးလေးနက်နက် စဉ်းစားနေ၏။ သူသည်လည်း ယန်ယဲ့ ကို ထိုနေရာမှ ဆွဲထုတ်ချင်နေပါသည်။ သို့သော်ထိုကဲ့သို့ မလုပ်ဝံ့ပေ။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့ တစ်ခုခုဖြစ်သွားလျှင် ၎င်း၏ဆရာ သူတော်စင်တစ်ပိုင်းအဆင့် က နဂါးမျိုးနွယ်တစ်ခုလုံးအား သေချာပေါက် ဖျက်ဆီးပစ်ပေမည်။

နဂါးမျိုးနွယ် က သူတော်စင်တစ်ပိုင်းအဆင့် ၏

လက်စားချေမှုကို သူမည်သို့ ခုခံနိုင်မည်နည်း။

နတ်ဆိုးမျိုးနွယ်တွင်

သူတော်စင်တစ်ပိုင်းအဆင့် ရှိသော်လည်း

၎င်းသည် နတ်မိစ္ဆာဧကရာဇ်ဦးဆောင်သော

နတ်ဆိုးမျိုးနွယ်မှ ခွဲထွက်ရန်

ဆုံးဖြတ်ပြီးနောက် တစ်ခါမျှ

ထွက်ပေါ်မလာတော့ပေ။

ထို့အပြင် နတ်ဆိုးမျိုးနွယ် ၏

သူတော်စင်တစ်ပိုင်းအဆင့်

ရှေ့ထွက်လာသည့်တိုင်

သူတော်စင်တစ်ပိုင်းအဆင့် က နဂါးမျိုးနွယ် ကို ဖျက်ဆီးရန်ဆုံးဖြတ်ထားလျှင် ၎င်းကို တားဆီးနိုင်မည်မဟုတ်ပေ။

သူတော်စင်တစ်ပိုင်းအဆင့် ကို တားဆီးလိုပါက အနည်းဆုံး သူတော်စင်တစ်ပိုင်းအဆင့် ၂ ယောက်လိုအပ်ပေသည်။

ကောင်းကင်လျှပ်စီးရေကန် ထဲမှာ ပြဿနာရှာနေသည့် ယန်ယဲ့ ကို မကျေနပ်သော်လည်း နဂါးအင်ပါယာ အတွက်ကား ရွေးချယ်စရာမရှိသဖြင့် ငြိမ်နေရုံသာတတ်နိုင်သည်။

"အဲဒါကို ငါတို့က သူ့ကို ဒုက္ခရောက်အောင်
ဆက်လုပ်ခွင့်ပေးသင့်သလား"
လူလတ်ပိုင်းအရွယ်က
မျက်မှောင်ကြုတ်လိုက်သည်။

နဂါးအင်ပါယာက ခဏလောက်
နှုတ်ဆိတ်နေပြီး မှ ပြောလိုက်လေသည်။
“လှိုဏ်ဂူရဲ့အနက်ရှိုင်းဆုံးနေရာမှာရှိနေတဲ့
ဘိုးဘေးအကြီးအကဲတွေကို
အကြောင်းကြားပါ။ အဲဒီ မြင့်မြတ်နယ်မြေ ရဲ့
အစီအစဉ်မှာ ပါဝင်ဖို့ ငါတို့မျိုးနွယ်စုရဲ့

စွမ်းအားအပြည့်ကို အသုံးပြုဖို့
ဆုံးဖြတ်လိုက်ပြီလို့ သူတို့ကို ပြောပါ….”

လူလတ်ပိုင်း အဘိုးအို သည်
နှလုံးသားတစ်ခုလုံး တုန်ခါသွားကာ
ခဏကြာတိတ်ဆိတ်နေပြီးနောက်
လှည့်ထွက်သွားပါတော့သည်။

ဤတစ်ကြိမ်တွင် နဂါးမျိုးနွယ် က
ထွက်လမ်းမရှိတော့ပေ။

အနိုင်ရမှသာ ၎င်းတို့အတွက်
အင်အားမြင့်တက်နိုင်ပြီး အကယ်၍
ရှုံးနိမ့်သွားခဲ့လျှင် လုံးဝကို
ပျင်သုဉ်းသွားမည်ဖြစ်သည်။

အချိန်များတဖြည်းဖြည်းကုန်သွားပြန်သည်။

တစ်လခွဲကြာပြီးနောက် ယန်ယဲ့ သည်
ကောင်းကင်လျှပ်စီးရေကန်၏ အဆင့် ၇ မှ
လျှပ်စီးအလင်းလုံးများကို
အဆက်မပြတ်သန့်စင်နေပါသည်။

ဤအချိန်တွင် အဆင့် ၇ ရေိယာတစ်ခုလုံး လုံးဝတိတ်ဆိတ်နေ၏။

ဤသို့ဖြင့်.... နောက်ထပ် ၁၅ ရက်ခန့် ထပ်မံ၍ ကုန်ဆုံးသွားသည်။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူရင်း လက်သီးများကိုဆန့်ထုတ်ကာ ရှေ့တည့်တည့် အာကာသဟင်းလင်းပြင် ကို ထိုးချလိုက်သည်။

ထို့နောက် အာကာသဟင်းလင်းပြင် က ပြင်းထန်စွာပေါက်ကွဲသွားသဖြင့် ယန်ယဲ့ ၏ပါးစပ်ထောင့်က ထင်ရှားစွာကွေးကောက်သွားပြီး ညာလက်သီးဖြင့် ထပ်ထိုးချလိုက်ပြန်သည်။

အုန်း!

သူ့ရှေ့မှ ကွဲထွက်သွားသည့် အာကာသဟင်းလင်းပြင် သည် ချက်ချင်းဆိုသလို အပိုင်းပိုင်းကွဲသွားပြီး

လက်သီးအရွယ်အစားရှိ တွင်းနက်ကြီးတစ်ခု ဖြစ်ပေါ်လာပါသည်။

"ရုပ်ခန္ဓာခွန်အား နဲ့ အာကာသဟင်းလင်းပြင် ကို ချိုးဖျက်နိုင်တယ်။ ငါ့ရဲ့ လက်ရှိရုပ်ခန္ဓာခွန်အားနဲ့ အကာအကွယ်က အဆင့်နိမ့် သိုင်းကျေရာဇ်တွေနဲ့တောင်ယှဉ်နိုင်လောက်တယ်။"

ယန်ယွဲ့ သည် ရေရွတ်ရင်း ပတ်ဝန်းကျင်ရှိ လျှပ်စီးအလင်းလုံးများကို စိုက်ကြည့်ကာ ထိုအရာများက အလွန်ပင် အဖိုးတန်သည့် ရတနာများဟု သတ်မှတ်လိုက်ပါသည်။

ခဏတာ စိတ်လှုပ်ရှားပြီးနောက် ယန်ယဲ့
ဓါတ်ပုံရိုက်က တဖျပ်ဖျပ်လက်ကာ အဆင့် ၈ သို့
ဦးတည်လိုက်သည်။

သူ့စိတ်ထဲ အဆင့် ၈ မှာ
မည်သည့်အရာများရှိနေသည်ကို သိချင်နေ၏။

သို့သော် အဆင့် ၈ သို့ ရောက်လာသည်နှင့်
ပတ်ဝန်းကျင်တစ်ခုလုံး
ဗလာနယ်ဖြစ်နေသောကြောင့် ယန်ယဲ့ ဟာ
အလွန်အမင်း အံ့အားသင့်သွားသည်။

အဆင့် ၇ မှ လျှပ်စီးအလင်းလုံးများထက် အရွယ်အစားပိုကြီးသည့် လျှပ်စီးအလင်းလုံးကြီးတစ်လုံးကလွဲ၍ မည်သည့်အရာမှ ရှိမနေပေ။

သို့သော်လည်း၊ ဤအခိုက်အတန့်တွင် ငရဲတစ္ဆေမီးတောက်၊ ခရမ်းတိမ်လျှပ်စီးကြောင်း၊ သစ်စိမ်းဝိညာဉ် နှင့် နဝမငရဲအေးမီးတောက် တို့က တစ်ပြိုင်တည်း ထွက်လာပြီး ထိုလျှပ်စီးလုံးကြီးကို ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့သည်လည်း ဤရုတ်တရက် အခြေအနေကြောင့် အံ့အားသင့်စွာ ငေးကြောင် ကြည့်နေလေ၏။

..၆၇၆

.အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၆ - လဲ့လင်

ဝေါ...ဝေါ!

ထို့နောက်တွင် လျှပ်စီးလုံးကြီးက
သဘာဝလွန်ရတနာ ၄ ပါး
၏ပူးပေါင်းတိုက်ခိုက်မှုကြောင့် မီတာ ၃၀၀
အကွာသို့ လွင့်မျောသွားသည်။

ဘုန်း!

သို့သော် လျှပ်စီးလုံးကြီးက လျင်မြန်စွာ
ပျံသန်းလာပြီး သဘာဝလွန်ရတနာ ၄ ပါးရှေ့

ပြန်ရောက်လာကာ ၎င်းတို့ကို မီတာ ၃၀၀ ကျော်အထိ တဖန်လွင့်ထွက်သွားစေသည်။

ဤမြင်ကွင်းကြောင့် ယန်ယဲ့ အံ့အားသင့်နေစဉ်မှာပဲ သဘာဝလွန်ရတနာ ၄ ပါး တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပြီး ဓားတစ်လက်အဖြစ် ပြောင်းလဲသွား၏။

"ဒြပ်စင်ဓား!" ယန်ယဲ့ ၏မျက်နှာသည် ကြည့်ရဆိုးစွာပင် ရှုံ့မဲ့သွားပါတော့သည်။

သဘာဝလွန်ရတနာ ၄ ပါးက လျှပ်စီးလုံးကြီးကို ကိုင်တွယ်ဖြေရှင်းရန် ၎င်းတို့ကိုယ်တိုင် ပေါင်းစပ်လိုက်ကြခြင်းပင်။

"လျှပ်စီးလုံးကြီးက ဘာလဲ? အချင်းချင်း ရန်လိုနေတဲ့ သဘာဝလွန်ရတနာ ၄ ပါးကိုတောင် အချင်းချင်းပေါင်းစည်းဖို့ တကယ်လုပ်နိုင်ခဲ့တာလား?"

ဤအချက်ကို တွေးလိုက်မိသောအခါ ယန်ယဲ့ဟာ အလွန်ပင် အံ့ဩတုန်လှုပ်သွားမိသည် ။

ရောမဓားကြီးက ယန်ယဲ့ ပင်
ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ရှေ့သို့ ပြေးထွက်ကာ
လျှပ်စီးလုံးကြီးကို ပိုင်းချလိုက်သည်။

ထိုအချိန်တွင် လျှပ်စီးလုံးကြီးကနေ
အက်ကြောင်းတစ်ခု ရုတ်တရက်
ထွက်ပေါ်လာသည်။ ထို့နောက် ၎င်းအတွင်းမှ
အဖြူရောင်လျှပ်စီးကြောင်းတစ်ခု ဖျန်းခနဲ
ထွက်လာပြီး ရောမဓားကြီး နှင့်
တိုက်မိသွားသည်။

အုန်း!

တိုက်မိသည့်နေရာတစ်ဝိုက်
အာကာသဟင်းလင်းပြင် သည် ပြင်းထန်စွာ
တုန်ခါနေပြီး စွမ်းအင်လှိုင်းများ အဆက်မပြတ်
ပြန့်နှံ့လာ၏။

ထို့နောက် သဘာဝလွှန်ရတနာ ၄ ပါးက
နောက်တစ်ကြိမ် လွင့်ပျံသွားလေသည်။

ဤမြင်ကွင်းကို မြင်သောအခါ ယန်ယဲ့၏မျက်လုံးများသည်လည်း အလွန်တရာကျဉ်းမြောင်းသွားလဲ့ပါသည်။ "ဒီလျှပ်စီးလုံးကဘယ်လိုထူးဆန်းတဲ့အရာလဲ?"

“အို!” ဤအခိုက်တွင် လျှပ်စီးလုံးကြီးကအတွင်းမှ အသံတစ်ခု ထွက်ပေါ်လာသဖြင့်သစ်သားဓားကိုလက်ထဲ ကိုင်ထားသည့် ယန်ယဲ့သည်လည်း မျက်လုံးထောင့်များလှုပ်ယမ်းသွားသည်။

ဤအချိန်တွင် သဘာဝလွန်ရတနာ ၄ ပါး က ယန်ယဲ့ ဆီသို့ ပျံသန်းလာကာ ၎င်းကို ထပ်မံ၍ တိုက်ခိုက်ရန် မဝံ့ရဲတော့ပေ။

ရုတ်တရက် လျှပ်စီးလုံးကြီးက အနီရောင်ဂါဝန်ပွပွဝတ်ဆင်ထားသည့် ကျစ်ဆံမြီးနှင့် ကလေးမလေးအဖြစ်အသွင်ပြောင်းသွားပြီး ယန်ယဲ့ ရှေ့ရောက်လာသည်။

ကလေးမလေးက အလွန် လှပသောအသွင်အပြင်ရှိကာ

သူမ၏မျက်လုံးဝိုင်းကြီးများက
ကြည်လင်ပြီးဖြူစင်လှသည်။
ပြောရလျှင် ကလေးမလေးက
ခရမ်းရောင်မင့်ခ်ကလေး ကဲ့သို့
ချစ်စဖွယ်သေးသေးလေးဖြစ်သည်။

ယန်ယဲ့ ဟာ အလွန်အမင်း အံ့သြသွားသည်။
"ဒါ ဘာကောင်လဲ?

သဘာဝလွန်ရတနာ ၄ ပါးကို မြင်သောအခါ
ကလေးမလေး၏ မျက်လုံးများက

တောက်ပလာသည်။ “အရသာရှိတယ်” ဟု

ရှင်းရှင်းလင်းလင်း

ချစ်စဖွယ်အသံသေးသေးလေး ဖြင့်

ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်

သူမ၏ခြေထောက်အောက်မှာ

လျှပ်စီးကြောင်းတစ်ခုပေါ်လာပြီး ယန်ယဲ့

ရှေ့ရောက်လာခဲ့သည်။

ထို့နောက် သူမ၏လက်သေးသေးလေးကို ဆန့်ထုတ်ကာ ခရမ်းတိမ်လျှပ်စီးကြောင်း နှင့် ငရဲတစ္ဆေမီးတောက် ကို ဖမ်းဆုပ်လိုက်သည်။

ငရဲတစ္ဆေမီးတောက် နှင့် ခရမ်းတိမ်လျှပ်စီးကြောင်း တို့ ချက်ချင်းပင် ပြင်းထန်စွာ တုန်ခါသွားကာ မူလစေတီ ထဲသို့ ပျောက်ကွယ်သွားကြသည်။

ကလေးမလေးသည် လေမှုလွဲ၍ ဘာကိုမျှ မဖမ်းမိသောအခါ

မျက်တောင်ပုတ်ခတ်လုပ်ရင်း သစ်စိမ်းဝိညာဉ်

နှင့် နဝမငရဲအေးမီးတောက် တို့ကို

ဖမ်းဆုပ်လိုက်သည်။

ထိုသဘာဝလွှန်ရတနာ ၂ ပါးက

နှေးကွေးနေသဖြင့် ၎င်းတို့ကို

ချက်ချင်းဖမ်းမိသွား၏။ ထို့နောက်တွင်

ကလေးမလေးက

ပါးစပ်စပ်သေးသေးလေးကိုဟပြီး မျိုချရန်

ပြင်လိုက်သည်။

"သူမက ဒါတွေကိုစားတော့မှာလား?"
ယန်ယဲ့သည် သူ့ရှေ့မှမြင်ကွင်းကြောင့်
အံ့ဩသွားသည် ။

မဖြစ်ဘူးဟ...။ ယန်ယဲ့သည် ရုတ်တရက်
သတိဝင်လာပြီး လက်ကိုဆန့်ကာ
ဖမ်းဆုပ်လိုက်သည်…။

ယန်ယဲ့ နှင့်  ကလေးမလေးက သစ်စိမ်းဝိညာဉ်
နှင့် နဝမငရဲအေးမီးတောက် ကို တစ်ဝက်စီ
အသီးသီးဖမ်းဆုပ်ထားကြသည်။

ကလေးမလေး က ယန်ယဲ့ ကို စိုက်ကြည့်ပြီးနောက် ကြည်လင်သော ချစ်စဖွယ်အသံလေးဖြင့် "ဟမ့်! နင်က အရသာမရှိဘူး!”

"ကောင်းကောင်းနေ ကလေးမလေး! မင်း အဲဒါတွေကို မစားနိုင်ဘူး။"

ကလေးမလေးက မျက်တောင်ခတ်ပြီး “နင် ငါ့ဆီက စားစရာတွေကို လုယူဖို့

ကြံနေတာလား။ နင်က လူဆိုးကြီး!"

ကလေးမလေးက ယန်ယဲ့ ၏လက်သီးထက်

သုံးပုံတစ်ပုံပင်မရှိသည့်

လက်သီးသေးသေးလေးဖြင့် ယန်ယဲ့ ကို

ထိုးလိုက်သည်။

သူမ၏ လက်သီးက

သေးသေးလေးဖြစ်သော်လည်း

လျှပ်စီးအလင်းလုံးတစ်လုံး

ပေါက်ကွဲထွက်လာလေသည်။

ယန်ယဲ့ သည် ထိုလျှပ်စီးလုံးကို
သတိပြုမိသောအခါ ပေါ့ပေါ့ဆဆ
မလုပ်ဆောင်ဝံ့ဘဲ လက်သီးဖြင့် ရှေ့သို့
ပြန်ထိုးချလိုက်သည်။

အုန်း!

ပေါက်ကွဲသံကြီး
ကျယ်လောင်စွာထွက်ပေါ်လာပြီးနောက်
ယန်ယဲ့နှင့် ကလေးမလေးနှစ်ယောက်လုံး
ချက်ချင်း နောက်ပြန်ဆုတ်သွားကြသည်။

ယန်ယဲ့ သည် သူ၏လက်သီးကို
ငုံ့ကြည့်လိုက်ရာ
လျှပ်စီးအလှျာများဖုံးအုပ်နေသည်ကို
မြင်တွေ့ပြီး အနည်းငယ်
ထိတ်လန့်သွားမိသည်။

"ငါ့ိုမှာနော်!" ကလေးမလေးက
ပါးစပ်သေးသေးလေးဖြင့် ပွစိပွစိပြောရင်း
မျက်နှာသေးသေးလေးလည်း
အရောင်မှိန်ကျသွား၏။

ယန်ယဲ့ သည် သူမလေး၏ အမူအရာကို
သတိပြုမိသောအခါ
စိတ်မကောင်းဖြစ်သွားမိသည်။

အမှန်စင်စစ် သူ့ရှေ့မှ ကလေးမလေးက
အသက် ၂ နှစ် ၃ နှစ်လောက်သာ ရှိပုံရသည်။

သို့သော် ဤအခိုက်အတန့်တွင်
သူမ၏မျက်လုံးများမှ လျှပ်စီးကြောင်းနှစ်ခု
ရုတ်တရက် ထွက်ပေါ်လာပြီး သူ့ရှေ့သို့
ချက်ချင်းရောက်လာသည်ကိုမြင်လိုက်ရလေသ
ည်။

ယန်ယဲ့ ၏ အမူအရာလည်း အနည်းငယ်
ပြောင်းလဲသွားသည်။

ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ အဆင့် ၁၀
ဓားစိတ်ဆန္ဒ ကို ထုတ်ဖော်၍
လျှပ်စီးကြောင်းနှစ်ခုကိုရင်ဆိုင်လိုက်သည်။

ဘုန်း!

ဓားချီကြိုးများ ပေါက်ကွဲထွက်လာပြီး
လျှပ်စီးကြောင်းများကို

အပိုင်းပိုင်းခွဲကာညကလေးမလေးဆီသို့
ဆက်၍ တိုးဝင်သွား၏။

ကလေးမလေးက မျက်တောင်ခတ်ကာ
ပါးစပ်ကိုဖွင့်ကာ တံတွေးထွေးလိုက်သည်။
လျှပ်စီးလုံးတစ်လုံး ထွက်လာပြီးနောက်
ဇင်းသည် လေထဲမှာ လွင့်မျောပြီး အရွယ်အစား
ကြီးမားလာလေသည်။

တစ်ခဏလေးအတွင်းမှာပင် အချင်း ၃၀၀ မီတာခန့် ကြီးသွားပြီး ယန်ယဲ့ ၏ဓားချိုကြိုးကို ဖုံးလွှမ်းသွားခဲ့သည်။

ဤမြင်ကွင်းကို မြင်သောအခါ ယန်ယဲ့ ၏မျက်လုံးများက ကျဉ်းမြောင်းသွားလေသည်။

"သူမက ဘယ်လိုမျိုးလဲဟ။ အဆင့် ၁၀ ဓားစိတ်ဆန္ဒ ကိုတောင် ဖျက်ဆီးနိုင်တယ်။"

ယန်ယဲ့ သည် သူ့စိတ်ထဲ ထိတ်လန့်မှုကို
ဖိနှိပ်ကာ ဓားနယ်မြေ ကို ထုတ်ဖော်၍
ရှေ့တစ်လှမ်းတိုးလိုက်သည်။

လျှပ်စီးလုံးက ချက်ချင်းပင် ပေါက်ကွဲသွား၏။
မရေမတွက်နိုင်သော
လျှပ်စီးချီကြိုးများပတ်ဝန်းကျင်သို့
ပြန့်ကျဲသွားလေတော့သည်။

ဤအခိုက်အတန့်တွင် ကလေးမလေးက
မျက်လုံးထဲ ကြောက်ရွံ့မှုများ ပေါ်လာခဲ့သည်။

ယန်ယဲ့ သည် ကလေးမလေး အနား လျှောက်လာပြီး “မင်းနာမည်ဘယ်လိုခေါ်လဲ” ဟု မေးရင်း သူမလေး ၏ပါးပြင်ကို ထိကိုင်လိုက်ပါသည်။

“လဲ့… လဲ့လင်….” ကလေးမလေးသည် ယန်ယဲ့ ကို ကြောက်နေမှန်း သိသာထင်ရှားပြီး စကားများပင် ထစ်နေသည်။

"ဘာလို့စားချင်တာလဲ?" ယန်ယဲ့ က ပြုံးကာ မေးလိုက်သည်။

“ဗိုက်ဆာတယ်…ဗိုက်ဆာတယ်…”
ကလေးမလေး၏ မျက်လုံးများက စိုစွတ်နေပြီး ထူးဆန်းစွာပင် အပြာရောင်မျက်ရည်များ စီးကျလာသည်။

ယန်ယဲ့ ၏မျက်နှာက မည်းမှောင်သွားသည်။
"သူမ ဗိုက်ဆာနေပြီလား? ဗိုက်ဆာနေလို့ သဘာဝလွန်ရတနာတွေကို စားဖို့ စိတ်ကူးထားတာလား။ သောက်ကျိုးနည်း!

အဲဒါတွေက သဘာဝလွန်ရတနာတွေပဲ။ သူမ ဘယ်လိုပဲ စားနိုင်မှာလဲ?"

“နင်…. ငါသူတို့ကိုစားပါရစေ၊ ကောင်းပြီ" အသနားခံတဲ့အမူအရာကို ထုတ်ပြရင်း ယန်ယွဲ့ကို စိုက်ကြည့်နေလေသည်။

ယန်ယွဲ့ ၏ပါးစပ်ထောင့်များဟာ တဆတ်ဆတ်တုန်လှုပ်သွားသည်။ ကောင်းကင်အဆင့် ဝိညာဉ်အသီးတစ်လုံး

ထုတ်ယူ၍ ကလေးမလေးကို ပေးလိုက်သည်။
“ဒါက ဘယ်လိုလဲ?”

ကလေးမလေးက ဝိညာဉ်သစ်သီးကိုယူ၍ နှာခေါင်းနှင့် ကပ်ကာ အနံ့ခံလိုက်သည်။ သူမ၏ မျက်လုံးလေးများတွင် တောက်ပလာပြီး ခေါင်းညိတ်ကာ "ကောင်းပြီ!" စကားပင်ဆုံးအောင်မပြောရသေး၊ ဝိညာဉ်သစ်သီးကို သူမပါးစပ်ထဲသို့ ထည့်လိုက်ပြီး မကြာခင်မှာပင် လုံးဝပျောက်ကွယ်သွားသည်...။

ထို့နောက် သူမ၏လက်သေးသေးလေး နှစ်ဖက်ကိုဆန့်ထုတ်ကာ ယန်ယဲ့ ကို မျက်တောင်ခတ်ပြီး ကြည့်လိုက်သည်။

ယန်ယဲ့ သည် အလွန်ရက်ရောသူကဲ့သို့ ကောင်းကင်အဆင့် ဝိညာဉ်သစ်သီးများစွာကို ထပ်ထုတ်ယူကာ ပေးလိုက်၏။

ကလေးမလေး ၏မျက်နှာက ဝမ်းသာမှုကြောင့် ဝင်းပသွားသည်။

ခဏအကြာတွင် ယန်ယဲ့ ပေးသည့်

ဝိညာဉ်သစ်သီးများ အားလုံး

ကုန်သွားပြန်သည်။

သူမ၏လက်သေးသေးလေး ကို ထပ်မံ

ဆန့်ထုတ်လိုက်ပြန်သည်…။

…၆၇၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၇ - နဂါးဘိုးဘေး အမွေအနှစ်

ယန်ယဲ့ ဟာ ကလေးမလေး အကြောင်းကို

စဉ်းစားခန်းဝင်နေ၏။ ဤအချိန်မှာပဲ နောက်

ထပ်တောင်းသံကို ကြားလိုက်ရပြီး

မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားပါသည်။

ခဏအကြာတွင်တော့ ကလေးမလေးက

ကောင်းကင်အဆင့် ဝိညာဉ်သစ်သီး ၃၀၀

ကျော်ထိ စားလိုက်ပါပြီ။

သို့တိုင် သူမလေးက ယခုထက်ထိ

ဗိုက်မပြည့်သေးပုံရ၏။

ယန်ယဲ့ သည် ကောင်းကင်အဆင့်
ဝိညာဉ်သစ်သီး များ မရေမတွက်နိုင်အောင်
ပိုင်ဆိုင်ထားသော်လည်း ဤကဲ့သို့
စားနေသည်ကိုမြင်သောခါ ရင်ထဲ
နာကျင်သွား၏။

နောက်ထပ် ၂ နာရီလောက်ကြာသည့်နောက်တွင်
ကလေးမလေးက ပါးစပ်ကို သုတ်လိုက်သည်။
ထိုအတောအတွင်း ယန်ယဲ့သည် နောက်ထပ်
ဝိညာဉ်သစ်သီး ၂ လုံးကို အမြန်ထုတ်ကာ

သူမထံသို့ ပေးလိုက်သည်။ ကလေးမလေးက ချိုချိုသာသာ ပြုံးပြီး "ငါဗိုက်ပြည့်ပြီ!"

ဤစကားကို ကြားလိုက်မှသာ ယန်ယွဲ့ လည်း သက်ပြင်းချနိုင်တော့၏။

သူ့တွင် ဝိညာဉ်သစ်သီး အများအပြားရှိသည့်တိုင် ကလေးမလေးက မပြည့်နိုင်သော အောက်ခြေမရှိ တွင်းနက်ကြီးဖြစ်နေမည်ကို အတော်လေး စိုးရိမ်နေခြင်းပင်။

နောက်ဆုံးတွင် ဗိုက်ပြည့်သွားပြီဟု
ပြောလာခဲ့သဖြင့် ကံကောင်းသွားပေသည်။

ယန်ယဲ့ သည် ဝိညာဉ်သစ်သီး ၂ လုံးကို
သူမလက်ထဲထည့်လိုက်ပြီး
"ငါထွက်သွားတော့မှာမို့ ဖြည်းဖြည်းစားပါ" ဟု
ပြောလိုက်၏။

ကလေးမလေးက မျက်တောင်ခတ်လိုက်ပြီး
ယန်ယဲ့ ၏လက်ကို ဆတ်ခနဲဆွဲကိုင်လိုက်ရင်း

“မထားခဲ့ပါနဲ့။ ငါ…ဗိုက်ဆာမှာကြောက်တယ် …”

ယန်ယဲ့ ၏မျက်နှာမှာ တုန်လှုပ်မှုများ ပေါ်လာလေသည်။

"သောက်ကျိုးတော့နည်းပြီထင်တယ်။ သူမက ငါ့ကို စားစရာရောင်းတဲ့လူလို့ ထင်နေတာလား?"

ထိုအချိန်တွင် ကလေးမလေး က ယန်ယဲ့ ကို လက်ဆွဲခေါ်ကာ  ဦးတည်ရာတစ်ခုဆီသို့ ပြေးသွားလေသည်။

ယန်ယဲ့ သည် ရုတ်တရက် အံ့အားသင့်သွားပြီး မြေပေါ်မှောက်လျက်လဲကျလုနီးပါးပင်ဖြစ်သွား၏။

"ဘယ်လောက်ကြောက်စရာကောင်းတဲ့ အင်အားလဲ? သူမ က ဘာလဲ ? " ယန်ယဲ့ ဟာ စိတ်ထဲ အတော်လေးကို အံ့သြသွားသည်။

သိပ်မကြာခင်မှာပဲ နှစ်ယောက်သား
ကျောက်ပြားတစ်ချပ်ရှေ့ရောက်လာပြီး
ကလေးမလေးက လက်ညှိုးထိုးပြလိုက်သည်။
ယန်ယဲ့ သည် ခဏတာ တုံ့ဆိုင်းနေပြီးနောက်
ကျောက်ပြားချပ်ကြီး ဆီသို့
လျှောက်သွားလိုက်၏။

ထိုအချိန်တွင် ကျောက်ပြားချပ်ကြီးကနေ
ရွှေရောင်တောက်ပလာကာ စကားလုံးတန်းများ
ပေါ်လာသည်။

“ငါက နဂါးဘိုးဘေး

ရဲ့လက်ကျန်ဝိညာဉ်အပိုင်းအစပဲ။ ဒီနေရာကို

ရောက်လာမဲ့ နဂါးမျိုးနွယ်ရဲ့ မျိုးဆက်တွေကို

စောင့်နေတာ။ ဒါပေမဲ့ နှစ် ၅၀,၀၀၀ လောက်

စောင့်ဆိုင်းခဲ့တာတောင် နဂါးမျိုးနွယ်ရဲ့

ဘယ်တစ်ယောက်မှ ရောက်မလာနိုင်ဘူးလို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

ငါ့ရဲ့နဂါးမျိုးနွယ်က အင်အားနိမ့်ကျသွားပြီလား

ဒါမှမဟုတ် နယ်ခြားမိစ္ဆာတွေ

နတ်ဆိုးအကျဉ်းထောင်ကနေ

လွတ်မြောက်သွားပြီလား?

နှစ် ၅၀,၀၀၀ လောက် စောင့်ဆိုင်းနေရလို့

ငါ့ရဲ့စွမ်းအင်တွေက မကြာခင်မှာ

ပျောက်ကွယ်သွားတော့မယ်။"

“ဒီကျောက်စာမှာ နဂါးဘိုးဘွားဘေးတွေရဲ့

အမွေအနှစ်ကို ချန်ထားရုံကလွဲပြီး ငါ့မှာ

ရွေးချယ်စရာမရှိဘူး။ ငါ့နဂါးမျိုးနွယ်ရဲ့

ဆက်ခံသူတွေက ဒါကို အမွေဆက်ခံနိုင်မယ်လို့

မျှော်လင့်ပါတယ်။တကယ်လို့ နဂါးမျိုးနွယ်က

မဟုတ်တဲ့သူ ရောက်လာခဲ့ရင် ဒီအမွေအနှစ်ကို

ဆက်ခံပြီးတာနဲ့ ငါ့ရဲ့နဂါးမျိုးနွယ်ကို

စောင့်ရှောက်ပေးပါ။

မင်းက နဂါးဘိုးဘေး ရဲ့အမွေအနှစ်ကို
ရသွားတာနဲ့ နဂါးမျိုးနွယ်စုတစ်ခုလုံးရဲ့
နဂါးအင်ပါယာ ဖြစ်လာနိုင်တယ်။

ကံဆိုးပြီး
နယ်ခြားမိစ္ဆာတစ်ယောက်ဖြစ်နေရင်တော့ ....
ဟာဟား ဒါဆို အရာအားလုံးက
အခိပ္ပါယ်မဲ့သွားလိမ့်မယ်….”

ယန်ယဲ့ သည် စိတ်ထဲ ခံစားချက်များ
ရှုပ်ထွေးနေသဖြင့် ကိုယ့်ကိုယ်ကို
တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

ကောင်းကင်လျှပ်စီးရေကန် ၏ အဆင့် ၈ သည် နဂါးဘိုးဘေး ၏အမွေအနှစ်ကို ဆက်ခံမည့်နေရာဖြစ်မည်ဟု သူမထင်ထားခဲ့ပေ။

"ကံဆိုးလိုက်တာ၊ နဂါးမျိုးနွယ်က နဂါးတစ်ကောင်တောင် ဒီကိုညရောက်မလာနိုင်ဘူးထင်တယ်။ ဒီတော့ ငါ့အတွက် အကျိုးရှိသွားတာပေါ့လေ။ ဟီးဟီး!" နဂါးအင်ပါယာ သာ ဒီအကြောင်းကို

သိရင် သေချာပေါက်

သွေးအန်နေလောက်မယ်။"

နဂါးမျိုးနွယ် ၏ အင်ပါယာ ဖြစ်လာခြင်းက

မည်သည်ကို ဆိုလိုသနည်း?

ယန်ယဲ့ သည် ၎င်းကို လစ်လျူရှုကာ

ခေါင်းယမ်းလိုက်ပြီး ရုတ်တရက်

တစ်စုံတစ်ခုကို တွေးမိကာ လဲ့လင် ကို

လှည့်ကြည့်၍ "မင်းဒီမှာ စောင့်နေတာ

ဘယ်လောက်ကြာပြီလဲ" ဟု မေးလိုက်၏။

လဲ့လင် က ခေါင်းငုံ့ပြီး "ကြာပြီ…." ဟု ပြန်ဖြေလေသည်။

ယန်ယဲ့ သည် သူမလေးကို သနားသွားပြီး လက်ဆန့်ကာ ခေါင်းပွတ်ပေးလိုက်သည်။

ရုတ်တရက် လျှပ်စီးကြောင်းက သူ့ခန္ဓာကိုယ်ကို ရိုက်ခတ်လာသဖြင့် တစ်ကိုယ်လုံး ထုံကျဥ်သွားသည်ကို ခံစားလိုက်ရသည်။

လဲ့လင် က မျက်တောင်ခတ်ပြီး လက်သေးသေးလေးကို ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့ ၏ ခန္ဓာကိုယ်အနှံ့ လျှပ်စီးကြောင်းများ ချက်ချင်းပင် ပျောက်ကွယ်သွားပါသည်။

ယန်ယဲ့ သည် ဤမြင်ကွင်းကြောင့် အံ့သြကာ မြေပေါ် လဲကျလုနီးပါးပင်။

"သူမက မိုးကြိုးနတ်ဘုရားလား? တစ်ကိုယ်လုံး လျှပ်စီးကြောင်းတွေနဲ့ချည်း ပြည့်နေတယ်။ ဒါက နည်းနည်းတော့ ကြောက်စရာကောင်းနေတယ်မဟုတ်ဘူးလား!" လဲ့လင် က ယန်ယဲ့ အား ခေါင်းမော့ကြည့်ရန် ပြောနေသကဲ့သို့ ကျောက်ပြားချပ်ကြီး ကို ညွှန်ပြလိုက်သည်။

ယန်ယဲ့ သည် ခဏတာတုံ့ဆိုင်းသွား၏။
ထို့နောက် စိတ်ပိုင်းဖြတ်ကာ
ကျောက်ပြားချပ်ကြီး ဆီသို့
ခြေလှမ်းတိုးကပ်လိုက်ပါတော့သည်။

နဂါးဘိုးဘေး ၏အမွေအနှစ် ကို
ဆက်ခံခြင်းသည် အန္တရာယ်ရှိနိုင်သော်လည်း
သူ့စိတ်ထဲ ၎င်းကိုလက်မလွှတ်ချင်ပေ။
သို့တည်းမဟုတ် သူ၏ ခွန်အားကို
တိုးတက်စေမည့် အခွင့်အရေးပင် ရှိလျှင်

အရှုံးမပေးဘဲ ငြင်းဆန်မည်မဟုတ်ဟု ဆိုရပေမည်။

ယန်ယဲ့ ၏လက်က ကျောက်ပြားချပ်ကြီး ကို ထိလိုက်သည်နှင့် တစ်ပြိုင်နက် အတွင်းမှ ရွှေရောင်အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းများက ယန်ယဲ့ ကို ချက်ချင်း ဖုံးလွှမ်းသွား၏။ ထို့နောက်တွင် စူးရှသောရွှေရောင်အလင်းတန်းများ ပြင်းထန်စွာ ဖြာထွက်လာပြီး

အနီရောင်အရည်ကြည်များက ယန်ယဲ့
၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာပါသည်။

“အာ!!!” အနီရောင်အရည်များ ခန္ဓာကိုယ်ထဲသို့
စိမ့်ဝင်သွားသည်နှင့် ယန်ယဲ့သည် ရုတ်တရက်
ပြင်းထန်စွာ အော်ဟစ်လိုက်၏။

တစ်ချိန်တည်းတွင် သူ့ခန္ဓာကိုယ်ပေါ် ရှိ
အရေပြား (အသားအရည်)ကလည်း
ဖြည်းညှင်းစွာဖြင့် ပြောင်းလဲလာသည်။

အသက်ရှူတစ်ရှိုက်စာအတွင်းမှာပဲ ယန်ယဲ့
ဧါခြေထောက်မှာ ရွှေရောင်အကြေးခွံတစ်ခု
ရုတ်တရက် ပေါ်လာသည်။

အသွင်ပြောင်းလဲမှုက အလွန်အမင်း
နာကျင်လှပြီး ငရဲတစ္ဆေမီးတောက် နှင့်
သူ့ခန္ဓာကိုယ်ကို သန့်စင်သည့်အချိန်ထက်
အဆပေါင်းများစွာ ပို၍ပြင်းထန်ခဲ့သည်။

ငရဲတစ္ဆေမီးတောက် ဖြင့် သူ့ခန္ဓာကိုယ်ကို
သန့်စင်ချိန်ကပင် ဤမျှလောက် နာကျင်မှုမျိုး

မခံစားရပေ။ဤအချိန်တွင်မူ သူ့ခန္ဓာကိုယ်မှ
နာကျင်မှုကို ထိန်းချုပ်နိုင်စွမ်းမရှိဘဲ
ကျယ်လောင်စွာအော်ဟစ်လိုက်ရတော့သည်။
အကြောင်းမှာ ရွှေရောင်အကြေးခွံများ
သူ့ခန္ဓာကိုယ်ပေါ် ထွက်ပေါ်လာသည်နှင့်
တစ်ပြိုင်နက် အရေပြားနှင့် သွေးကြောများ
ပြင်းထန်စွာ နာကျင်နေသောကြောင့်ပင်။

ထို့အပြင် ယန်ယွဲ့ သည်
အနီရောင်အရည်ကြည်များက သူ့ခန္ဓာကိုယ်
သွေးကြောများထဲသို့

ဝင်ရောက်လာပြီးတွန်းကန်နေသည်ကို သတိပြုမိလိုက်သည်။

အနီရောင်အရည်ကြည်များက သူ၏မူလသွေးကို ဖျက်ဆီးပစ်ရန် ရည်ရွယ်နေခြင်းဖြစ်သည်။

သို့ရာတွင် သူ၏မူလသွေးများက မူလခရမ်းရောင်စွမ်းအင်ဖြင့် သန့်စင်ပြီးနောက် အလွန်သိပ်သည်းပြင်းထန်လာသည်။

ထို့ကြောင့် ကျောက်ပြားချပ်မှ ထွက်လာသည့် အနီရောင်အရည်ကြည်များက သူ၏မူလသွေးကို မဖျက်ဆီးနိုင်ခဲ့ပေ။

ဤသို့ဖြင့် ရွှေရောင်အကြေးခွံများ
သူ့အရေပြားကနေ ပေါက်ထွက်နေတုန်းမှာပဲ
မတူညီသောသွေးနှစ်မျိုးက သူ့ခန္ဓာကိုယ်ထဲမှာ
တွန်းကန်နေလေသည်။

မကြာခင်မှာပဲ ယန်ယဲ့ ၏
ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး
ရွှေရောင်အကြေးခွံများ
ဖုံးအုပ်သွားပါတော့သည်။

ရွှေရောင်အကြေးခွံများက
ဖီးနစ်အတောင်ပံများကဲ့သို့
အလွန်လှပသော်လည်း ၎င်း၏အစွန်းများက
နတ်ဓားသွားကဲ့သို့ စူးရှထက်မြနေသည်။

ရုတ်တရက် ယန်ယဲ့၏ ဦးခေါင်းထိပ်မှ
ရွှေရောင်နဂါးဦးချို တစ်စုံ ထွက်ပေါ်လာသည်။
ရွှေရောင်နဂါးဦးချိုများက ၃၀ စင်တီမီတာနီးပါး
ရှည်လျားပြီး ယန်ယဲ့ ၏ခေါင်းသည်
လူသားတစ်ယောက်လိုမဟုတ်တော့တဲ့ဘဲ
အလွန် ထူးဆန်းနေလေသည်။

တစ်ဖက်တွင်မူ သူ့ကိုယ်ထဲရှိ သွေးနှစ်မျိုးက ပေါင်းစပ်ခြင်းမရှိပေ၊ တစ်ခုနှင့်တစ်ခု ပြင်းထန်စွာတိုက်ခိုက်နေသဖြင့် ယန်ယဲ့၏ခန္ဓာကိုယ်တစ်ခုလုံး သေလုနီးပါး နာကျင်မှုကို ခံစားလိုက်ရလေသည်။

...၆၇၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၈ - သူတော်စင်တစ်ပိုင်းအဆင့် တို့၏ တိုက်ပွဲအစ

…

ယန်ယဲ့ နဂါးဘိုးဘေး အမွေအနှစ် ဆက်ခံနေချိန်မှာပဲ တစ်ဖက်တွင် မြင့်မြတ်သောဟန်အင်ပါယာ ၏သူတော်စင်တစ်ပိုင်းအဆင့် လော့ဒေါင် နှင့် သိုင်းကေရာဇ် အယောက် ၃၀ ရှေးဟောင်းဒိုမိန်းမြို့ သို့ ရောက်ရှိလာကြသည်။

၎င်းတို့ထဲတွင် အဆင့် ၉ သိုင်းကေရာဇ် ၅ ဦးရှိပြီး အားလုံး ခေါင်းတလားထဲကနေ ပြန်ထလာသည့် လူအိုကြီး များပင်။

သူတော်စင်တစ်ပိုင်းအဆင့် နှင့် သိုင်းကေရာဇ် များ ရောက်ရှိလာသောအခါ ရှေးဟောင်းဒိုမိန်းမြို့တစ်ခုလုံး ကြောက်ရွံ့မှု အငွေ့အသက်များ ဖုံးလွှမ်းသွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူတော်စင်တစ်ပိုင်းအဆင့် ရှေ့မှာ အားလုံးက သေးငယ်သည့် ပုရွက်ဆိတ်များကဲ့သို့ပင်။

“အဖျက်သမား ယန်ယဲ့ သေရမယ်။ လူသားမျိုးနွယ်က စည်းလုံးရမယ်။ အဲဒါကို မင်းဘယ်လိုထင်လဲ။" အဘိုးအို လော့ဒေါင် က ရှေးဟောင်းဒိုမိန်းမြို့ ကို လစ်လျူရှုကာ မြို့အထက် အာကာသဟင်းလင်းပြင် ကို စိုက်ကြည့်နေသည်။

ဤအခိုက်တွင် အကြီးအကဲမှူ က အာကာသဟင်းလင်းပြင်ထဲကနေ ပေါ်လာပြီး “ဘာလဲ။ မင်းရဲ့ဗဟိုနယ်မြေက စည်းမျဉ်းတွေကို မလိုက်နာတော့ဘူးလား။ မင်းငါ့ကိုသတ်နိုင်တဲ့စွမ်းရည်ကို

ယုံကြည်မှုရှိနေတာလား။
အမှန်အတိုင်းပြောရရင် မင်းရဲ့အင်အားက
ငါ့ကိုသတ်ဖို့ မလုံလောက်ဘူး။"

"ငါ့ရဲ့မြင့်မြတ်နယ်မြေ ပါဝင်မယ်ဆိုရင်ကော?"
ရုတ်တရက် အာကာသဟင်းလင်းပြင် ထဲကနေ
ပြင်းထန်သော စွမ်းအင်လှိုင်းများ ထလာပြီး
မြင့်မြတ်နယ်မြေဝတ်ရုံရှည်နှင့် အဘိုးအိုတစ်ဦး
ပေါ်လာသည်။

ထို့အပြင် အဘိုးအို ၏နောက်မှာလည်း
သိုင်းကောရာဇ် အယောက် ၅၀ ခန့်ပါလာသည်။

တည်ထောင်သူကေရာဇ် နှင့်
ရှေးဟောင်းဒိုမိန်းမြို့မှ လူတိုင်း ဤမြင်ကွင်းကို
မြင်သောအခါ အကြီးအကျယ်
တုန်လှုပ်သွားခဲ့ကြသည်။

အားလုံးက သိုင်းကေရာဇ်တွေ! ပြီးတော့
အယောက် ၅၀ တောင်။...

မည်သူက မထိတ်လန့်ဘဲနေပါမည်နည်း?

မြင့်မြတ်နယ်မြေ ၏
သူတော်စင်တစ်ပိုင်းအဆင့် အဘိုးအိုက
အကြီးအကဲမှူး ကို စိုက်ကြည့်ကာ

“ကျင့်ကြံခြင်းလမ်းကြောင်းက ခက်ခဲတယ်။
ပြီးတော့ သူတော်စင်တစ်ပိုင်းအဆင့်
ရောက်အောင် ကျင့်ကြံဖို့က
ပိုလို့တောင်ခက်ခဲသေးတယ်။

မင်းက ကောင်းကင်လမ်းကို
အချိန်မရွေးဖြတ်သွားဖို့ ပြင်နေတဲ့သူပဲ
ဖြစ်သင့်တယ်။ လူတစ်ယောက်တည်းအတွက်
ငါ့မြင့်မြတ်နယ်မြေကို ဆန့်ကျင်တာ
အတော်လေး မိုက်မဲရာကျတယ်။"

"မင်းရဲ့ဂုဏ်သိက္ခာရှိတဲ့ မြင့်မြတ်နယ်မြေ က
ယန်ယဲ့ ကို တိုက်ခိုက်တာ ပိုတောင်

ပညာမဲ့သေးယ်!"  အကြီးအကဲမှူ က
မထူးခြားဟန်ဖြင့် ပြန်ပြောလိုက်၏။

အပြာရောင်ဝတ်အဘိုးအိုက အေးစက်စွာ
ရယ်မောကာ "ပညာမဲ့တာလား။ မင်းရဲ့တပည့်
အကြောင်းကို အရမ်းတွေးလွန်းနေတာမဟုတ်
ဘူးလား။ သူ့ရဲ့ပင်ကိုယ်စွမ်းရည်နဲ့
ခွန်အားတွေက တကယ်ကို
ကြောက်စရာကောင်းတယ်ဆိုတာ
ငြင်းလို့မရပါဘူး၊ ဒါဟာ လွန်ခဲ့တဲ့ အတိတ်က
အနှောင်အဖွဲ့ကင်းမဲ့သူ ထက်တောင်
ပိုပြီးကြောက်စရာကောင်းနေသေးတယ်။

သူက အနှောင်အဖွဲ့ကင်းမဲ့သူ
ထက်သာနေရင်တောင် ငါ့မြင့်မြတ်နယ်မြေ က
ဘာလို့ကြောက်ရမှာလဲ?"

အကြီးအကဲမှူ က ခေါင်းခါပြီး "မင်း
မကြောက်ဘူးလို့ ပြောနေချိန်မှာ မင်း သူ့ကို
သတ်ပစ်ဖို့ စိတ်ပိုင်းဖြတ်ထားတယ်။
ဘယ်လောက်ရယ်စရာကောင်းသလဲ။
ကောင်းပြီ၊ အမှိုက်စကားတွေ ရပ်လိုက်အောင်။

လော့ဒေါင်!
မင်းဘေးမှာဘယ်သူတွေရှိသေးလဲ?
သူတို့အားလုံးကို တစ်ခါတည်း

ထွက်လာခိုင်းလိုက်။ ငါ့ကြွက်သားတွေကို
လေ့ကျင့်ခန်းမလုပ်တာ နှစ်ပေါင်း ၁၀,၀၀၀
ကျော်ပြီဆိုတော့ ဒီနေ့ မင်းတို့အားလုံးနဲ့
ကစားမယ်!”

“သူတော်စင်တစ်ပိုင်းအဆင့်ကို
ဖယ်ရှားနေတယ်ဆိုတော့
ဒီလိုအရေးကြီးတဲ့အချိန်မှာ ငါ့ရဲ့
ရွှေနဂါးမျိုးနွယ်က ဘယ်လိုငြိမ်နေနိုင်မှာလဲ?
ငါတို့ကလည်း ထည့်တွက်လိုက်!"
ဤအခိုက်အတန့်တွင် သိုင်းကေရာဇ်အဆင့်

ရောမရှေ့နဂါးကြီး ၁၀ ကောင်မြို့အထက်
ကောင်းကင်တွင် ပေါ်လာသည်။

ထိုအချိန်တွင် နတ်မိစ္ဆာကောရာဇ်က
အကြီးအကဲမှူ ဧ၏ဘေးနားမှာ ပေါ်လာသည်။
နဂါးအင်ပါယာ ကို စိုက်ကြည့်ကာ
"နဂါးအင်ပါယာ! မင်းဟာ ငါ့နတ်ဆိုးမျိုးနွယ်ကို
တကယ် ဆန့်ကျင်ဖို့ ရည်ရွယ်ထားပုံပဲ!"

"နတ်ဆိုးမျိုးနွယ်?" နဂါးအင်ပါယာ က
အေးစက်စွာ ရယ်မောရင်း “နတ်မိစ္ဆာကောရာဇ်၊
မင်းမျက်လုံးတွေကိုဖွင့်ပြီး ကြည့်လိုက်။ မင်းက

ကိုယ့် ပတ်ဝန်းကျင်ကို သေချာလေး ကြည့်သင့်တယ်။

ဒီ သူတော်စင်တစ်ပိုင်းအဆင့် နဲ့ ယန်ယဲ့မှာ အခွင့်အရေးရှိသေးတယ်လို့ မင်းထင်လား? သူတို့နဲ့ပူးပေါင်းပြီး မြင့်မြတ်နယ်မြေကို တိုက်ခိုက်တာက ငါတို့ရဲ့နတ်ဆိုးမျိုးနွယ်ကို ပျက်စီးသွားစေနိုင်တယ်။ ငါ့ နဂါးမျိုးနွယ်က အဲဒါကို ဘယ်လိုသဘောတူနိုင်မှာလဲ?”

"ငါ့ရဲ့ နတ်ဘုရားဖီးနစ်ကလန် ကလည်း သဘောတူဖို့ငြင်းပယ်တယ်။ " ထိုအချိန်တွင်

ကောင်းကင်ကို အရောင်ပြောင်းသွားစေသည့် အနီရောင် ဖီးနစ် ၁၀ ကောင် ပေါ်လာသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ နတ်မိစ္ဆာကေရာ၏ ၏မျက်နှာက သိသိသာသာ မှိန်ကျသွားသည် "တျန်ဖုန်း! မင်းရဲ့နတ်ဘုရားဖီးနစ်မျိုးနွယ်ကတောင် မြင့်မြတ်နယ်မြေ ဖက်မှာ ရပ်တည်ဖို့ကြံနေတာလား"

နတ်ဆိုးနယ်မြေတွင် နတ်မိစ္ဆာကေရာ၏ မထိန်းချုပ်နိုင်သော မျိုးနွယ်စုလေးခုရှိသည်။

ထိုမျိုးနွယ်စုများက ရွှေနဂါးကလန်၊
ဖီးနစ်ကလန်၊ ကျားဖြူကလန်
နှင့်လိပ်နက်ကလန် တို့ပင်။

အကြောင်းမှာ ၎င်းတို့သည်
နတ်ဘုရားသားရဲမျိုးနွယ်စုများဖြစ်ပြီး
၎င်းတို့၏ ခွန်အားနှင့် အရင်းအမြစ်များ၊ အ
ခြေခံအုတ်မြစ်များက လေဟာနယ်မင်ခ့်ကလန်
ထက် လုံးဝ မနိမ့်ကျပေ။

အနီရောင်ဖီးနစ် ၁၀ ကောင် ကို ရှေ့ဆုံးကနေ
ဦးဆောင်နေသည့်

နတ်ဘုရားသားရဲ့ဖီးနစ်ကြီးက
မိန်းမလှတစ်ဦးအဖြစ် ပြောင်းလဲသွားပြီး
“တောင်ပိုင်းနယ်မြေဖက်မှာ ရပ်တည်နေရင်
နတ်ဆိုးမျိုးနွယ်အတွက်
မျှော်လင့်ချက်တစ်စုံတစ်ရာ မရှိနိုင်တော့ဘူး။
ရှောင်ဟူ၊ ချန်းဝူ!
နင်တို့လည်းရောက်နေပြီဆိုမှတော့
ကိုယ့်ကိုယ်ပြသင့်ပြီ။"

မိန်းမလှ ၏စကားဆုံးသည်နှင့် တပြိုင်နက်
နတ်ရွှေနဂါးများထက် အရွယ်အစား
မသေးသော ကျားဖြူ ၁၀ ကောင်

ပေါ်လာပြီးနောက် ရှေးဟောင်းဒိုမိန်းမြို့၏အပြင်ဖက်မြေပြင်သည် တောင်တန်းများကဲ့သို့ တွန့်ခေါက်သွားကာ လူတိုင်း ၏မြင်ကွင်းထဲ ရောမလိပ်နက်ကြီး ၁၀ ကောင် ပေါ်လာခဲ့လေသည်။

ဤအချိန်တွင် နတ်ဘုရားသားရဲမျိုးနွယ်စုကြီး ၄ ခုလုံး ရှေးဟောင်းဒိုမိန်းမြို့သို့ ရောက်ရှိလာခဲ့ကြသည်။

နတ်မိစ္ဆာကေရာဇ် ၏ မျက်နှာသည် လုံးဝကိုအုံ့မှိုင်းသွားပါတော့သည်။

ထိုအခိုက်အတန့်တွင်
အပြောရောင်ဝတ်အဘိုးအိုက ရုတ်တရက်
“နတ်မိစ္ဆာကောရာဇ်၊ ငါ့ရဲ့မြင့်မြတ်နယ်မြေ နဲ့
နတ်ဆိုးမျိုးနွယ်ကြားမှာ ရန်ငြိုးမရှိဘူး။ မင်းက
အခုထွက်သွားမယ်ဆိုရင် ငါ့ရဲ့မြင့်မြတ်နယ်မြေ
က လေဟာနယ်မင့်ခ်ကလန် ကို
ပစ်မှတ်ထားမှာမဟုတ်ဘူးဆိုတာ
ငါကတိပေးတယ်။ ဒီလိုမှမဟုတ်ရင်၊ မင်းရဲ့
လေဟာနယ်မင့်ခ်ကလန် က
ဒီပြဿနာကိုဖြေရှင်းပြီးရင် တိုက်ကြီးကနေ
ပျောက်ကွယ်သွားလိမ့်မယ်!”

နတ်မိစ္ဆာကောရာဇ် က

ခဏာတာငြိမ်သက်သွားပြီးနောက်

ခေါင်းယမ်းကာ ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။

အာကာသဟင်းလင်းပြင်သည် ပြင်းထန်စွာ

တုန်လှုပ်သွား၏။ ထို့နောက်တွင် လှိုင်းတွန့်များ

ထလာကာ ရောမ လေဟာနယ်မင့်ခ် ၂၀ ခန့်

ရောက်ရှိလာကြသည်။

ထို လေဟာနယ်မင့်ခ် အားလုံးသည်လည်း

သိုင်းကောရာဇ် များ ဖြစ်သည်။

နတ်မိစ္ဆာကေရာဇ်က “နဂါးအင်ပါယာ၊
တျန်ဖုန်း၊ ရှောင်ဟူ နဲ့ ချန်းဝူ!
မင်းတို့တွေအားလုံး နတ်မိစ္ဆာကေရာဇ် နေရာကို
လိုချင်နေတယ်ဆိုတာ ငါသိပါတယ်။
အဲဒီလိုဆိုတော့ ဒီနေ့ပဲ
အပြီးတိုင်ဖြေရှင်းလိုက်ရအောင်။ တကယ်လို့
ငါတို့ဖက်က ရှုံးနိမ့်ရင် ငါ့ရဲ့
လေဟာနယ်မင့်ခ်ကလန် က
နတ်ဆိုးနယ်မြေကနေ ထွက်ပြီး
လေဟာနယ်အက်ကြောင်းထဲမှာနေတော့မယ်။

ဒါပေမဲ့ မင်းတို့ ရှုံးနိမ့်ခဲ့ရင် မင်းတို့ရဲ့ မျိုးနွယ်စုတွေအကုန် ငါ သေချာပေါက် သတ်ပစ်မယ်။"

"ဒီလိုလုပ်ဖို့ မင်းမှာ အခွင့်အရေးရှိမှာ မဟုတ်ဘူး!" အပြာရောင်ဝတ်အဘိုးအို က အေးစက်စွာ ပြောလိုက်သည်။

"သူ ဖြစ်နိုင်မယ်ထင်တယ်!" ရုတ်တရက် အကြီးအကဲမှူ က လူအုပ်ကို ကြည့်ကာ “သူတော်စင်တစ်ပိုင်းအဆင့် ၂ ယောက်နဲ့ သိုင်းကျော်ရာ ၁၂၀ ကျော်။ ဟားဟား!

ဘာဖြစ်လဲ! ကောင်းပြီ။
အဓိပ္ပါယ်မဲ့တာတွေလျှော့ပြီး
တိုက်ခိုက်ရအောင်။”

ထိုစကားပြောပြီးသည်နှင့် အကြီးအကဲမှူ က
အာကာသဟင်းလင်းပြင် ထဲသို့
ခုန်တက်သွားသည်။

လော့ဒေါင်၊ အပြာရောင်ဝတ်အဘိုးအို၊
နတ်ဘုရားသားရဲမျိုးနွယ် ၄ ခုလည်း
အကြီးအကဲမှူ နောက်သို့ တဟုန်ထိုး
လိုက်ပါသွားကြသည်။

ဤအချိန်တွင် နတ်မိစ္ဆာကောရာဇ်သည်လည်း လေဟာနယ်မင့်ခ်များကို ဦးဆောင်ကာ လိုက်ပါရန်ပြင်လိုက်၏။

သို့သော် အကြီးအကဲမှု ၏အသံက နတ်မိစ္ဆာကောရာဇ် နားသို့ တိုက်ရိုက်ဝင်ရောက်လာသည်။

"မင်း ရှေးဟောင်းဒိုမိန်းမြို့မှာကျန်ခဲ့လိုက်။ တခြား သိုင်းကောရာဇ်တွေကို တိုက်ခိုက်ရင်း မြို့ကို ကာကွယ်ပါ။"

နတ်မိစ္ဆာကောရာဇ် သည် ခဏကြာအောင် လေးလေးနက်နက် စဉ်းစားလိုက်ပြီး

ထို့နောက်တွင် လေဟာနယ်မင့်ခ်များကို ခေါ်ဆောင်၍
မြို့ထဲသို့ဝင်ရောက်သွားလေတော့သည်။

အကြီးအကဲ မူ က သူတော်စင်တစ်ပိုင်းအဆင့် ၂ ယောက်နှင့် သိုင်းကေရာဇ် ၁၂၀ ကို တစ်ပြိုင်တည်း ရင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တိုက်ပွဲရလာဒ် သို့မဟုတ် အကြီးအကဲမူ ၏သေခြင်း၊ရှင်ခြင်းသည် ၎င်းတို့ကံကြမ္မာနှင့်ဆက်စပ်နေသောကြောင့် မြို့တွင်းရှိလူတိုင်း ဤအချိန်တွင် ကောင်းကင်သို့မျှော်ကြည့်နေကြသည်။

...၆၇၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၇၉ - ယောင်ယဲ့!

အကြီးအကဲမူ၊ လော့ဒေါင် နှင့် အခြားသူများ

အာကာသဟင်းလင်းပြင် ထဲသို့

ဝင်သွားပြီးနောက် လော့ကျန်း က

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀,၀၀၀ ကျော်၊ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူ ၁၀၀,၀၀၀ နီးပါးကို ဦးဆောင်၍ ရှေးဟောင်းဒိုမိန်းမြို့သို့ ချီတက်လာခဲ့လေသည်။

သင်္ချိုင်းစောင့်ဘိုးဘေး ကို သတ်ရန် မြင့်မြတ်နယ်မြေ ၏အစီအစဉ် နှင့် ပူးပေါင်းပြီးနောက် ဤနေရာတွင် သူ့အတွက် အခွင့်အရေးရှိကြောင်းသဘောပေါက်သွားသည်။

အကြောင်းအရင်းမှာ မြင့်မြတ်နယ်မြေ က
ရင်းကို အဓိကထား လုပ်ဆောင်နေသဖြင့်
ဤသူတော်စင်တစ်ပိုင်းအဆင့် နှင့် ယန်ယဲ့
နှစ်ယောက်စလုံး သေချာပေါက်
သေရမည်ဖြစ်သည်။

ထို့အပြင် မြင့်မြတ်သောဟန်အင်ပါယာ က
မြင့်မြတ်နယ်မြေ ၏အကူအညီဖြင့်
တောင်ပိုင်းနယ်မြေ တွင်ချမှတ်ထားသည့်
စည်းမျဉ်းများကို
ဂရုမစိုက်စရာမလိုသောကြောင့်ပင်။

ဤအခိုက်တွင် လှော့ကျန်း အနားမှာ
မြင့်မြတ်နယ်မြေ ၏ဝတ်ရုံရှည်ကို
ဝတ်ဆင်ထားသည့် လူငယ်တစ်ဦး ရှိနေသည်။

လူငယ်က အသက်ငယ်ငယ်ဖြစ်သော်လည်း
မိန်းကလေးနှင့် အလွန်တူသည့်အပြင်
၎င်း၏ဝတ်ရုံရှည်ကလည်း မိန်းကလေးကဲ့သို့
အလွန်ရိုးစင်းလွန်းလှသည်။

တစ်စုံတစ်ယောက်က သူ့ကို
အမှတ်တမဲ့ကြည့်လိုက်လျှင်
မိန်းမပျိုတစ်ဦးဟုသာ ထင်သွားနိုင်ပေသည်။

လူငယ်၏ခါးတွင် ဓားတိုတစ်ချောင်း
ချိတ်ဆွဲထားသည်။ ဓားတိုအစား ဓားမြှောင်ဟု
ခေါ် နိုင်သည့်အထိ အလွန်တိုပါသည်။

၎င်း ၏နောက်တွင် မြင့်မြတ်နယ်မြေမှ
လူငယ်များအားလုံး ယောကျ်ားလေး၊
မိန်းကလေးအပါအဝင်လိုက်ပါလာကြသည်။

"ဒါက တောင်ပိုင်းနယ်မြေလား။ ဟီး….
ခေါင်းထူပိန်းတဲ့ ကျူးဒန်ဖုန်း က
ဒီစွန့်ပစ်ခံကမ္ဘာကြီးဖြစ်တဲ့
ဆန်းကြယ်တိုက်ကြီးမှာ တကယ်ပဲ

သေဆုံးလိမ့်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားခဲ့ဘူး။
ပိုပြီးဝမ်းနည်းစရာကောင်းတာက သူ့လိုလူဟာ
ဓားသမားတစ်ယောက်ရဲ့လက်ထဲမှာ
သေသွားရတာပဲ။ ဟီးဟီး၊ ဒီဓားအင်ပါယာ
ယန်ယွဲ့ နဲ့ ပတ်သက်ပြီး ငါတကယ်ကို ပိုပိုပြီး
သိချင်လာနေတယ်။ သူဘယ်လိုပုံစံလဲလို့
တွေးမိတယ်!” ထိုလူငယ်သည်
သူ့မျက်နှာပေါ်တွင် ချစ်စရာကောင်းသော
အပြုံးတစ်ခုရှိပြီး သူ့အသံက အလွန်စူးရှပြီး
နားဝင်ချိုသည်ဟုပင်ထင်ရ၏။

အကယ်၍ သူ့ကို မမြင်နိုင်ဘဲ အသံ ကြားရုံသာဆိုလျှင် အမျိုးသားဟု ထင်မည့်သူ မရှိနိုင်ပေ။

လော့ကျန်း သည် ထိုလူငယ်နှင့် မြင့်မြတ်နယ်မြေ မှ အခြားသူများကို ငုံ့ကြည့်လိုက်ပြီး သူ့မျက်လုံးနက်နက်များမှ လေးနက်သော အမူအရာ ထွက်ပေါ်လာသည်။

မကြာသေးမီကပင် မြင့်မြတ်သောဟန်အင်ပါယာ၏ သိုင်းကျောရာဇ် တစ်ဦးက ဤလူငယ်ကို လျှောင်ပြောင်သရော်ခဲ့သည်။ ထိုအချိန်တွင်

၎င်းတို့ ၁၁ ဦး၏ ပူးပေါင်းတိုက်ခိုက်မှုဖြင့် အဆိုပါ သိုင်းကျောရာ၏ လက်တစ်ဖက်ကို ဖြတ်တောက်ပစ်လိုက်သည်။

အဆိုပါ သိုင်းကျောရာ က အဆင့် ၁ သိုင်းကျောရာ သာ ဖြစ်သော်လည်း မည်သို့ပင်ဖြစ်စေ သိုင်းကျောရာ ဖြစ်နေဆဲပင်။

ထို့အပြင်၊ ၎င်းတို့ ၁၁ ဦးသည် တစ်ချက်တည်း တိုက်ခိုက်ရုံမျှသာဖြစ်သည်။ သို့သော် ၎င်းတို့ တိုက်ခိုက်မှုသည် သိုင်းကျောရာ

၏လက်မောင်းတစ်ဖက်ကို အသာလေး ဖြတ်တောက်ခဲ့သည်။

အထူးသဖြင့် လော့ကျန်း သည် ဤမျှလောက် လျင်မြန်သော ဓားနည်းစနစ်ကို မမြင်ဖူးပေ။ တစ်ချိန်တည်းတွင် သူကိုယ်တိုင်လည်း ၎င်းအား ခုခံနိုင်စွမ်းအပေါ် ယုံကြည်မှုမရှိခဲ့ပေ။

သို့သော်၊ ဤလူငယ်က မြင့်မြတ်နယ်မြေ ၏လူငယ်မျိုးဆက်မှာ အဆင့် ၉ နေရာတွင်သာရှိသည်။

ဤအရာသည် မြင့်မြတ်နယ်မြေ
၏ထိပ်တန်းပါရမီရှင်များ
မည်မျှထိတ်လန့်စရာကောင်းသနည်း။

လော့ကျန်း သည် ထိုနေ့တွင် မြင့်မြတ်နယ်မြေ
ကို မစော်ကားမိသဖြင့်
အတော်လေးကံကောင်းသည်ဟု
ခံစားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် သူသည်
တိုက်ကြီးတစ်ခုလုံးကို ပေါင်းစည်းပြီး
တိုက်ကြီးတစ်ခုလုံး၏ ယုံကြည်ခြင်းစွမ်းအင်
ကို မပေါင်းစည်းလျှင် မြင့်မြတ်နယ်မြေ အား

ရင်ဆိုင်နိုင်စွမ်းအပေါ်
ယုံကြည်မှုမရှိသောကြောင့်ပင်။

ဤအချိန်တွင် သူသည် ရေတွင်းထဲမှ
ကောင်းကင်ကို မော့ကြည့်နေသော
ဖားတစ်ကောင် ကဲ့သို့သာ ဖြစ်နေကြောင်း
သိလိုက်ရ၏။

မည်မျှ ရယ်စရာကောင်းလိုက်သနည်း?
ထိုလူ ယန်ယဲ့ သည် မြင့်မြတ်နယ်မြေ ကို
တိုက်ရိုက်စော်ကားဝံ့သည်။

"မြို့ကိုပဲတိုက်ခိုက်ကြရအောင်" ထိုလူငယ်က “ငါတို့ ဒီမှာ ပြီးတာနဲ့ မြင့်မြတ်နယ်မြေကို ပြန်ပြီး ကျင့်ကြံရမယ်။ မဟုတ်ရင် ငါ့အထက် အဆင့် မှာရှိတဲ့ လူယုတ်မာ ၈ ယောက်နဲ့ အများကြီး ကွာဟသွားလိမ့်မယ်။ လော့ကျန်း! ဒီတိုက်ကြီးမှာရှိတဲ့ စွမ်းအင်က တကယ်ကို ရှားပါးလွန်းတယ်လို့ ငါတကယ်ပြောရမယ်။ တော်တော် စက်ဆုပ်စရာကောင်းတယ်!”

လော့ကျန်း ၏ပါးစပ်ထောင့်များ အနည်းငယ် တုန်လှုပ်သွားကာ ပွစိပွစိနှင့် မိန်းကလေးတစ်ယောက်လို ပြောသံကို

ကြားရသောအခါ အကူအညီမဲ့စွာပြုံးလိုက်ပြီး "အစ်ကို ယောင်! မြို့ထဲမှာ နတ်မိစ္ဆာဧကရာဇ် ရှိနေသေးတယ်။"

"မိုက်မဲတယ်!" ယောင်ယွဲ့ ဟုခေါ်သော လူငယ်က လော့ကျန်း အား မျက်လုံးပြူးကြည့်ကာ “စစ်သားက စစ်သားတွေ၊ စစ်ဗိုလ်ချုပ်တွေက စစ်ဗိုလ်ချုပ်တွေကို တိုက်ခိုက်တယ်။ သူက ငါတို့ကို အပြစ်တင်မှာမဟုတ်ဘူး။ ဒါ့ပြင် သူလုပ်ရင်တောင် သူနဲ့ ရင်ဆိုင်မယ့်လူရှိတယ်။

ဒါကြောင့် မင်းရဲ့လက်အောက်ငယ်သားတွေကို မြို့ကိုတိုက်ခိုက်ဖို့ အမိန့်ပေးလိုက်ပါ။ စိတ်မပူပါနဲ့... ယန်ယဲ့ နဲ့ အဲဒီအရိုးစုကို မင်းအတွက် ငါဖြေရှင်းပေးမယ်။ ဒါပေမဲ့ မင်းငါ့ကိုဘယ်လိုကျေးဇူးတင်မှာလဲ"

လော့ကျန်း က အနည်းငယ် အံ့အားသင့်သွားပြီး ခြောက်ကပ်စွာ ရယ်မောကာ “အစ်ကို ယောင်ရေ၊ မင်းနောက်နေတာ ဖြစ်ရမယ်။ ငါ့ရဲ့ မြင့်မြတ်သော ဟန်အင်ပါယာမှာ ညီအစ်ကို ယောင်ယဲ့ လိုချင်တဲ့ အရာတစ်ခုကို ဘယ်လို ပိုင်ဆိုင်နိုင်မှာလဲ။”

"ငါ မင်းကို သဘောကျသွားပြီ!" ယောင်ယဲ့ က စကားပြောနေရင်း ရှက်ရွံ့သွားဟန်ဖြင့် မျက်နှာတစ်ပြင်လုံး နီရဲသွား၏။

လောကျန်း ၏ မျက်နှာသည် အေးခဲသွားပြီး နှုတ်ခမ်းထောင့်များပင်လျှင် အဆက်မပြတ် တုန်ခါသွားကာ သူ့အမူအရာက တုန်လှုပ်စရာတစ်ခုကို မြင်လိုက်ရသည့် မြင်ကွင်းတစ်ခုကဲ့သို့ပင်။

"ဟားဟား…။" ယောင်ယဲ့ က ရှုတ်တရက်
ရယ်မောရင်း ပါးစပ်ကို လက်ကလေးနဲ့ ပိတ်ကာ
“မင်းကြည့်ရတာ
ဘယ်လောက်ကြောက်နေပုံလဲ။ ငါက
နောက်တာပါ….”

"တိုက်ခိုက်! အားလုံး မြို့ကို တိုက်ခိုက်ကြ။ "
လော့ကျန်း သည် သူ့နောက်မှ စစ်သည်များကို
လှည့်ကြည့်ရင်း အမိန့်ပေးလိုက်ကာ
သူကိုယ်တိုင်လည်း ရှေးဟောင်းဒိုမိန်းမြို့သို့
ပျံသန်းသွားပါတော့သည်။

တင်းရှောက်ယောင် နှင့် အခြားသူများသည် မြို့ရိုးပေါ်တွင် ရပ်နေကြစဉ် ၎င်းတို့၏ မျက်နှာပေါ်မှာလေးနက်သော အမူအရာများ ရှိနေကြသည်။

ထိုအချိန်တွင် ချင်ရှီယူ က “ငါတို့ စောင့်ကြည့်နေလို့မရဘူး။ မဟာဝက်ပါအစီအရင်က တစ်ရက်တည်းပဲ ခံနိုင်လိမ့်မယ်။”

"သူတို့က ငါတို့မြို့ကနေ ထွက်လာဖို့ စောင့်နေတယ်!" တင်းရှောက်ယောင် က အသံတိုးတိုးလေးနဲ့ပြောလိုက်သည်။

"လော့ကျန်း အနားက လူ ၁၁ ယောက်ကို တွေ့လား။ ငါထင်တာ မမှားရင် သူတို့ဟာ မြင့်မြတ်နယ်မြေက ဖြစ်တာ သေချာတယ်။ တစ်ခုတည်းသောအရေးကြီးဆုံးအရာက သူတို့ပိုင်ဆိုင်တဲ့ စွမ်းအားတွေပဲ”

“အားလုံးပြီးပြီ….” ထိုအချိန်တွင် လန်ယွင် က ရုတ်ချည်းပြောလာခဲ့သည် "ကြည့်ရတာ မြင့်မြတ်နယ်မြေ က တောင်ပိုင်းနယ်မြေနဲ့ ယန်ယွဲ့ ကို ဖျက်ဆီးဖို့ စိတ်ပိုင်းဖြတ်ထားပုံပါပဲ။ အဲဒီလူက ဘယ်သူလဲ သိလား။ ငါတို့ မြင့်မြတ်နယ်မြေမှာ သူ့ကို လူငယ်

ဆေဘာအင်ပါယာ လို့ခေါ်တယ်။ သူ့ရဲ့ တိုက်ခိုက်မှုတွေက အရမ်းမြန်ဆန်လို့ သိုင်းကျောဇ်တွေတောင် တုံ့ပြန်ဖို့ မဖြစ်နိုင်သလောက်ပဲ။

ဒါ့အပြင် သူ့ဘေးနားမှာရှိတဲ့ လူငယ် ၁၀ ဦးကလည်း မြင့်မြတ်နယ်မြေ ရဲ့ ထိပ်ဆုံးရောက်ပါရမီရှင်တွေချည်းပဲ။ သူတို့အတွက် အဆင့်တူ ၁၀၀ လောက်ကို ရင်ဆိုင်ဖို့ဆိုတာ မခက်ခဲဘူး။"

“ဒါဆို ငါ့တောင်ပိုင်းနယ်မြေ စစ်ရှုံးမှာ သေချာတယ်လား?” တင်းရှောက်ယောင် က

လန်ယွင် ကို လှည့်ကြည့်လာရင်း အပြုံးနဲ့ ပြောလိုက်သည်။

"နင်ဘယ်လိုထင်လဲ?" လန်ယွင် က အေးစက်စွာ ရယ်မောလိုက်သည်။

တင်းရှောက်ယောင် သည် မည်သည့်စကားမှ ပြောမနေတော့ဘဲ အကြည့်ကို ရုတ်လိုက်တော့သည်။

ထိုအချိန်တွင် လန်ယွင် က “ယန်ယဲ့ က
သိပ်သန်မာတာမဟုတ်ဘူးလား။
နင်သူ့ကိုစမ်းကြည့်ခိုင်းလို့ရတယ်!"

ရှောင်ယုရှီ က တင်းရှောက်ယောင် ကို
စိုက်ကြည့်နေသည်။ သူမ ခဏကြာ
လေးလေးနက်နက် စဉ်းစားပြီးမှ ရှောင်ယုရှီ ထံ
အသံတစ်ခု ပို့လိုက်သည်။ "
နတ်မိစ္ဆာကေရာဇ်က သူ့ကို
အကြောင်းကြားထားပေမယ့် ဘာမှန်းမသိတဲ့
အကြောင်းအရင်းကြောင့် ခုထိ
ပေါ်မလာသေးဘူး။နတ်မိစ္ဆာကေရာဇ်

ရဲ့စွမ်းအားနဲ့ သူ့ကို ချက်ချင်းခေါ်ထုတ်နိုင်ပေမဲ့ မတော်တဆဖြစ်မှာကို စိုးရိမ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ယန်ယဲ့ က ရွှေနဂါးမျိုးနွယ် ရဲ့ကောင်းကင်လျှပ်စီးရေကန် အဆင့် ၈ အလွှာထဲမှာ ရောက်နေလို့ပဲ။ နတ်မိစ္ဆာကေရာဇ် ရဲ့ပြောစကားအရဆို အဲဒါက အရမ်းထူးခြားဆန်းကြယ်နေတယ်။"

"သူအဆင်ပြေမှာပါနော်။ ဟုတ်တယ်မဟုတ်လား?" ရှောင်ယုရှီ က တိုးညှင်းသော အသံဖြင့် ပြောသည်။

တင်းရှောက်ယောင် က ခေါင်းခါပြီး “သူ အဆင်ပြေနေသင့်တယ်။ တစ်ခုခုအမှားဖြစ်ရင် နတ်မိစ္ဆာကေရာဇ် က အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲပြီးသူ့ကို အဲဒီကနေ ခေါ်ထုတ်လိမ့်မယ်။ ဒါပေမဲ့ သူ မကြာခင် ထွက်လာရမယ်၊ မဟုတ်ရင် အကြီးအကဲမူ အနိုင်ရရင်တောင် ငါတို့အတွက် သိပ်မကောင်းနိုင်ဘူး။"

ရှောင်ယူ့ရှီ က ရုတ်တရက် အေးစက်စက် ပြောလိုက်သည်။ "မြင့်မြတ်နယ်မြေ က

ပါရမီရှင်တွေရဲ့ခွန်အားကို ငါ
စမ်းကြည့်ချင်တယ်။"

“မဟုတ်ဘူး!” ချင်ရှီယူ၊ တင်းရှောက်ယောင်၊
လုကျန်းယောင် နှင့် စုချင်းရှီ တို့က
တပြိုင်နက်တည်း တားလိုက်ကြသည်။

ချင်ရှီယူ က အပြုံးလေးနဲ့ "နင်က
အဲဒီလူဆိုးကောင် အတွက် အဖိုးတန်တယ်။ နင်
မတော်တဆတစ်ခုခုဖြစ်ရင်
သူရှုံးသွားမှာမဟုတ်ဘူးလား?"

တင်းရှောက်ယောင် က ခေါင်းညိတ်ကာ "ရှီယူ ပြောတာ မှန်တယ်။ ယုရှီ! မြင့်မြတ်နယ်မြေ ရဲ့ပါရမီရှင်တွေက နင် ရင်ဆိုင်နိုင်တဲ့အရာတွေ မဟုတ်ဘူး။နင် မြို့ထဲကနေ ထွက်တာနဲ့ သေတာပဲဖြစ်ဖြစ် အဖမ်းခံရတာပဲ ဖြစ်ဖြစ် သူ့အတွက် ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ အဲလိုမှမဟုတ်ရင် ဘာကိုမှ စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိတဲ့ အရူး ဓားအင်ပါယာ ဖြစ်သွားလိမ့်မယ်။"

“ငါ အရမ်းအားနည်းနေသေးတယ်။
အန်နန်ကျင်း သာဒီမှာရှိနေရင်….” ရှောင်ယုရှီ
ဟာ အသံတိုးတိုးလေးနဲ့ ပြောလိုက်ပါသည်။

ကျန်သူများအားလုံးလည်း
တိတ်ဆိတ်သွားကြသည်။

မှန်ပေသည်။ အန်နန်ကျင်း သာ ရှိနေခဲ့လျှင်
မြင့်မြတ်နယ်မြေ မှ ပါရမီရှင်များကို
သေချာပေါက် ရင်ဆိုင်နိုင်မည်ဖြစ်အသည်။

ဤအခိုက်အတန့်တွင်
ရှေးဟောင်းဒိုမိန်းမြို့အထက် ကောင်းကင်ယံ၌

သွေးနီရောင်အလင်းတန်းများ
လင်းလက်လာသည်။

အုန်း!

ရှေးဟောင်းဒိုမိန်းမြို့ ၏အပြင်ဖက်တွင်
အရိုးစုတစ်ခု ခုန်ချလာသည်။

အလောင်းကောင်ဘိုးဘေး က
သွေးနီရောင်ဓားကြီး ကို ယမ်းလိုက်ရာ
ကောင်းကင်ကို ဖြတ်တောက်နိုင်သည့်

သွေးရောင်အလင်းတန်းတစ်ခု
ရှေ့သို့ပေါက်ကွဲထွက်လာလေသည်။

သွေးနီရောင်အလင်းတန်းက လေထုကို
ထိုးဖောက်ကာ ရှေ့ဆုံးမှ ပြေးတက်လာသည့်
မြင့်မြတ်သောဟန်အင်ပါယာ မှ
စစ်သည်အချို့ကို တိုက်ရိုက်
သတ်ဖြတ်ပစ်လိုက်သည်။

"ဟားဟား!!" အလောင်းကောင်ဘိုးဘေး က
သွေးဓားကြီးကို ယောင်ယဲ့ နှင့်အဖွဲ့အား
ထိုးချိန်ရင်း ကျယ်လောင်စွာ

ရယ်မောလိုက်သည်။ “မြင့်မြတ်နယ်မြေ
ရဲ့လူယုတ်မာတွေ! မင်းတို့က ဘယ်လိုဖြစ်ပြီး
ကိုယ့်ကိုယ်ကို
ပါရမီရှင်တွေရယ်လို့ခေါ် ရဲတာလဲ?"

"အဲဒါအရိုးစုလား?" ယောင်ယဲ့ က အနည်းငယ်
စိတ်ဝင်စားသည့် အမူအရာနှင့် ပြောလိုက်သည်
“မဆိုးပါဘူး။ သူ့ရဲ့ကြံ့ခိုင်မှုက တကယ်ကို
မဆိုးဘူး။”

“သူ့ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့် နဲ့
ယှဉ်နိုင်တယ်။ အစ်ကို ယောင်ယဲ့! မင်း သူ့ကို

လျှော့မတွက်သင့်ဘူး!" လော့ကျန်း က အသံတိုးတိုးလေးနဲ့ ပြောလိုက်ပါသည်။

"ဘာလဲ?" အလောင်းကောင်ဘိုးဘေး က ရုတ်တရက်  “မြင့်မြတ်နယ်မြေမှာ ပါရမီရှင်တွေ မရှိတော့ဘူးလား? ဒီလို ယောက်ျားမဟုတ် မိန်းမလည်းမဟုတ်တဲ့သူကို ဘာလို့ လွှတ်လိုက်တာလဲ?”

အလောင်းကောင်ဘိုးဘေး ၏လှောင်ပြောင်သံကို ကြားသောအခါ

လော့ကျန်း လည်း
ခဏကြာအုံ့အားသင့်သွားသည်။
ထို့နောက် ခေါင်းယမ်းကာ
အလောင်းကောင်ဘိုးဘေးကို
အနည်းငယ်သနားသောအမူအရာနဲ့
စိုက်ကြည့်နေသည်။

မှန်သည်။ ယောင်ယဲ့ ၏မျက်နှာတွင်
အပြုံးပျောက်ကွယ်သွားကာ ချက်ချင်းပင်
ကြောက်မက်ဖွယ်အငွေ့အသက်များနှင့်
အေးစက်စက်အမူအရာများထွက်ပေါ်လာခဲ့ပါ
သည်။

ဤအချိန်တွင် ရုတ်တရက်ဆိုသလိုပဲ
အလင်းတန်းတစ်ခု လင်းလက်သွား၏။
ထိုအလင်းတန်းက
အလောင်းကောင်ဘိုးဘေးက လွဲ၍ မည်သူမျှ
မမြင်နိုင်သည့်အထိ အလွန်လျှင်မြန်လှသည်။

သို့သော် အလောင်းကောင်ဘိုးဘေး က ၎င်းကို
ရှင်းရှင်းလင်းလင်း မြင်လိုက်သည့်တိုင်
ရှောင်တိမ်းရန် နောက်ကျသွားပြီဖြစ်သည်။

အုန်း!

အလောင်းကောင်ဘိုးဘေး ၏ခန္ဓာကိုယ်ကြီး က
၁ ကီလိုမီတာ အကွာထိ လွင့်ပျံသွားကာ
ရှေးဟောင်းဒိုမိန်းမြို့၏မြို့ရိုးနှင့်ပါ
တိုက်ချသွားသည်။

ဤမြင်ကွင်းကို တောင်ပိုင်းနယ်မြေ နှင့်
ရှေးဟောင်းဒိုမိန်းမြို့မှ ကျင့်ကြံသူအားလုံး
အံ့သြတုန်လှုပ်စွာ
ငေးကြောင်ကြည့်နေခဲ့ကြလေသည်။

...၆၈၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၈၀ - သေရမယ်

“အာ!!!”အလောင်းကောင်ဘိုးဘေး သည် နောက်တစ်ကြိမ် ထပ်မံ၍ လွင့်ပျံသွားပြီးနောက် ၎င်းထံမှ ပြင်းထန်သော သွေးလှိုင်းများ ရုတ်တရက် ထွက်ပေါ်လာပြီး ယောင်ယွဲ့ ဆီသို့ တိုးဝင်လာသည်။

မျက်လုံးနှစ်လုံးနဲ့ပင် ဖမ်းဆုပ်ရန် မဖြစ်နိုင်သော
အဖြူရောင် အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက် သွေးလှိုင်းများက
ချက်ချင်းဆိုသလို အာကာသဟင်းလင်းပြင်
ထဲမှာပဲ နှစ်ပိုင်းကွဲထွက်သွားပါတော့သည်။

ထို့နောက်တွင် အဖြူရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြန်သည်။

ဘုန်း!

အလောင်းကောင်ဘိုးဘေး က မတ်တပ်ရပ်လိုက်သော်လည်း လွင့်ထွက်သွားရပြန်သည်။

ခွပ်....ဘန်း!

မဟာဝက််ပါအစီအရင်က ပြင်းထန်စွာ တုန်ခါသွားပြီးနောက် တဟုန်ထိုး ပေါက်ကွဲကာ အပိုင်းပိုင်းကွဲထွက်သွားသည်ကို လူတိုင်း ထိတ်လန့်တုန်လှုပ်စွာ စောင့်ကြည့်နေကြသည်။

မဟာဝက်ပါအစီအရင် ပျက်စီးသွားခဲ့လေပြီ။

“သတ်!” လော့ကျန်း ၏ စိတ်လှုပ်ရှားနေသော အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

တင်းရှောက်ယောင် ၏မျက်လုံးများဟာ မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်သည်များ တဟုန်ထိုး ချီတက်လာသည်ကို မြင်သောအခါ ကျဉ်းမြောင်းသွားပြီး "လူတိုင်း သေတဲ့အထိ တိုက်ပွဲဝင်ဖို့ အသင့်ပြင်ထားကြ!"

တစ်ဖက်တွင်မူ ရှောင်ယုရှီ နှင့် စုချင်းရှီ တို့နှစ်ဦးက အကြည့်ချင်း ဖလှယ်လိုက်ကာ ယောင်ယဲ့ တို့ အဖွဲ့ဆီသို့ ပျံသန်းသွားကြသည်။

ဤမြင်ကွင်းကို မြင်သောအခါ ချင်ရှီယူ လည်း အားနည်းချက်ကို မပြသလိုပေ။
တစ်ချိန်တည်းမှာပဲ မြို့ရိုးပေါ်ကနေ လိုက်ပါ ခုန်ချသွား၏။

တင်းရှောက်ယောင် ဟာ ဤမြင်ကွင်းကို မြင်တွေ့ပြီး ထိတ်လန့်သွားသည်။ သူမက ဘေးမှာ တိတ်ဆိတ်စွာ ရပ်နေသည့် အန်ပိုင်ယဲ့ ကို လှည့်ကြည့်လိုက်ပြီး "အန် မင်းသမီး! ကျေးဇူးပြုလို့ သူတို့ကို လက်တစ်ဖက်လောက်ငှားပါ။"

အန်ပိုင်ယဲ့ က ခေါင်းမညိတ်ခင် ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး သူမ၏ သွယ်လျသောလက်ချောင်းများကို အနည်းငယ်လှုပ်လိုက်သည်။

ချက်ချင်းပင် အာကာသဟင်းလင်းပြင် သည် ပြင်းထန်စွာ တုန်ခါသွားပြီးနောက် အနက်ရောင်အရိပ် ၃၀ ကျော် ရုတ်တရက် ပေါ်လာပြီးနောက် ရှောင်ယုရှီ နှင့် ကျန် မိန်းမပျို နှစ်ဦး ၏ပတ်ပတ်လည်မှာ ဝိုင်းရံကာထားလိုက်ကြသည်။

ဤအခိုက်တွင် ယောင်ယဲ့ ၏အကြည့်များသည် ရှောင်ယုရှီ နှင့် အခြားလူများဆီသို့ ရောက်သွားကာ လော့ကျန်း ကို ပြောလိုက်သည်။ "သူတို့က ယန်ယဲ့ ရဲ့မိန်းမတွေလား ?"

လော့ကျန်း က ခေါင်းညိတ်ပြီး "ဘာလို့လဲ? အစ်ကို ယောင်ယဲ့! မင်း သူတို့နဲ့အချိန်ကုန်ဆုံးဖို့ စိတ်ဝင်စားလား"

"ငါက အစ်ကိုလော့ လို ချောမောတဲ့ ယောက်ျားတွေကိုပဲ စိတ်ဝင်စားတာပါ..." ယောင်ယဲ့ က အနည်းငယ် မျက်မှောင်ကြုတ်ကာ လော့ကျန်း ကို ရှက်ရွံ့စွာ ကြည့်လိုက်သည်။

လော့ကျန်း ၏ ပါးစပ်ထောင့်များသည်လည်း လှုပ်ယမ်းသွားပါတော့သည်။

"နောက်နေတာပါ!" ယောင်ယဲ့ က ရုတ်တရက် ပြုံးကာ "မင်းဘယ်လောက်ထိကြောက်နေလဲ ကြည့်စမ်း။ ဘယ်လောက်တောင် ပျင်းစရာကောင်းလဲ!"

လော့ကျန်း က ခြောက်ကပ်ကပ် ရယ်မောလိုက်ပြီး ခေါင်းစဉ်ကို ကမန်းကတန်းပြောင်းလိုက်သည်။ "အစ်ကို

ယောင်! မင်း ယန်ယဲ့ ကို
သိပ်သိချင်နေတာမဟုတ်ဘူးလား။ မင်းသူတို့ကို
ဖမ်းထားသရွေ့တော့ သူကိုယ်တိုင်
ထွက်လာမယ်လို့ ငါအာမခံတယ်"

"မင်းငါ့ကိုသုံးချင်ရင်
ပွင့်ပွင့်လင်းလင်းပြောနိုင်တယ်..." ယောင်ယဲ့ က
မျက်လုံးလေးမှိတ်ကာ လော့ကျန်းကို
စွဲဆောင်မှုအပြည့်နဲ့ ကြည့်လိုက်ရာ လော့ကျန်း
၏မျက်လုံးများ က
ပြူးကျယ်သွားပါလေသည်။

ယောင်ယဲ့ က ရုတ်တရက် အကြည့်ကို ရုတ်သွားပြီး ရှောင်ယုရှီ နှင့် ကျန်မိန်းမပျို နှစ်ဦးကို စူးစိုက်ကြည့်လိုက်သည်။

"သူတို့ ဘယ်လောက်ပဲ ပျော့ညံ့နေပါစေ ငါ့ရဲ့ မြင့်မြတ်နယ်မြေ အဖွဲ့ဝင်တွေက ယန်ယဲ့ သတ်ချင်တိုင်း သတ်နိုင်တဲ့သူတွေမဟုတ်ဘူး။ အဲဒီအမျိုးသမီးတွေကို ဖမ်းမိတာနဲ့ ကျင့်ကြံခြင်းအခြေခံတွေ ဖျက်ဆီးမယ်။ ပြီးရင် တပ်ဖွဲ့ဝင်တွေအတွက် အပန်းဖြေလို့ရတဲ့အရာတွေလုပ်ပေးလိုက်တာပေါ့။ အစ်ကိုလော့! မင်းဘယ်လိုထင်လဲ"

လော့ကျန်း က ပြုံးပြီးပြောသည်။

"လှပတဲ့အမျိုးသမီးတွေကို ဒီလို ပြောင်းလဲလိုက်တာက တော်တော်သနားစရာကောင်းပေမယ့် အဲဒါကို မကူညီနိုင်ပါဘူး။ မသိနားမလည်တဲ့ ယန်ယွဲ့ကို ကူညီနေတာက သူတို့အပြစ်ပဲ။ ဟားဟား…။ ညီအစ်ကိုတို့! ကြားလား!? မြန်မြန် အစွမ်းကုန် တိုက်ခိုက်ကြ။"

"ဟားဟား!!" မြင့်မြတ်သောဟန်အင်ပါယာ၏ မရေမတွက်နိုင်သော စစ်သည်များသည်လည်း ရူးသွပ်စွာ ရယ်မောလိုက်ကြသည်။

"ယုရှီ! ဒီကို မြန်မြန်ပြန်လာခဲ့!"

ယောင်ယဲ့ က အေးစက်စွာ ရယ်မောပြီး "ဒါက အရမ်းနောက်ကျနေပြီ!"

ယောင်ယဲ့ က တိုက်ခိုက်ရန် ပြင်လိုက်စဉ်

မိုးကုပ်စက်ဝိုင်းမှ နဂါးဟိန်းသံ

ထွက်ပေါ်လာခဲ့လေသည်။

ထို့နောက် ရှေးဟောင်းဒိုမိန်းမြို့ အထက်

ကောင်းကင်တွင်

ရောမစွမ်းအင်လှိုင်းလုံးကြီးတစ်ခု

ပေါ်လာသည်။

တင်းရှောက်ယောင် သည်

ဤမြင်ကွင်းကိုမြင်လိုက်သောအခါ

ချက်ချင်းပင် သက်ပြင်းချလိုက်ပါသည်။

တစ်ဖက်တွင်မူ လော့ကျန်း နှင့်

သူ့နောက်ကွယ်မှ စစ်သည်များ အားလုံး
အမူအရာများ
သိသိသာသာပြောင်းလဲသွားကြသည်။

ဝေါင်း!

ထိုအခိုက်တွင် ရွှေရောင်နဂါးကြီး တစ်ကောင်
လေထဲတွင် ပေါ်လာပြီး အောက်မြေပြင်မှ
စစ်တပ် ထဲသို့ တဟုန်ထိုး ပျံသန်းသွား၏။

ပြေးကြဟေ့.....။

စစ်သည်များ အားလုံး အမှုအရာများ
သိသာစွာပင်ပြောင်းလဲသွား၏။

ထို့နောက်တွင် တုံ့ဆိုင်းမနေဘဲ ပတ်ဝန်းကျင်
ဆီသို့ ကမန်းကတန်း ထွက်ပြေးကြသည်။

အုန်း!

နေရာတစ်ခုလုံး တုန်ခါသွားပြီးနောက်
မရေမတွက်နိုင်သော နာကျင်သံများ၊

အော်ငြီးသံများ ကျယ်လောင်စွာ
ထွက်ပေါ်လာပါသည်။

လော့ကျန်း ၏အမူအရာသည်လည်း
ဆိုးဆိုးရွားရွား ပင်ဖြစ်နေလေသည်။

ဤတိုက်ခိုက်မှုတစ်ခုတည်းဖြင့်ပင်
ထောင်ချီသော ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူများနှင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀၀ ကျော်
ချက်ချင်း သေဆုံးသွားခဲ့လေသည်။

“ငါ့ရဲ့တောင်ပိုင်းနယ်မြေကို
တိုက်ခိုက်တဲ့လူတိုင်း ဒီနေ့သေရမယ်။"
ဤအချိန်တွင် ရွှေရောင်နဂါးကြီး
၏ကျောပေါ်ကနေ ယန်ယဲ့ ၏အသံလှိုင်း
ထွက်လာပြီး မိုးချိန်းသံကဲ့သို့ ပတ်ဝန်းကျင် တွင်
ပျံ့လွင့်သွားပါသည်။

...၆၈၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၈၁ - တိုက်ပွဲ

တောင်ပိုင်းနယ်မြေမှ ကျင့်ကြံသူအားလုံး ယန်ယဲ့ ကိုမြင်လိုက်သည်နှင့် ချက်ချင်းပင် သက်ပြင်းချကြသည်။

မည်သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပါစေ ယန်ယဲ့ သာ ရှိနေလျှင် ၎င်းတို့မှာ အသက်ရှင်ရန် အခွင့်အရေး ရှိကြောင်း ခံစားရသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့ မျက်စိရှေ့မှာ ယန်ယဲ့ ကျရှုံးသည့်မြင်ကွင်းကို တစ်ခါမျှ မမြင်တွေ့ဖူးသောကြောင့်ပင်။

အပြန်အလှန်အားဖြင့် ဗဟိုနယ်မြေမှ
ကျင့်ကြံသူများ နှင့်
မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်သည်များ
အားလုံး ၎င်းတို့ မျက်လုံးထဲတွင်
ကြောက်ရွံ့မှုများ ထွက်ပေါ်လာကြသည်။

ယန်ယဲ့ ၏ကြောက်မက်ဖွယ်ခွန်အား နှင့်
ဂုဏ်သတင်းကို လူတိုင်း
သတိပြုမိကြသည်မဟုတ်သလော။
မြင့်မြတ်နယ်မြေ ၏ထိပ်သီးပညာရှင်များ
ရှိနေသည့်တိုင် ယန်ယဲ့ ကို အနိုင်ယူနိုင်မည်ဟု
မည်သူမှ အာမမခံရဲကြပေ။

တောင်ပိုင်းနယ်မြေ၏ ကျင့်ကြံသူများကဲ့သို့ပင်
၎င်းတို့လည်း ယန်ယဲ့ ရှုံးနိမ့်သည်ကို
မမြင်ဖူးသောကြောင့်ပါ။

ယန်ယဲ့သည် လဲ့လင် ကို ပွေ့ချီထားရင်း
ယောင်ယဲ့ နှင့် လော့ကျန်း ထံသို့
လျှောက်သွားလိုက်သည်။

ဤအချိန်တွင် မြင့်မြတ်သောဟန်အင်ပါယာ
၏မည်သည့် စစ်သည် သို့မဟုတ်
ကျင့်ကြံသူကမှ သူ့ရှေ့မှာ
တားဆီးဝံ့ခြင်းမရှိပေ။

ထောင်သောင်းချီသည့် စစ်သည်များအားလုံး
အလိုလို နောက်ပြန်ဆုတ်၍ ယန်ယဲ့ အတွက်
လမ်းဖွင့်ပေးလိုက်ကြသည်။

ဤမြင်ကွင်းကို မြင်လိုက်ရာ လော့ကျန်း ၏အမူအရာသည်အလွန်ဆိုးရွားသွားခဲ့သည်။

သူ စကားပြောခါနီးမှာပဲ ယန်ယဲ့ က လျစ်လျူရှုပြီး ယောင်ယဲ့ ကို စိုက်ကြည့်ရင်း "မင်းပြောတာ ငါကြားတယ်"

ယောင်ယဲ့ က ညှိုပြုံ့ယူလိုသောအကြည့်နဲ့ ယန်ယဲ့ ကို စိုက်ကြည့်ကာ ပြုံးလိုက်ရင်း "ဒါဆို ဘာဖြစ်လဲ"

ယန်ယဲ့ က ရယ်မောပြီး “ငါက ညှဥ်းပန်းနှိပ်စက်တာကို ဘယ်တုန်းကမှ စိတ်မဝင်စားပေမယ့် အခု ရုတ်တရက် လုပ်ချင်သွားပြီ။ စိတ်မပူပါနဲ့ နောက်မှသတ်မှာမဟုတ်ဘူး။ မင်းက မိန်းမ ဖြစ်ချင်သလိုပဲ။ ကောင်းပြီ၊ ခဏနေရင် မင်းကို အမှောင်မှော်သားရဲ စစ်တပ်ထဲကို ပစ်ချလိုက်မယ်။ ပြီးတော့ မင်းမိန်းမတစ်ယောက်လို ခံစားရတာကို တကယ်ခံစားနိုင်မှာပါ။ ဒါ့အပြင် မြင့်မြတ်နယ်မြေ က

အခြားအဖွဲ့ဝင်တွေကိုလည်း ငါ
ဒီလိုလုပ်ပေးမှာပါ။"

နဂါးတစ်ကောင်မှာ
ပြောင်းပြန်အကြေးခွံရှိပေသည်။

၎င်းကို ထိမိလျှင် သေချာပေါက်
နဂါးအမျက်ထွက်ပါလိမ့်မည်။

တစ်နည်းပြောရလျှင် ယောင်ယဲ့
ပြောလိုက်သည့် စကားသည် ယန်ယဲ့
၏ပြောင်းပြန်အကြေးခွံကို ထိမိသွားခြင်းပင်။

"ဟားဟား!" ယောင်ယဲ့ က ရယ်လိုက်ပြီး
အနည်းငယ် စူးရှသည့် အကြည့်ဖြင့် ယန်ယဲ့
ကိုကြည့်ရင်း ခေါင်းယမ်းလိုက်သည်။

"မင်း ကျူးဒန်ဖုန်း ကိုသတ်နိုင်ခဲ့တဲ့အတွက်
မင်းရဲ့အင်အားက မဆိုးဘူးဆိုတာ
ငါဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒါက မင်းငါ့ကို
တိုက်ခိုက်ဖို့ အရည်အချင်းပြည့်မီရုံပဲ ဆိုတာ
နားလည်လား။ မင်းရဲ့ ဒေါသကြောင့်

ငါပြောခဲ့သမျှကို ငါသေချာပေါက်
နားလည်သွားပြီ။ အဲဒါက အရမ်းမကောင်းဘူး။
ဒါ့အပြင် မင်းရဲ့မိန်းမတွေ ခံစားနေရတဲ့
ကြောက်စရာကောင်းတဲ့ အကျိုးဆက်တွေကို
မင်းကို ငါ သေချာပေါက် ကြည့်ခိုင်းလိုက်မယ်။
”

ယန်ယဲ့ သည် အဓိပ္ပါယ်မဲ့
စကားပြောနေခြင်းကို ရပ်ကာ တစ်ဖက်သို့
လှည့်ပြီး တင်းရှောက်ယောင် ကို
လက်ညှိုးထိုးပြကာ "လဲ့လင်၊ အဆင်ပြေရင်
အဲဒီ အစ်မကြီး ဆီသွားလိုက်။"

လှဲ့လင် က မျက်တောင်ပုတ်ခတ်လုပ်ရင်း

“ဒီကောင်တွေကို ငါကူညီနိုင်တယ်!”

ယန်ယဲ့ က ခေါင်းယမ်းပြီး ပြုံးလိုက်သည်

"အဲ့ဒီအစ်မတွေကို ကောင်းကောင်း

ဂရုစိုက်ပေးပါလား!"

လှဲ့လင် က အမှန်ပင်

ကြောက်စရာကောင်းလွန်း၏။

ယန်ယဲ့ ဓါ်ခန့်မှန်းချက်အရ သူမလေးဟာ ကျူးဒန်ဖုန်း ထက် အနည်းငယ်ပို၍ သန်မာပေသည်။

သူမသည် တိုက်ပွဲ အတွေ့အကြုံမရှိပေ။ လျှပ်စီးကြောင်းကို ကြုံသလို ပစ်ချရုံမျှသာ…။

သို့သော် လျှပ်စီးကြောင်းကို ခုခံရန် သူ၏ အဆင့် ၁၀ ဓားစိတ်ဆန္ဒ ကို အသုံးမပြုလျှင် ယန်ယဲ့ ကိုယ်တိုင်လည်း အတော်လေး ထိတ်လန့်ပါသည်။

လဲ့လင်က ခေါင်းညိတ်ပြပြီးနောက်
ပြန်လှည့်ကြည့်ကာ တစ်ခုခုကို တွေးနေပုံဖြင့်
ယန်ယဲ့အနားပြန်ကပ်လာသည်။

ထို့နောက် သူမ၏ လက်သေးသေးလေးကို
ယန်ယဲ့ ထံသို့ ဆန့်လိုက်သည်။

ယန်ယဲ့ သည်လည်း အကူအညီမဲ့စွာ ပြုံးပြီး
သူမ၏လက်သေးသေးလေးပေါ်မှာ
ဝိညာဉ်သစ်သီး ၂ လုံး တင်ပေးလိုက်ပါသည်။

ထိုအခါ လဲ့လင် က ချစ်စဖွယ်ပြုံးကာ
လက်ထဲမှာ ဝိညာဉ်သစ်သီး ၂ လုံး ကိုင်ထားရင်း
တင်းရှောက်ယောင် ဆီသို့ ပြေးသွားလေသည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကြားမှာ
ကလေးမလေးတစ်ဦး ပြေးလွှားနေသည့်
မြင်ကွင်းဟာ အနည်းငယ်တော့ ထူးဆန်းနေ၏။

ဤအခိုက်တွင် လော့ကျန်း သည် သူ့ဘေးက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးအား
မျက်ရိပ်ပြလိုက်သည်။

ထိုလူက အနည်းငယ်
အနည်းငယ်ခေါင်းညိတ်လိုက်ပြီး ရှေ့တိုးကာ
လဲ့လင် ကို ဖမ်းလိုက်သည်။

ထိုအချိန်တွင် လဲ့လင် က ထွက်ပြေးနေသည်ကို
ရပ်ကာ မျက်တောင်ခတ်လိုက်သည်။ သူမ၏
မျက်လုံးထဲကနေ လျှပ်စီးကြောင်းနှစ်ခု
ထွက်ပေါ်လာပြီး ထို
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ကို
ချက်ချင်းပေါက်ကွဲသွားစေသည်။

ထို့နောက်တွင်တော့ ကျန်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ အားလုံး
ဘာဖြစ်သွားမှန်းပင်မသိသဖြင့်
ဤမြင်ကွင်းကိုသာ ထိတ်လန့်စွာ
ကြည့်နေကြသည်...။

လော့ကျန်း ၏မျက်လုံးများပင်လျှင်
ကျဉ်းမြောင်းလာသည်။

"ဒီကလေးမလေးက ဘယ်လို နတ်ဆိုးမျိုးလဲ?
အဆင့် ၆ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို
တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တယ်။ ချီး!
သောက် ယန်ယဲ့ က

ဒီလိုကြောက်စရာကောင်းတဲ့ နတ်ဆိုးလေးကို ဘယ်ကနေဘယ်လိုတွေ့လာတာလဲ?"

ယောင်ယဲ့ ၏မျက်လုံးထဲတွင်မူ အံ့သြစရာအရိပ်အယောင်တစ်ခု ပေါ်လာသည်။

လဲ့လင် က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို သတ်ပစ်ပြီးနောက် ဝိညာဉ်သစ်သီး ၂ လုံးကို လက်သေးသေးလေးနှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း မြင့်မြတ်သောဟန်အင်ပါယာ၏ပညာရှင်များကို စိုက်ကြည့်နေသည်။

ထို့နောက် သူမလေးက ချစ်စဖွယ်
အသံစူးစူးလေးနဲ့ “နင်တို့အားလုံး
ငါ့ဝိညာဉ်သစ်သီးတွေကို လုယူဖို့
ကြံနေကြတာလား”

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များလည်း
လဲ့လင် စိုက်ကြည့်နေသည်ကို
သတိပြုမိသောအခါ အလိုလို
ခေါင်းယမ်းလိုက်ကြသည်။

၎င်းတို့ရှေ့မှာ ရပ်နေသည့် ကလေးမလေးက အဆင့် ၆ ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို အသာလေးသတ်ပစ်ခဲ့၏။

၎င်းတို့ ခေါင်းခါပြသည်ကို မြင်သောအခါ လဲ့လင် က ချစ်စဖွယ် ပြုံးကာ ခြေထောက်ကို တစ်ချက်နင်းလိုက်သည်။

သူမ၏ခြေထောက်အောက်မှာ လျှပ်စီးကြောင်းတစ်ခုပေါ်လာပြီး လဲ့လင်၏ခန္ဓာကိုယ်သေးသေးလေးက တင်းရှောက်ယောင် ဘေးနားတွင် ချက်ချင်းပေါ်လာသည်။

သူမ၏ အမြန်နှုန်းဟာ

အလွန်လျင်မြန်နေသောကြောင့် လူတိုင်း

ပင်လျှင် အံ့အားသင့်သွားခဲ့ကြလေသည်။...

လူအများအပြားပင် သူမ၏ လှုပ်ရှားမှုတွေကို

ရှင်းရှင်းလင်းလင်း မမြင်နိုင်ခဲ့ပေ။

တင်းရှောက်ယောင် လည်း လဲ့လင် ကို

စိုက်ကြည့်ရင်း အလွန်ထိတ်လန့်သွားသည်။

သူမက လဲ့လင်းကို ငုံ့ကြည့်ကာ တဖန်

ယန်ယဲ့ကို စိုက်ကြည့်၍စိတ်ထဲမှ ရေရွတ်ရင်း "

သူမက ယန်ယဲ့ ရဲ့တရားမဝင်သမီးများလား?"

လဲ့လင် ရွှေးဟောင်းဒိုမိန်းမြို့ထဲသို့
ရောက်ရှိသွားကြောင်း မြင်သောအခါ
ယန်ယဲ့သည် သူ့လက်ကို ဝှေ့ယမ်းကာ
မြင့်မြတ်နယ်မြေ ၏ပါရမီရှင်များကနေ
ဖန်တီးထားသည့် ဓားအစေခံ ၅ ဦးနှင့် ကျန်
ဓားအစေခံ ၁၀ ဦးကို ထုတ်လိုက်သည်။

ရှောင်ယုရှီ နှင့် ကျန်မိန်းမပျို နှစ်ဦးလည်း
ယန်ယဲ့ ကို စိုက်ကြည့်လိုက်ကြပြီး
ထို့နောက်တွင် မြင့်မြတ်နယ်မြေ မှ
အခြားအဖွဲ့ဝင်များဆီသို့ ခုန်ဝင်သွားကြသည်။

ရှောင်ယုရှီ နှင့် အခြားသူများ တိုက်ခိုက်နေသည်ကို မြင်တွေ့ပြီးနောက် တင်းရှောက်ယောင် က ရုတ်တရက် အမိန့်ပေးလိုက်လေသည်။ "အခု မြို့ကို ကာကွယ်ဖို့ မလိုတော့ဘူး။ အားလုံးပဲ တိုက်ခိုကခဖို့ ထွက်လာကြ!”

“သတ်!” ရှေးဟောင်းဒိုမိန်းမြို့ကနေ ပြင်းထန်သော အော်ရာများနှင့်

မရေမတွက်နိုင်သည့် ကျင့်ကြံသူများ
တဟုန်ထိုး ပြေးထွက်လာကြသည်။

ထို့နောက် တိုက်ခိုက်မှုမျိုးစုံကို
ကိုယ်စီထုတ်ဖော်၍
မြင့်မြတ်သောဟန်အင်ပါယာ
၏စစ်သည်များထံသို့ တိုက်ရိုက်
ပြေးဝင်သွားကြတော့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်
သူ၏ညာလက်ဝါးကိုတစ်ချက်လှည့်ကာ

သစ်သားဓား ကို ထုတ်ယူ၍
ဆုပ်ကိုင်လိုက်သည်။
ပတ်ဝန်းကျင်မှ လူတိုင်းကို ကြည့်လိုက်ရင်း
“ကောင်းပြီ၊ ငါ့ရဲ့တောင်ပိုင်းနယ်မြေက
မဟုတ်တဲ့သူတွေ တစ်ယောက်မကျန်
အကုန်သေရမယ်" ဟုအေးစက်လှသော
အသံဖြင့် အော်ဟစ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ့ခန္ဓာကိုယ်ကနေ
ကြောက်မက်ဖွယ် ဓားအငွေ့အသက်များ နှင့်
အဆင့် ၁၀ ဓားစိတ်ဆန္ဒ ထွက်ပေါ်လာပြီး
ရှေ့သို့ ပြန့်နှံ့သွားပါတော့သည်။

...၆၈၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၈၂ - မြေကမ္ဘာအဆင့် ဓားစိတ်ဆန္ဒ Vs မြေကမ္ဘာအဆင့် ဆေဘာစိတ်ဆန္ဒ

" အဆင့် ၁၀ ဓားစိတ်ဆန္ဒ ?" ယောင်ယဲ့၏မျက်လုံးများက စိတ်ဝင်စားမှုကြောင့် တဖျပ်ဖျပ်ဖျပ်ခတ်လျက် “မဆိုးပါဘူး။ မင်းရဲ့

ဓားစိတ်ဆန္ဒ က အဲဒီငပိန်း ကျူးဒန်ဖုန်း ထက် အများကြီး သာတယ်။  ဆန်းကြယ်တိုက်ကြီး က မင်းလို ပါရမီရှင်တစ်ယောက် မွေးထုတ်ပေးနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

အစ်ကို လော့!  ဘေးနားကနေပဲ တိုက်ပွဲကို ကြည့်ပါ။ ဝင်မစွက်ဖက်ပါနဲ့။ မဟုတ်ရင် ငါ့ကို စော်ကားရာ ရောက်လိမ့်မယ်!”

ထိုစကားပြောပြီးသည်နှင့် ယောင်ယဲ့ ၏ခန္ဓာကိုယ်ကနေ ကြောက်စရာကောင်းသော ဆေဘာစိတ်ဆန္ဒ ကြိုးမျှင်တစ်ချောင်း ထွက်ပေါ်လာသည်။

"အဆင့် ၁၀ ဆေဘာစိတ်ဆန္ဒ" လော့ကျန်း
၏အမူအရာလည်း
အနည်းငယ်ပြောင်းလဲသွားပြီး
ခဏတာတုံ့ဆိုင်းနေပြီးမှ
နောက်ပြန်ဆုတ်သွားလိုက်သည်။

သူ့စိတ်ထဲ မြင့်မြတ်နယ်မြေ ၏ပါရမီရှင်များကို
အလွန် လေးစားနေမိသည်။
အထူးသဖြင့် ဤယောကျ်ား မိန်းမ မဟုတ်သည့်
ယောင်ယဲ့ ပင်။

သို့သော် ယန်ယွဲ့ သည် အားနည်းသူမဟုတ်ပေ။ လော့ကျန်း သည် သူ့စိတ်ထဲ  အတော်လေး စိုးရိမ်နေသေးသည်။

"သူ့ရဲ့တိုက်ခိုက်မှုအရှိန်ကို သတိထားပါ။" ထိုအချိန်တွင် အလောင်းကောင်ဘိုးဘေးက ယန်ယွဲ့ နှင့် မလှမ်းမကမ်းမှာရပ်နေရင်း လှမ်း၍ သတိပေးလာသည်။

ယန်ယွဲ့သည် ခေါင်းညိတ်လိုက်ရင်း သူ့ဝတ်ရုံရှည်အောက်မှာ

နဂါးအကြေးခွံတချို့ပေါ်လာသည်ကိုမည်သူမှ
သတိမထားမိလိုက်ပေ။

သူသည် မည်သည့်ပြိုင်ဖက်ကိုမျှ
လျှော့တွက်ခဲ့ပေ။ ပြိုင်ဖက်ကို
လျှော့တွက်ခြင်းဟာ အလွန်မိုက်မဲသော
လုပ်ရပ်တစ်ခုပင်မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင်
အဖြူရောင်အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက် ယန်ယဲ့

၏ရင်ဘတ်မှဝတ်ရုံစက
ပြုတ်တောက်သွားခဲ့လေသည်။

ယန်ယဲ့ ၏ခန္ဓာကိုယ်က အနည်းငယ်
သာတုန်ခါသွားပြီး
နောက်ပြန်ဆုတ်လိုက်ရခြင်းမရှိပေ။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ လော့ကျန်း
၏မျက်လုံးများ
ကျဉ်းမြောင်းသွားလေတော့သည်။
ယန်ယဲ့ က ပို၍ပင်
သန်မာလာသည်မဟုတ်ပါလား?

ထိုအချိန်တွင် ယောင်ယဲ့ ၏အမူအရာကလည်း အနည်းငယ် ပြောင်းလဲသွားပါသည်။

သူသည်လည်း ယန်ယဲ့ ဟာ သူ့တိုက်ခိုက်မှု ကို ခုခံနိုင်မည်ဟု မထင်ထားမိပေ။

ယောင်ယဲ့ သည် သူ့ရှေ့မှ ယန်ယဲ့ ကို ကြည့်နေရင်း လေးနက်လာကာ လက်ထဲက ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

ယန်ယဲ့ ၏ မျက်နှာပေါ်တွင် လေးနက်မှုတစ်ခု ပေါ်လာသည်။

သူ့ရှေ့မှ ယောကျ်ားမဟုတ် မိန်းမ မဟုတ်သော လူငယ် ၏တိုက်ခိုက်မှုသည် မျက်စိဖြင့်ပင် မမြင်နိုင်လောက်အောင် အလွန်လျင်မြန်လွန်းလှသည်။

တိုက်ခိုက်ခြင်းမခံရခင် သူ့အနေဖြင့် လုံးဝ တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

"အခု ငါ့အလှည့်!" ယန်ယဲ့ သည် အေးစက်စက် ပြောလိုက်ပြီးနောက် ညာခြေကိုတစ်ချက်စောင့်နင်းကာ ရှေ့သို့ လျှပ်တစ်ပြက် ခုန်ထွက်လာသည်။

သူ့လက်ထဲက သစ်သားဓားကို ညင်သာစွာ
ဝှေ့ယမ်းလိုက်ပြီး မရေမတွက်နိုင်သော
ဓားချိုကြိုးများက ကောင်းကင်နှင့်
မြေပြင်ကိုပင် ဖုံးလွှမ်းသွားကာ ယောင်ယဲ့ ဆီသို့
ဦးတည်သွားလေသည်။

ယောင်ယဲ့ က အေးစက်စက် ရေရွတ်ပြီး
သူ၏ဓားတိုကို လျင်မြန်စွာဆွဲထုတ်လိုက်သည်။
ထို့နောက် ဆေဘာချိုလှိုင်းတစ်ခု
ဖြန်းခနဲပေါက်ကွဲထွက်ကာ ယန်ယဲ့
၏ဓားချိုကြိုးများနှင့် တိုက်မိသည်။

ဘန်း!

မရေမတွက်နိုင်သော ဓားချီ နှင့် ဆေဘာချီများက ပတ်ပတ်လည်သို့ ဖြန်းခနဲ ထွက်ပေါ်လာပြီး ၎င်းတို့ပတ်ဝန်းကျင် မီတာ ၃၀၀ ခန့် မြေပြင်သည် ပြင်းထန်စွာ တုန်ခါသွားကာ အော်ဟာစ်သံများလည်း ပဲ့တင်ထပ်လာလေသည်။

သစ်သားဓားနှင့်ဓားတို က တစ်ခုနှင့်တစ်ခု ခုတ်ပိုင်းလိုက်ကြသည်။

၎င်းတို့ တိုက်မိသည်နှင့် စက်ဝိုင်းသဏ္ဍာန်

ဓားချီလှိုင်းများ ချက်ချင်း

ပေါက်ကွဲထွက်လာပြီးကြောက်မက်ဖွယ်

စွမ်းအင်လှိုင်းများကြောင့် နှစ်ဦးစလုံး မီတာ

၆၀၀ အကွာထိ လွင့်ပြန်ထွက်လာခဲ့၏။

ယောင်ယဲ့ သည် သူ့လက်က

အနည်းငယ်တုန်ခါသွားသဖြင့် မျက်လုံးထဲမှာ

လေးနက်မှုတစ်ခု တောက်ပလာသည်။

နောက်အခိုက်အတန့်တွင် သူ့ပုံရိပ်က ဖျတ်ခနဲ

ပျောက်ကွယ်သွားပြီး ယန်ယဲ့ ရှေ့မှာ

ပြန်ပေါ်လာသည်။ တစ်ချိန်တည်းမှာပဲ
သူ့လက်ထဲက ဓားတို ဖြင့် ယန်ယဲ့
၏လည်ပင်းကို ပြင်းထန်စွာ
ထိုးသွင်းလိုက်ပါသည်။

ကလန်!

သူ၏ဓားတို က ယန်ယဲ့
လည်ပင်းကိုထိုးသွင်းလိုက်သောအခါ
မီးပွားများ ဖျန်းခနဲ ထွက်ကျသွားသည်။

ယန်ယဲ့ သည် တိုက်ပွဲမစခင်က

နဂါးအကြေးခွံကို ထုတ်ဖော်၍ သူ့ခန္ဓာကိုယ်ကို

ကာကွယ်ထားခြင်းဖြစ်သည်။

၎င်းသည် သာမန်

နတ်နဂါးအကြေးခွံများမဟုတ်ဘဲ

အဆင့် ၁၀ ဓားစိတ်ဆန္ဒ နှင့်

ပေါင်းစပ်ထားသည့် တာအိုရတနာလက် ဖြင့်ပင်

မထိုးဖောက်နိုင်ပေ။

ယောင်ယဲ့ က ထိတ်လန့်သွားပြီး

နောက်ပြန်ဆုတ်ရန် ပြင်လိုက်စဉ်မှာပဲ ယန်ယဲ့

ဓါးသစ်သားဓားက သူ့ရင်ဘတ်အား ထိုးသွင်းလိုက်ပါတော့သည်။

ဘုန်း!

ယောင်ယဲ့ ဓါးခန္ဓာကိုယ်က မီတာ ၃၀၀ ကျော်ထိပင် လွင့်ပျံသွားပြီး သူ့ရင်ဘတ်မှာ တစ်စက်စက်စီးကျနေသည့် ဓားဒဏ်ရာတစ်ခုလည်း ရှိနေသည်။

လော့ကျန်း သည်
ဤမြင်ကွင်းကိုမြင်လိုက်သောအခါတွင်
မျက်နှာတစ်ခုလုံး မှုန်ကုပ်ကုပ်ဖြစ်သွား၏။

ယန်ယဲ့သည် တစ်ချက်တည်းဖြင့် ယောင်ယဲ့ ကို
ဒဏ်ရာရသွားစေလိမ့်မည်ဟု မထင်ထားမိပေ။

လော့ကျန်း က "အစ်ကို ယောင်! သူနဲ့
အနီးကပ်တိုက်ပွဲမှာ မတိုက်ခိုက်နဲ့။ မဟုတ်ရင်
မင်း အားနည်းသွားလိမ့်မယ်။"

ယောင်ယဲ့ က သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး
သူ့ရင်ဘတ်ပေါ်မှ သွေးများကို သုတ်လိုက်ပြီး

နမ်းရှုံ့လိုက်သည်။ သူက “သွေး…. ဟားဟား!
ငါနောက်ဆုံးသွေးမထွက်တာ
ဘယ်လောက်ကြာပြီလဲ။ ငါ့အတွက်
စွန့်ပစ်ခံကမ္ဘာလို့ ထင်ထားတဲ့ ဒီနေရာလေးမှာ
ငါတကယ် သွေးထွက်လိမ့်မယ်လို့
ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။
ယန်ယဲ့! နင်ငါ့ကို စိတ်ဆိုးအောင်လုပ်ခဲ့တာ
အောင်မြင်တယ်။ တစ်ခုတော့ ပြောခွင့်ပြုပါ။
အဲဒီ အကျိုးဆက်က အရမ်းပြင်းထန်တယ်!”

"ယောက်ျားက ယောက်ျားလိုပဲ
ပြုမူသင့်တယ်!" ယန်ယဲ့ က

လှောင်ပြောင်လိုက်၏။ "မင်း မိန်းကလေး
ဖြစ်ချင်ရင် အဲဒါကို ဖြတ်လိုက်။
ယောက်ျားမဟုတ် မိန်းမ မဟုတ်က ငါ့ကို
အတော်လေး ရွံစရာဖြစ်စေတယ်။
မင်းရဲ့လက်ရှိရုပ်ရည်က တကယ်ကို
ရွံရှာစရာကောင်းတာကို မင်းမသိဘူးလား။"

လော့ကျန်း ၏မျက်ခွံများပင်လျှင်
တဆတ်ဆတ်လှုပ်ယမ်းသွားသည်။
ဒီ ယန်ယွဲ့ က အဲဒီ လူကို လုံးဝ
စော်ကားလိုက်တာလား? ဒါပေမဲ့ ယန်ယွဲ့
ပြောတာလည်း အဓိပ္ပါယ်ရှိတယ်...။"

ယောင်ယဲ့ ၏မျက်နှာက ချက်ချင်းပင်
ညှိုးကျသွားသည်။
သူ့ဘဝတွင် အမုန်းဆုံးအရာက သူ့အကြောင်း
လူတိုင်း
လျှောင်ပြောင်ပြောဆိုနေကြသည်ကိုပင်။
အဘယ်ကြောင့်ဆိုသော် ဤအရာသည် သူ
သူ့ဘဝတစ်လျှောက်လုံး နာကျင်ရသည့်
နေရာတစ်ခု ဖြစ်နေသောကြောင့်ပါ။
အဓိက အကြောင်းအရင်းမှာ
လွန်ခဲ့သည့်နှစ်အနည်းငယ်က

လျှို့ဝှက်အဆင့်မြင့်နည်းစနစ်တစ်ခုအား
လေ့ကျင့်ခဲ့သောကြောင့် ဖြစ်သည်။

ဤနည်းစနစ်ကို လေ့ကျင့်ရန် ပထမဆုံး
လိုအပ်ချက်က ကိုယ့်ကိုယ်ကို
သင်းကွပ်ပစ်ရန်ပဲဖြစ်သည်။

"ဘာလဲ?" ယန်ယဲ့ က အေးစက်စွာ ရယ်မောပြီး
"ငါပြောတဲ့အထဲမှာ တစ်ခုခုမှားနေလို့လား?
မင်းက အပြင်မှာ ယောက်ျားနဲ့တူပေမယ့် မင်းရဲ့
အကျင့်စရိုက်နဲ့ အကျင့်က မိန်းမဆန်တယ်။
ဒါဆို မင်းက ရွံမုန်းစရာကောင်းတဲ့
အမှိုက်တစ်စ မဟုတ်ဘူးလား"

"မင်းက သေလှမ်းရှာတာဘဲ!" ယောင်ယဲ့ က လုံးဝကို မျက်နှာပျက်သွားကာ သူ့လက်ထဲက ဓားတို ဆွဲထုတ်ကာ ပိုင်းချလိုက်သည်။

တွမ်....

ကျယ်လောင်သော ဓားမြည်သံနှင့်အတူ မရေမတွက်နိုင်သော ဆေဘာကြိုးများ ပေါက်ကွဲထွက်ကာ ယန်ယဲ့ ဆီသို့ ဖြာထွက်လာသည်။

ဆေဘာအလင်းတန်းများ တလက်လက်တောက်ပလာပြီးနောက် လေထဲတွင် ဓားမြှောင် ၅,၀၀၀ နီးပါး ပေါ်လာ၏။

ထို့အပြင် ဓားမြှောင် ၅,၀၀၀ က တစ်ခုနှင့်တစ်ခုတစပ်တည်း ချိတ်ဆက်နေပြီး ရောဓားတန်းတစ်ခုအဖြစ်ပြောင်းလဲသွားပါသ ည်။

သို့သော် ယောင်ယဲ့ သည် သူ့ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး နေရာမှာပင် မလှုပ်မယှက်ဘဲ ရပ်နေဆဲပါ…။

ပတ်ဝန်းကျင်က မရေတွက်နိုင်သော
ကျင့်ကြံသူများလည်း ဤမြင်ကွင်းကြောင့်
အံ့သြသွားကြသည်။

ယန်ယဲ့ ၏မျက်လုံးများသည်
ကျဉ်းမြောင်းလာကာ သူ့နှလုံးသားကနေ
စိတ်ဆန္ဒတစ်ခုကို ထုတ်ဖော်လိုက်သည်။

ထို့နောက် သူ့နောက်ကျောတွင်
သိုင်းလွယ်ထားသည့်
အနက်ရောင်သက်စောင့်ဓားကနေ
ဓားအလင်းတန်း များ လင်းလက်ကာ

မရေမတွက်နိုင်သော ဓားမြောက်များစွာ
ထွက်ပေါ်လာခဲ့သည်။

အဆင့် ၁၀ ဓားစိတ်ဆန္ဒ နှင့်
ပေါင်းစပ်ထားသည်ဖြစ်ရာ
ဓားမြောက်များစွာက
အလွန်ကြောက်မက်ဖွယ်စွမ်းအားများ
ထုတ်လွှတ်နေပြီး ရှေ့မှ
အာကာသဟင်းလင်းပြင် ပင်လျှင် ပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။
ဓား ၁၀၀,၀၀၀ က ရှေ့သို့ တစ်ပြိုင်နက်တည်း
လွင့်မျောလာပြီး ရှေးဟောင်းဒိုမိန်းမြို့၏

အထက်ကောင်းကင်မှာ
ရောမဓားပိုက်ကွန်ကြီးသဖွယ်
လွှမ်းခြုံထားသည်။

ဤမြင်ကွင်းကား အလွန်
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မြင်ကွင်းတစ်ခုပါ။

အုန်း!

...ဗြဲ

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၈၃ - ရွေးချယ်မှုများ

"ဒါပေမဲ့ မင်းရဲ့ဓားနဲ့ အရှိန်က ငါ့အတွက် အသုံးမဝင်ဘူး၊ ဒါဆို ...!" ယန်ယဲ့ သည် ယောင်ယဲ့ ကိုငုံ့ကြည့်ရင်း အေးစက်စွာ ရယ်မောလိုက်ပြီး နောက်တစ်ကြိမ် ထပ်မံ၍ တိုက်ခိုက်လိုက်သည်။

ဘုန်း

ယောင်ယဲ့ နှင့် ယန်ယဲ့ တို့နှစ်ဦးလုံးက
မြေပြင်ပေါ် ပြုတ်ကျလာပြီး
ရောမပေါက်ကွဲသံကြီး မြည်ဟီးသွားလေသည်။

ကလန်!

မြေအောက်ကနေ မရေမတွက်နိုင်သော
တိုက်ခိုက်သံများ ပဲ့တင်ထပ်လာ၏။

အုန်း!

ရုတ်တရက် ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက် မြေပြင်သည် အဆက်မပြတ် ပြိုကျလာသည်။

မကြာခင်မှာပဲ မြို့အပြင်ဖက် ၃ ကီလိုမီတာနီးပါးအကွာရှိ ရေယာက တိုက်ရိုက် ပြိုကျသွား၏။

ဘုန်း!

မြေပြင်မှ လူရိပ်တစ်ခု ပျံထွက်လာသည် ။

ယောင်ယဲ့ ပဲ !

လော့ကျန်း အပါအဝင်
မြင့်မြတ်သောဟန်အင်ပါယာ နှင့်
မြင့်မြတ်နယ်မြေက အဖွဲ့ဝင်များ အားလုံး
ဝမ်းသာသွားကြသည်။

တင်းရှောက်ယောင် နှင့် အခြားမိန်းမပျိုများ
၏မျက်နှာများက ချက်ချင်း ဖြူဖျော့သွားသည်
။

"ဟားဟား!" မြင့်မြတ်သောဟန်အင်ပါယာ
ဖက်ခြမ်းရှိ မရေတွက်နိုင်သော ကျင့်ကြံသူများ
အားလုံး ရယ်မောကာ
အော်ဟစ်လိုက်ကြပါသည်။

ယန်ယဲ့ သေဆုံးပြီးသည်နှင့် ဗဟိုနယ်မြေ က
သေချာပေါက် အနိုင်ရမည်မဟုတ်ပါလား။
ထို့ကြောင့်ပင် လူတိုင်း
စိတ်လှုပ်ရှားပျော်ရွှင်နေကြလေသည်။

အခြားတစ်ဖက်တွင်မူ တောင်ပိုင်းနယ်မြေမှ
အဖွဲ့ဝင်များသည် မျက်လုံးများတွင်

ထိတ်လန့်တကြား အမှုအရာများ
ပြည့်နှက်နေကာ လူသေများကဲ့သို့
ဖြူဖျော့သွားခဲ့သည်။

"ငါအရှုံးပေးတယ်…။" ရုတ်တရက်
တောင်ပိုင်းနယ်မြေ
၏အောက်ခြေစစ်သည်အချို့
လက်နက်ချကြောင်း အော်ဟစ်၍ ဗဟိုနယ်မြေ
၏အင်အားစုများဆီသို့ ပြေးဝင်သွားကြသည်။

တင်းရှောက်ယောင် သည်လည်း
ဤရုတ်တရက် အခြေအနေကြောင့်
အနည်းငယ်မျက်နှာပျက်သွားလေသည်။

ထိုအချိန်တွင် လော့ကျန်း ၏အသံသည်
ရှေးဟောင်းဒိုမိန်းမြို့အထက် ကောင်းကင်တွင်
ပဲ့တင်ထပ်နေသည်။ "ကောင်းကင်ဘုံက
ကြင်နာတတ်တယ်။ မင်းတို့ရဲ့ပြစ်မှုတွေကို
ဖြေဖျောက်ဖို့ တောင်ပိုင်းနယ်မြေ
ရဲ့ကျင့်ကြံသူတစ်ယောက်ကို သတ်နိုင်သရွေ့
ငါ့ရဲ့မြင့်မြတ်သောဟန်အင်ပါယာက

လက်နက်ချတဲ့သူတွေအားလုံးကို
ခွင့်လွှတ်ပေးလိမ့်မယ်။

အဆုံးတိုင်အောင် ခေါင်းမာမာနဲ့ ခုခံရင်
မြို့ကျတဲ့အခိုက်အတန့်က
မင်းတို့ရဲ့သက်ဆိုင်ရာဂိုဏ်းနဲ့ မျိုးနွယ်စုတွေ
ပျက်သုဉ်းသွားတဲ့ အချိန်ပဲ။"

"ငါ့ လီကလန် က လက်နက်ချဖို့ ဆန္ဒရှိတယ်...."
လော့ကျန်း ၏အသံကို ကြားလိုက်ပြီးနောက်
ပညာရှင် ၁၀ ယောက်ကျော်အုပ်စု  ရုတ်တရက်
ပြေးထွက်လာပြီး ဗဟိုနယ်မြေ၏တပ်များဆီသို့
ပျံသန်းသွားခဲ့သည်။

"ငါ့ရဲ့ဝမ်ကလန် က လူသားကေရာဇ် ကို သစ္စာခံဖို့ဆန္ဒရှိပါတယ်...။" နောက်ထပ် ပညာရှင် ၁၀ ဦးကျော်အုပ်စုကလည်း လော့ကျန်း ၏စစ်တပ်ထံသို့ ပျံသန်းသွားခဲ့သည်။

“ငါ့ရဲ့တိုင်မျိုးနွယ်….”

မကြာခင်မှာပဲ တောင်ပိုင်းနယ်မြေ ၏ မျိုးနွယ်စု ၂၀ ကျော် သစ္စာဖောက်ပြီး လော့ကျန်း ထံ လက်အောက်ခံရန် ရွေးချယ်သွားကြပါသည်။

“ဟားဟား!” လော့ကျန်း က ရှုံ့သွပ်စွာ ရယ်မောကာ ကျေနပ်ပျော်ရွှင်မှုများဖြင့် ပြည့်နေသည်။

တင်းရှောက်ယောင် ၏အမူအရာကတော့ တည်ငြိမ်နေပြီး သူမ၏အကြည့်များပင်လျှင် တုန်လှုပ်ခြင်းမရှိပေ။

“ ရှောက်ယောင်….” ထိုအချိန်တွင် တင်းကလန် မှ လူငယ်တစ်ဦး ဘေးနားမှ ပေါ်လာပြီး

တစ်ခုခုပြောချင်နေဟန်ဖြင့် စကားစလိုက်သည်။

သို့သော် တင်းရှောက်ယောင် က လူငယ် ကို အေးစက်စွာ စိုက်ကြည့်ကာ "လူမိုက်ကောင်! နင် ငါတို့ တင်းကလန် ကို တကယ်ပဲ ပျက်စီးစေချင်တာလား"

လူတိုင်း ယောင်ယှဲ့ ၏အမူအရာကို သတိမထားမိသော်လည်း သူမ ကောင်းကောင်းကြီး သတိပြုမိခဲ့သည်။

ထိုထက်ပို၍ အရေးကြီးဆုံးအရာမှာ ယန်ယဲ့
၏အချစ်တော် လေဟာနယ်မင့်ခ်ကလေး
ယခုအချိန်ထိ ထွက်ပေါ်မလာသေးပေ။

ယန်ယဲ့ အမှန်တကယ် သေဆုံးသွားလျှင်
ထိုအကောင်ငယ်လေးက ချက်ချင်းပင်
ထွက်လာပေလိမ့်မည်။
ထို့ကြောင့် တင်းရှောက်ယောင် က သူမ စိတ်ထဲ
ယန်ယဲ့ မသေသေးကြောင်း သေချာပေါက်
ယုံကြည်နေခြင်းပင်။

လူငယ်က တင်းရှောက်ယောင် နှင့်
စကားပြောနေစဉ်တွင် နောက်ထပ် မျိုးနွယ်စု
အနည်းငယ် တောင်ပိုင်းနယ်မြေမှ ထွက်ခွာကာ
လော့ကျန်း နှင့် ပူးပေါင်းခဲ့ကြသည်။

ဤမြင်ကွင်းကိုမြင်သောအခါ
လူငယ်၏မျက်လုံးထဲက
ပြင်းထန်သောအမူအရာတစ်ခု
ဖျတ်ခနဲပေါ်လာကာ "ရှောက်ယောင်! ငါတို့ရဲ့
တင်းကလန် က တောင်ပိုင်းနယ်မြေ
ပျက်စီးတဲ့အထိ မလိုက်နိုင်တော့ဘူး။ ငါ….”

လူငယ် က စကားပင်မဆုံးသေး၊
ရုတ်တရက်ဆိုသလိုပင် ဓားတစ်ချောင်းက
လူငယ်၏ဦးခေါင်းကို ထိုးဖောက်သွားသည်။
လူငယ် ကို သတ်လိုက်သူက
တင်းရှောက်ယောင် ပင်ဖြစ်သည်။
မြို့ရိုးပေါ် ရှိ အခြားလူများကလည်း
ဤမြင်ကွင်းကြောင့် အံ့အားသင့်သွားကြသည်။

တင်းရှောက်ယောင် က ဘေးနားရှိ လူတိုင်း ကို
တစ်ချက်ကြည့်လိုက်ပြီး "ရှေးဟောင်းဒိုမိန်းမြို့
ရှိနေမယ်ဆိုရင် ငါ့ရဲ့တင်းကလန်
လည်းရှိနေမယ်။ ငါ့ တင်းကလန် ထဲက

တစ်ယောက်ယောက်က လက်နက်ချဖို့ သတ္တိရှိရင် သူတို့ထဲက တစ်ယောက်ချင်းစီကို ငါသတ်ပစ်မယ်!"

“မင်း….” တင်းကလန် ၏အဖွဲ့ဝင်တစ်ဦးက ဒေါသထွက်သွားသည်။ သူက တစ်ခုခုပြောရန် ပြင်နေသော်လည်း တင်းရှောက်ယောင် ၏အကြည့်အား သတိထားမိလိုက်ရာ နှလုံးသားတစ်ခုလုံး အေးခဲသွားပြီး မည်သည့်စကားမှ မပြောရဲတော့ပေ။

တင်းရှောက်ယောင် သည် တင်းကလန်
၏သခင်မလေး ဖြစ်သည့်အပြင် နောက်ထပ်
ဂုဏ်ပုဒ်တစ်ခုလည်း ရှိနေပါသည်။

ထိုအရာက ရှေးဟောင်းဒိုမိန်းမြို့
တပ်မဟာတစ်ခုလုံး ၏တပ်မှူးချုပ် ဖြစ်သည်။

သိုင်းကေရာဇ် များ ကိုယ်တိုင် သူမ
နောက်ကနေ ထောက်ခံပေးထားသည်ဖြစ်ရာ
ဤအချိန်တွင် သူမ၏
စကားတစ်ခွန်းတည်းဖြင့်ပင်

စစ်တပ်ကြီးတစ်ခုလုံးအား
အမိန့်ပေးနိုင်ပေသည်။

"မိန်းမပျို တင်း!" ဤအခိုက်တွင် လော့ကျန်း က
ရှေးဟောင်းဒိုမိန်းမြို့ အထက် ကောင်းကင်တွင်
ပေါ်လာပြီး ရုတ်တရက် "တောင်ပိုင်းနယ်မြေက
သေချာပေါက် စစ်ရှုံးသွားပြီ။ မိန်းမပျို တင်း က
တင်းကလန် တစ်ခုလုံးကို
တောင်ပိုင်းနယ်မြေမှာ မြှုပ်နှံဖို့
ရည်ရွယ်ထားတာများလား?
 မိန်းမပျို တင်း သာ လက်နက်ချဖို့
ဆန္ဒရှိနေသရွေ့ဖြစ်ခဲ့တဲ့အရာတွေကိုမေ့ပြီး

မူလအတိုင်းဖြစ်ရမယ်လို့ ငါလော့ကျန်း ကတိပေးတယ်။

ဒါ့အပြင် တင်းကလန် က မင်းမဲ့စရိုက်သမုဒ္ဒရာမှာ မူလအဆင့်အတန်းထက် သာလွန်တဲ့ ဂုဏ်ပုဒ်ကိုရနိုင်မယ်။"

ဤစကားသံကြောင့် ပတ်ဝန်းကျင်ရှိ တင်းကလန် ၏အဖွဲ့ဝင်အားလုံးနီးပါး ချက်ချင်း သွေးဆောင်ခံလိုက်ရသည်။

သို့သော် တင်းရှောက်ယောင် က လုံးဝ လှုပ်ရှားခြင်းမရှိသဖြင့် လူတိုင်း ထပ်ပြီး အသံထွက်မလာရဲကြပေ။

ဤအချိန်မှာပဲ တင်းရှောက်ယောင် က

အေးစက်စွာပြောလိုက်ပါသည်။

"ရှေးဟောင်းဒိုမိန်းမြို့တော် ရှိနေမယ်ဆိုရင် ငါ့ရဲ့

တင်းကလန် ကလည်း ရပ်တည်နေမယ်။

ပျက်စီးသွားမယ်ဆိုရင် ငါ့ တင်းကလန်

လည်းအတူတူပဲ။"

လော့ကျန်း ၏မျက်လုံးများက အနည်းငယ်

မှေးကျဉ်းသွားလေသည်။

သူက စကားထပ်ပြောရန် ပြင်လိုက်စဉ် ကောင်းကင်ထက်ကနေ ဓားအလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ ဓါပုံရိပ် လူတိုင်းရှေ့ ပေါ်လာခဲ့သည်။

"ဟားဟား!! ရေခဲနှင်းဆီ! မင်းဒါတွေအကုန်လုံး ငါ့အသက်ရှင်နေတယ်ဆိုတာ သိလို့ ငါကြားအောင် ရည်ရွယ်ပြီးပြောတာလား။" ယန်ယဲ့ ဓါပုံရိပ်က မြို့၏အထက် ကောင်းကင်မှာ ပေါ်လာပြီး တင်းရှောက်ယောင် ကို ငေးကြည့်ရင်း တဟားဟား ရယ်မောလိုက်သည်။

အမှန်စင်စစ် သူက ယောင်ယဲ့ နောက်
မြေအောက်ထဲကနေ ထွက်လာရန်
ပြင်နေပြီဖြစ်သည်။

သို့သော် တောင်ပိုင်းနယ်မြေမှ အင်အားစုများ
လက်နက်ချသံကို ကြားလိုက်ရသဖြင့်
ချက်ချင်းမထွက်သေးဘဲ ရပ်ပြီး
နားထောင်နေခဲ့၏။

ရှေးဟောင်းဒိုမိန်းမြို့မှာ သစ္စာမရှိသူ
မည်မျှရှိသည်ကို သူလည်း သိချင်သွားမိသည်။

သို့သော် အဖြေကို ရှာတွေ့ရုံမျှသာ ရှိသေးသည်ဟု တွေးနေရင်းပင် သူ့စိတ်ထဲ တုန်လှုပ်သွားမိသည်။ဤကဲ့သို့ အရေးကြီးအခိုက်အတန့်မှာ လက်နက်ချသူများ အများအပြားရှိလိမ့်မည်ဟု သူ ထင်မထားခဲ့မိပေ။

မည်သို့ပင်ဖြစ်စေ သူ့ဘေးနားမှ 'ပေါင်းပင်များ' အားလုံးကို ရှင်းပစ်ရန် သူ့အတွက် အကောင်းဆုံးအခွင့်အရေး ဖြစ်လာခဲ့သည်။

...၆၈၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၈၄ - ရွေးချယ်မှုများကြပြီ

ယန်ယဲ့ ကိုတွေ့လိုက်သောအခါ

ပတ်ဝန်းကျင်ရှိလူတိုင်း

အံ့အားသင့်သွားကြလေသည်။

လော့ကျန်း ၏မျက်နှာပေါ် ရှိ အပြုံးသည်

ချက်ချင်း အေးခဲသွားခဲ့သည်။

တစ်ဖက်တွင်မူ တောင်ပိုင်းနယ်မြေကို
သစ္စာဖောက်ခဲ့သူအားလုံး၏ မျက်နှာများသည်
ချက်ချင်းပင် ဖျော့တော့သွားလေသည်။

ယန်ယဲ့ အသက်ရှင်နေသေးတာလား?

ဤစကားလုံးက ၎င်းတို့စိတ်ထဲ စွဲထင်နေသည့်
တစ်ခုတည်းသော အတွေးပါ…။

ဤအခိုက်တွင် မရေမတွက်နိုင်သောလူများက
ယောင်ယဲ့ ကို လှည့်ကြည့်လိုက်မိကြသည်။

ယောင်ယဲ့ ဧါခန္ဓာကိုယ်ဟာ
မရေမတွက်နိုင်သောဒဏ်ရာများဖြင့်
ဖုံးလွှမ်းနေသည်ကို
သတိပြုမိလိုက်ကြလေသည်။

တစ်ဖက်မှာ ယန်ယဲ့ ပတော့ ဝတ်ရုံရှည်
ပျက်စီးသွားရုံက လွဲ မည်သည့်ဒဏ်ရာမှ
မရှိခဲ့ပေ။

မြင့်မြတ်သောဟန်အင်ပါယာမှ စစ်သည်များ၊
စစ်ဖက်ဆိုင်ရာအရာရှိများ နှင့်
တောင်ပိုင်းနယ်မြေကို သစ္စာဖောက်ခဲ့သူများ၏

နှလုံးသားများဟာ အောက်ဆုံးအထိ
နစ်မြုပ်သွားသည်။

တင်းရှောက်ယောင် ဟာ ယန်ယဲ့ ကို
မြင်သည့်အခါ သူမစိတ်ထဲ သက်သာရာရစွာ
သက်ပြင်းချလိုက်၏။

အစောပိုင်းက သူမဟာ ကြီးမားသည့်
အလောင်းအစားတစ်ခု ပြုလုပ်ခဲ့ခြင်းပင်။

ယန်ယဲ့ သာအမှန်သေဆုံးသွားလျှင် သူမ၏
ဆုံးဖြတ်ချက်က တင်းကလန် ကို သေချာပေါက်
မြှုပ်နှံပြီးသားဖြစ်သွားပေမည်။

ကံကောင်းစွာဖြင့် နောက်ဆုံးတွင် ယန်ယဲ့ မသေခဲ့ပေ။

ယန်ယဲ့ က စကားဆက်ပြောရန် ပြင်နေချိန်မှာပဲ စုချင်းရှီ နှင့် ရှောင်ယုရှီတို့က သူ့ရှေ့မှာ ရုတ်တရက်ပေါ်လာပြီး နှစ်ယောက်စလုံး သူ့ကို ဖက်ထားလိုက်ကြသည်။

ဤအချိန်တွင် သူမတို့နှစ်ဦး သူ့အား မည်မျှစိတ်ပူနေမှန်း သိလိုက်ရသဖြင့် ယန်ယဲ့ ၏စိတ်ထဲမှာ နာကျင်သွားမိသည်။

ယန်ယွဲ့ ဟာ နှစ်ယောက်လုံးကို ရင်ခွင်ထဲ ဆွဲပွေ့လိုက်ကာ ဖြေသိမ့်ပေးရန်ပြင်လိုက်၏။

ရုတ်တရက် သူ့ခေါင်းကို လှည့်ကြည့်လိုက်ရာ ချင်ရှီယူ က ဖြူစင်သောအပြုံးလေးနဲ့ ငေးကြည့်နေသည်ကို

သတိထားမိလိုက်လေသည်။

ယန်ယွဲ့ သည် ချက်ချင်းပင် အကူအညီမဲ့စွာသာ ရယ်မောလိုက်၏။

ဒီမိန်းမချောလေး...."

သို့သော် သူမ၏ အနည်းငယ်ဖြူဖျော့သော မျက်နှာကို သတိပြုမိသောအခါ ယန်ယဲ့ နှလုံးသားက နွေးထွေးသွားခဲ့သည်။ အတိတ်တွင် နှစ်ယောက်စလုံးက တစ်ယောက်နဲ့တစ်ယောက် တော်တော်များများ အသုံးချနေသော်လည်း ကိုယ်စီ ခံစားချက်များရှိနေပေသည်။

ထိုအချိန်တွင် ရှောင်ယူရှီ နှင့် စုချင်းရှီ တို့လည်း သတိဝင်လာပြီး ရှက်ရွံ့သွားကြသည်။

ရှောင်ယုရှီက  ခေါင်းကို အနည်းငယ်ငုံ့ကာ နှုတ်ဆိတ်နေချိန်တွင် စုချင်းရှီ ကတော့ တိတ်ဆိတ်ငြိမ်သက်နေ၏။

စုချင်းရှီ က ချင်ရှီယူ ကို တစ်ချက်ကြည့်လိုက်သော်လည်း မည်သည့်စကားမှမပြောဘဲ ယန်ယဲ့ အား "သတိထားပါ!" သူမစကားပြောပြီးသည်နှင့် ရှောင်ယုရှီ နှင့်အတူ ရှေးဟောင်းဒိုမိန်းမြို့သို့ ချက်ချင်းပြန်သွားခဲ့သည်။

ချင်ရှီယူ က ယန်ယဲ့ ၏ ပါးပြင်ကို ပုတ်ပြီး ရယ်မောလိုက်သည်။ "သတိထားပါ။ နင်သေရင် ငါ နင့်ကို ဦးထုပ်စိမ်း ငါစောင်းခိုင်းမယ်!" စကားပြောပြီးသည်နှင့် သူမလည်း ရှေးဟောင်းဒိုမိန်းမြို့ဆီသို့ ပျံသန်းသွားပါတော့သည်။

ယန်ယဲ့ သည် ခေါင်းယမ်းကာ ပြုံးပြပြီးနောက် ယောင်ယဲ့ ကို စိုက်ကြည့်ရင်း " စိတ်ပျက်စရာကောင်းလိုက်တာ။ ငါတို့အဲဒီမှာ ဆင်းရင်းနဲ့ မင်း သေခြင်း၊ရှင်ခြင်း ဆုံးဖြတ်မယ်လို့ ငါထင်ခဲ့တယ်၊ ဒါပေမဲ့

မင်းတကယ်ထွက်ပြေးမယ်လို့ မမျှော်လင့်ခဲ့ဘူး။ ကျူးဒန်ဖုန်း က မင်းထက် အားနည်းနေပေမယ့် သူက ယောက်ျားအစစ်ဖြစ်နေတုန်းပဲ။ မင်းကတော့ လုံးဝမဟုတ်ဘူး!”

ထိုစကားကြောင့် ပတ်ဝန်းကျင်ရှိလူတိုင်း အံ့သြသွားကြသည်။

ယောင်ယဲ့ က တိုက်ပွဲမှာ ရှုံးနိမ့်ခဲ့တာလား...?

လော့ကျန်း ၏မျက်လုံးများ က တဖြည်းဖြည်း ကျဉ်းမြောင်းလာပါသည်။

ယောင်ယဲ့ မြေအောက်ကနေ
အရင်ဆုံးထွက်လာသည်မှာ
ထွက်ပြေးလာသည်ဟု သူ မထင်ထားခဲ့ပေ။

ယန်ယဲ့ က ပို၍
ကြောက်စရာကောင်းလာသည်မဟုတ်ပါလား။

ဤအချက်ကို တွေးလိုက်သောအခါ လော့ကျန်း ၏မျက်နှာက ထိတ်လန့်တုန်လှုပ်သော အမူအရာများ ပေါ်လာလေသည်။

" ငါက လူသားကောင်းပါ။ ငါက ကမ္ဘာကို ကိုယ်စားပြုတယ်။ ဒါဆို ဘာကြောင့် ဒီလိုအဆုံးမဲ့ ကံကြမ္မာဆိုးတွေနဲ့ တွေ့ဆုံရတာလဲ။ ဘာကြောင့်လဲ?

ယောင်ယဲ့ ၏အမူအရာလည်း အလွန်ဆိုးရွားလှသည်။

အဘယ်ကြောင့်ဆိုသော် သူ့အမြန်နှုန်းက ယန်ယဲ့ ရှေ့မှာ အသုံးမဝင်သောကြောင့်ပင်။

ထို့အပြင် ယန်ယဲ့ ၏အကာအကွယ်ခွန်အားက
သူထင်ထားသည်ထက်ပင်
ကျော်လွန်နေခဲ့သည်။
သို့တည်းမဟုတ် မြင့်မြတ်နယ်မြေ က ယန်ယဲ့
အပေါ် လျော့တွက်ခဲ့သည်ဟု ဆိုရပေမည်။

အုန်း!

ထိုအချိန်တွင် ရောမပေါက်ကွဲသံကြီးတစ်ခု
ကောင်းကင်ကနေ ပဲ့တင်ထပ်ကာ တိုက်ကြီးကို
လွှမ်းခြုံသွားပြီးနောက်

တောင်ပိုင်းနယ်မြေတစ်ခုလုံး ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့လေသည်။

ထို့နောက်တွင် လူသေအလောင်းတချို့
ကောင်းကင်ကနေ ပြုတ်ကျလာသည်ကို
လူတိုင်း ထိတ်လန့်တုန်လှုပ်စွာ
မြင်လိုက်ကြရသည်။

လော့ကျန်း၊ ယောင်ယဲ့ အပါအဝင်
အခြားသူများလည်း ထိုအလောင်းများကို
မြင်သောအခါ အကြီးအကျယ်
တုန်လှုပ်သွားခဲ့ကြသည်။

အကြောင်းမှာ ဤအလောင်းများက
မြင့်မြတ်သောဟန်အင်ပါယာနှင့် မြင့်မြတ်နယ်မှ
ပညာရှင်များဖြစ်နေသောကြောင့်
၎င်းတို့မျက်နှာတွင် ဆိုးရွားသောအမူအရာများ
ထွက်ပေါ်လာလေသည်။

တစ်ဖက်တွင် ယန်ယဲ့ ဖက်မှ ကျင့်ကြံသူများ၊
တောင်ပိုင်းနယ်မြေ ၏စစ်သည်များ အားလုံး
သက်ပြင်းချလိုက်ကြသည်။

အကြီးအကဲမူ က
ဝိုင်းရံတိုက်ခိုက်ခံနေရသည့်တိုင်

ဖိအားပေးခံရခြင်းမရှိဘဲ ရန်သူများကိုပါ
သတ်ဖြတ်ပစ်ခဲ့သည်။

အကြီးအကဲမှူ မရှုံးသရွေ့
ချီးမြှောက်ခြင်းနယ်ကယ်ပညာရှင်များ ကို
တိုက်ခိုက်ခြင်းမပြုရဟူသော တားမြစ်ချက်က
သေချာပေါက်
အသက်ဝင်နေလိမ့်မည်ဖြစ်သည်။

ထိုသို့မဟုတ်လျှင် သူတော်စင်တစ်ပိုင်းအဆင့်
က ၎င်းအောက် နယ်ပယ်များကို

တိုက်ခိုက်လာလျှင် မည်သူမှ
တားဆီးနိုင်မည်မဟုတ်ပေ။

ယန်ယဲ့ သည်လည်း သူ့အတွေးကို ထိန်းချုပ်ကာ
ထိုသိုင်းကျေရာဇ်များ၏ အလောင်းများဆီသို့
လှည့်ကြည့်လိုက်သည်။
တစ်ချိန်တည်းမှာပဲ သူ့လက်ကိုဝှေ့ယမ်းပြီး
ရှေးဟောင်းဓားအိမ် ထဲသို့ သိမ်းယူလိုက်သည်။
လက်ရှိတွင် ရှေးဟောင်းဓားအိမ် က
သိုင်းကျေရာဇ်အဆင့် ဓားအစေခံများကို
မဖန်တီးနိုင်သော်လည်း အနာဂတ်တွင်
သေချာပေါက် ပြီးမြောက်နိုင်မည်ဖြစ်သည်။

ထို့အပြင် အရေးကြီးဆုံးမှာ သိုင်းကျေရာဇ်
အလောင်းများအနက် နှစ်ခုက အဆင့် ၉
သိုင်းကျေရာဇ်များဖြစ်သည်။

"မင်းဘယ်လိုလုပ်ဝံ့လဲ!" ယန်ယဲ့
မြင့်မြတ်နယ်မြေမှ သိုင်းကျေရာဇ်
အလောင်းများအား သိမ်းယူသွားသည်ကို
မြင်သောအခါ ယောင်ယဲ့ က
ဒေါသတကြီးအော်ဟစ်လိုက်သည်။။

ထို့နောက် သူ့လက်ထဲက ဓားတို ကို
အနည်းငယ်လှုပ်လိုက်ရာ

အဖြူရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ယန်ယဲ့ ဆီသို့ ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့သည် ထိုတိုက်ခိုက်မှုကို မရှောင်တိမ်းဘဲ သူ့ကိုယ်ပေါ်သာ ကျရောက်ခွင့်ပြုလိုက်ပါသည် ။

ဘုန်း!

သူ့ခန္ဓာကိုယ်က
အနည်းငယ်တုန်ခါသွားသော်လည်း
တလက်လက်တောက်ပနေသော

မီးတောက်များထွက်လာပြီး တစ်ကိုယ်လုံး လွှမ်းခြုံကာ ကာထားသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယောင်ယဲ့ က တုန်လှုပ်သွားပြီး အော်ဟစ်လိုက်၏။ "ဝက်ပါအစီအရင်တိုက်ခိုက်မှုကို ဖန်တီးကြ"

ဘိုင်အာ နှင့် အဝေးမှာ တိုက်ခိုက်နေသည့် မြင့်မြတ်နယ်မြေ အဖွဲ့ဝင်များလည်း အံ့သြသွားကြသည်။ "ယန်ယဲ့ က တစ်ယောက်တည်း မယှဉ်နိုင်လောက်အောင် အစွမ်းထက်နေတာလား?"

မြင့်မြတ်နယ်မြေ ၏ မြင့်မြတ်အစောင့်တပ်တွင် အဖွဲ့ ၁၀ ဖွဲ့ ရှိပြီး၊ အဖွဲ့တစ်ခုစီတွင် အဖွဲ့ဝင် ၁၀ ယောက် ရှိသည်။

အဖွဲ့တစ်ခုချင်းစီကို ကိုယ်ပိုင် တိုက်ခိုက်ရေးဝက်ပါအစီအရင်နည်းစနစ်များ ပေးအပ်ထားကြသည်။

ထိုနည်းစနစ်များက ရှေးဟောင်းနည်းစနစ်များဖြစ်ပြီး

နယ်ခြားမိစ္ဆာများကို တိုက်ခိုက်ရန်
ပြင်ဆင်ထားကြခြင်းပင်။

Book.37